ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

**စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။**

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday 26 January 2019 ၉၅၄၃

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှော်ဘီနှင့်လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှု

**ရန်ကုန် ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

**ကြိုဆိုနှုတ်ဆက်**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KG တန်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားသင်ယူနေမှု၊ ကျောင်းသင်ခန်းစာ စာအုပ်တွင် ၎င်းတို့နှစ်သက်ရာ ပန်းချီများ ရေးဆွဲထားရှိမှုနှင့် ကျောင်းသားကျောင်းသူများကိုယ်တိုင် ဆန်းသစ်တီထွင်ဖန်တီးထားသည့် စက္ကူချိုးအရုပ်ကားချပ်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သတ္တမတန်း၊ ဆဋ္ဌမတန်း၊ ပဉ္စမတန်း၊ စတုတ္ထတန်း၊ တတိယတန်း၊ ဒုတိယတန်း စာသင်ခန်းတို့တွင် ကျောင်းသား

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်သာယာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားနေမှုအခြေအနေကို ရင်းရင်းနှီးနှီး မေးမြန်းစဉ်။

> **"အနာဂတ်မြန်မာ့ပညာရေးလောကတွင် ကျောင်းဆရာ ကျောင်းဆရာမ အချိုးအစား မျှတစေရေးအတွက် ကျောင်းသားများအနေဖြင့် နိုင်ငံတော်ကို များစွာအကျိုးပြုနိုင်ပြီး ပညာဝေငှပေးနိုင်သည့် ကျောင်းဆရာအလုပ်ကိုပါ အနာဂတ်ပန်းတိုင် ရည်မှန်းချက်အဖြစ် ထည့်သွင်းမျှော်မှန်းထားရှိရေး မှာကြား"**

**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်နိမိတ်ကို နိုင်ငံတကာ နယ်နိမိတ်ဟူ၍ သုံးနှုန်းခဲ့ခြင်းသည် မှားယွင်းမှုမရှိဘဲ နိုင်ငံတကာကျင့်ထုံးအရ မှန်ကန်တိကျသည့် အသုံးအနှုန်းဖြစ်**

စာမျက်နှာ » ၆



**ရပ်ကွက်၊ ကျေးရွာ အခြေခံသမဝါယမအသင်းများ၏ စီးပွားရေးလုပ်ငန်းနှင့် အသင်းပိုင်ရင်းနှီးပစ္စည်းများကို သက်ဆိုင်ရာ သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် စီမံခန့်ခွဲနိုင်ခွင့်ရှိ**

စာမျက်နှာ » ၆





ကြေးမုံ

## စိုက်ပျိုးစီးပွား တောင်သူများအကျိုးစီးပွား

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ ဧရိယာ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ရှေးအစဉ်အဆက်က မြန်မာနိုင်ငံ၌ လယ်ယာစီးပွားဖြင့် လူမှုဘဝတိုးတက်ကောင်းမွန်ခဲ့သည်။ လယ်ယာလုပ်ငန်းပြီးလျှင် အလှူအတန်း၊ ကောင်းမှုကုသိုလ်များဖြင့် ချမ်းမြေ့ပျော်ရွှင်ဖွယ်ရှိခဲ့သည်။

နောက်ပိုင်းကာလတွင် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးဒဏ်ခံရမှု၊ သီးနှံဈေးကွက်မတည်ငြိမ်မှု၊ သီးနှံဖြစ်ထွန်းမှု၊ ပျက်စီးမှု စသည့် နောက်ဆက်တွဲအကြောင်းအမျိုးမျိုးတို့ကြောင့် စိုက်ပျိုးစီးပွားလုပ်ငန်းများ ထိခိုက်နစ်နာမှုများရှိလာခဲ့သဖြင့် လယ်ယာလုပ်ငန်းခွင်၊ လယ်ယာစီးပွား မတည်ငြိမ်မှုများနှင့် ကြုံတွေ့လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွက် အဓိကကျသည့် စီးပွားရေးမဏ္ဍိုင် မထိခိုက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရသည်။

တောင်သူလယ်သမား ဦးကြီးများ၏ လယ်ယာလုပ်ငန်းခွင်တွင် အစဉ်အဆက် အနှောင့်အယှက်ပေးနိုင်သည့်အချက်မှာ သီးနှံဖျက်၊ လယ်ယာဖျက် ပိုးမွှားအန္တရာယ်ဖြစ်သည်။ လယ်ယာဖျက်ပိုးအမျိုးမျိုးရှိသည့်အနက် လတ်တလောတွင် ငမြှောင်တောင်ဖျက်ပိုး ကျရောက်မှုကို တောင်သူလယ်သမားများ ကြုံတွေ့နေရသဖြင့် ယင်းကိုအချိန်မီ ဝိုင်းဝန်းတားဆီးကာကွယ်ပေးကြရမည် ဖြစ်သည်။

ငမြှောင်တောင်ပိုးဆိုသည်မှာ ဥမှပေါက်သော ပိုးလောက်ကောင်သည် အရွက်အစိမ်းသားများကို ခြစ်စားရာမှ အကောင်ကြီးလာသော် အပင်အစိတ်အပိုင်းများကို အပင်ငုတ်တိုကျန်အောင် ဆက်လက်ကိုက်ဖြတ် စားသောက်သော ပိုးမွှားကောင် ဖြစ်သည်။ ငမြှောင်တောင်ပိုးသည် သီးနှံဖျက်ပိုးများတွင် ကြောက်မက်ဖွယ်ကောင်းသော ပိုးမွှားတစ်မျိုးဖြစ်ပြီး ၎င်းတို့ကိုက်ဖြတ်ခြင်းခံရသည့် အပင်များမှာ နွားစားထားသကဲ့သို့၊ တံစဉ်ဖြင့် ရိတ်ထားသကဲ့သို့ တွေ့ရလေသည်။

ယခုလက်ရှိတွင် ဖြစ်ပွားမှုအမြန်ဆုံး ဖော+ငမြှောင်တောင်ပိုး ကျရောက်မှုမှာ ဧရာဝတီတိုင်းဒေသကြီး၌ အများဆုံးဖြစ်နေသည်ဟု သိရသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆေးဖျန်းပုံးများ ကူညီပံ့ပိုးပေးပြီး ပက်ဖျန်းဆေးများ၊ နည်းပညာပစ္စည်းများကို စိုက်ပျိုးရေးကုမ္ပဏီအချို့၏ ကူညီပံ့ပိုးမှုဖြင့် တောင်သူလယ်သမားများ ဝိုင်းဝန်းကာကွယ် တားဆီးနေကြသည်။

အဆိုပါပိုးမှာ ၂၀၁၆ ခုနှစ်က အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ကျရောက်ခဲ့ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံဘက်သို့ ကူးလာခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလက မြင်းခြံမြို့နယ်တွင် ကျရောက်ခဲ့ပြီး ယခု ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာဧကတစ်သိန်းကျော်တွင် တွေ့ရှိခြင်းဖြစ်သည်။ ယခုပိုးမွှားသည် ပြောင်းပင်များတွင် ကျရောက်ခြင်းဖြစ်ပြီး အဖျက်စွမ်းအားမှာ ယခင်ကြုံဖူးသည်ထက် မြန်ဆန်နေသဖြင့် ယခုထက် ပိုမိုကျယ်ပြန့်လာခြင်းမရှိစေရန် ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်သွားရမည်ဖြစ်သည်။

ထို့ကြောင့် ပိုးမွှား၏ထူးခြားချက်ကို သိထားသင့်သည်။ ပိုးလောက်ကောင်များသည် နံနက်စောစောနှင့် ညအချိန်များတွင် အပင်ကိုဖျက်ဆီးပြီး နေ့အချိန်များတွင် မြေကြီးထယ်ခဲများအောက်၌ ခိုအောင်းနေလေ့ရှိသည်။ ကာကွယ်နှိမ်နင်းနည်းမှာ ပေါင်းမြက်များကို ရှင်းလင်းရန်၊ ထယ်ထိုးမြေလှန်၍ ကန်သင်းပါရှုပ်ရန်၊ ဥမြုံများနှင့်ပိုးလောက်ကောင်များကို ဖျက်ဆီးရန်၊ မီးထောင်ချောက်ထွန်း၍ ဖလံများကို ဖမ်းယူရန်နှင့် ဥကပ်ပါး နကျယ်တို့ကို လွှတ်ပေးနိုင်ရန် ဖြစ်သည်။ နံနက်နှင့် ညနေပိုင်းတွင် ထိသေ စားသေဆေးများကို ထိရောက်စွာ ပက်ဖျန်းပေးကြရန် အသိပေးအပ်ပါသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးစွမ်းအားများကို ထိခိုက်ဖျက်ဆီးစေနိုင်ပြီး စိုက်ပျိုးထုတ်ကုန်ထွက်ရှိမှုများ ကျဆင်းစေနိုင်သည့် အဖျက်မြန်သော ယခုကဲ့သို့ ငမြှောင်တောင်ပိုး ကျရောက်မှုကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး မြန်မြန်ဆန်ဆန် တိုက်ဖျက်နှိမ်နင်းကြရန် တိုက်တွန်းအပ်ပါသည်။ သို့မှသာ စိုက်ပျိုးစီးပွား မထိခိုက်ဘဲ တောင်သူလယ်သမားများနှင့် စားသုံးသူပြည်သူများ အဆင်ပြေမည်ဖြစ်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံ' မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ' ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့်လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၁၈-၂၀၁၉) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**သယ်ပိုးထမ်းရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အစဉ်ကြိုးစားအားထုတ်ရန်၊ ခေါင်းဆောင်ကောင်းတစ်ယောက်၏ အင်္ဂါရပ်နှင့်အညီ ပြုမူဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို သယ်ပိုးထမ်းရွက်ရန်နှင့် သင်တန်းမှ သင်ကြားပေးသည့် ဘာသာရပ်များကို အကျိုးရှိစွာ လေ့လာဆည်းပူးပြီး အသုံးချရန် လိုအပ်ကြောင်း ပြောကြားသည်။

**စာတွေ့၊ လက်တွေ့သင်ကြား**

အဆိုပါသင်တန်းသို့ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အရာထမ်း ၉၀ တက်ရောက်ကြပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊ ဒေသအလိုက် စီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်းစီမံကိန်းများရွေးချယ်ခြင်းနှင့် စိစစ်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်ခြင်း (M&E)၊ 2008 SNA အရ Supply & Use Table အပေါ် အခြေခံ၍ ကဏ္ဍအလိုက် ပြောင်းလဲတွက်ချက်မှု၊ Multidimensional Welfare Analysis စသည်တို့ကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ရှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

ဥတုရာသီ တောကိုမှီ၏

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရန်ကုန်(ရွှေဈေး) ၁၀၅၃၀၀၀ - ၁၀၅၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၃၀၀၀ - ၁၀၅၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၅/၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၅/၈၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၀/၆၈၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၂.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၆၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၃၅၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၉.၇၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၆၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၅.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၈၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၅.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၆.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး အနာဂတ်တွင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် အာဟာရပြည့်ဝစွာ စားသုံးကြရေး၊ အစားအစာကို လေလွင့်မှုမရှိစေရန် စနစ်တကျ စားသောက်ကြရေးနှင့် စာကို ကြိုးစားသင်ယူရေးတို့ကို မှာကြားကာ ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းစာကြည့်တိုက်တွင် မိဘဆရာအသင်းမှ ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး ကျောင်း၏လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မှော်ဘီမြို့ရှိဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၉ ဦးတို့ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းလွန်ကျောင်း KG တန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူလေးများ၏ အရုပ်များပြုလုပ်ထားမှုအခြေအနေကို မေးမြန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်သာယာမြို့နယ် အမှတ်(၁၉) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားနေမှုအခြေအနေကို ရင်းရင်းနှီးနှီး မေးမြန်းစဉ်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်း (၂) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး အဌမတန်း၊ သတ္တမတန်းနှင့် ဆဌမတန်း စာသင်ခန်းတို့တွင် ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားသင်ယူနေမှုနှင့် ကျောင်းပရဝဏ်အတွင်း ကျောင်းသား ကျောင်းသူများကိုယ်တိုင် စိုက်ပျိုးထားသည့် သစ်ခွခြံကို ကြည့်ရှုအားပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး ကျောင်း၏လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လက်ရှိကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၈၉ ဦး ပညာသင်ကြားလျက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၁၄ ဒသမ ၉၉ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၁၉ ဒသမ ၂၉ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၁၉ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် မြဝတီလမ်းဆုံရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး KG တန်း၊ ဒုတိယတန်းနှင့် စတုတ္ထတန်း စာသင်ခန်းတို့တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတွင် KG တန်းမှ ဒသမတန်းအထိ လက်ရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၁၀၀ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ လှိုင်သာယာမြို့နယ် (၂)ရပ်ကွက် ဗထူး(၈) လမ်းရှိ အမှတ်(၁၉) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး KG တန်းနှင့် ပထမတန်းတို့တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုနှင့် ၎င်းတို့ကိုယ်တိုင် ဆန်းသစ်တီထွင် ဖန်တီးထားသည့် စက္ကူချိုး အရုပ်ကားချပ်များကိုလည်းကောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းပြင်ပ ပညာရေးသင်ကြားပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းသား ကျောင်းသူများ၏ ဝါသနာနှင့် အနာဂတ်ပန်းတိုင် ရည်မှန်းချက်များနှင့် ပညာရည်ပိုမိုတိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များကို မေးမြန်းကာ ကျောင်းစာကြည့်တိုက်တွင် စာပေဗဟုသုတ ရှာမှီးဖတ်ရှုလေ့လာရေး၊ ဉာဏစွမ်းရည်သာမက ကာယစွမ်းရည်ပါ တိုးတက်မြင့်မားစေရေးအတွက် အားကစားကို အချိန်ပေးလေ့ကျင့်နိုင်စေရေး၊ စာကိုကြိုးစားသင်ယူရုံသာမက မြန်မာစာပေကဗျာများ၏ အနှစ်သာရနှင့် အတွေးအခေါ်အယူအဆများကို နားလည်သဘောပေါက်အောင် ကြိုးပမ်းသင်ယူရေး၊ အနာဂတ်မြန်မာ့ပညာရေးလောကတွင် ကျောင်းဆရာ ကျောင်းဆရာမ အချိုးအစားမျှတစေရေးအတွက် ကျောင်းသားများအနေဖြင့် နိုင်ငံတော်ကို များစွာအကျိုးပြုနိုင်ပြီး ပညာဝေငှပေးနိုင်သည့် ကျောင်းဆရာအလုပ်ကိုပါ အနာဂတ်ပန်းတိုင် ရည်မှန်းချက်အဖြစ် ထည့်သွင်းမျှော်မှန်းထားရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းလွန်ကျောင်း စာကြည့်တိုက်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များဖြစ်ကြသည့် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ဒေါက်တာအေးဇံနှင့် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ (တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်မြို့) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**○ ဒုတိယသမ္မတမှ**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ထိုင်းနိုင်ငံ ပရာကျွပ်ခီရီခန်ခရိုင်မှ ဒုတိယခရိုင်ဝန် မစ္စတာ ဖိရမ်နစ်ထရာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အလှူရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆုများချီးမြှင့်သွားမည်**

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် MSMEs လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကျင်းပခဲ့ရာ



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs )၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

ပထမအကြိမ်ကို မန္တလေးမြို့၌ လည်းကောင်း၊ ဒုတိယအကြိမ်ကို မကွေးမြို့၌လည်းကောင်း၊ တတိယအကြိမ်ကို ပုသိမ်မြို့၌ လည်းကောင်း၊ စတုတ္ထအကြိမ်ကို တောင်ကြီးမြို့၌ လည်းကောင်း၊ ပဉ္စမအကြိမ်ကို မုံရွာမြို့၌ လည်းကောင်း၊ ဆဌမအကြိမ်ကို ပဲခူးမြို့၌ လည်းကောင်း၊ သတ္တမအကြိမ်ကို ရန်ကုန်မြို့၌ လည်းကောင်း၊ အဋ္ဌမအကြိမ်ကို မော်လမြိုင်မြို့၌ လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျင်းပသည့် MSMEs ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲသည် နဝမအကြိမ်မြောက် ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ပါဝင်နိုင်မည့် နိုင်ငံတော်အဆင့် ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး National Award ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် နဝမအကြိမ်မြောက် MSMEs ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ၏ ထူးခြားမှုတစ်ခုသည် မြန်မာနိုင်ငံတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လုပ်ငန်းရှင်များသာမက ထိုင်းနိုင်ငံမှ MSMEs လုပ်ငန်းရှင်များပါ လာရောက်ပြသကြသည်ကို တွေ့ရှိကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ MSMEs လုပ်ငန်းအချင်းချင်း ထုတ်ကုန်အရည်အသွေးများနှင့် တီထွင်ဖန်တီးမှုများကို အပြန်အလှန် လေ့လာနိုင်ခြင်း၊ တစ်ဦးလိုအပ်ချက်ကိုတစ်ဦးက ဖြည့်ဆည်းနိုင်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

**အထောက်အကူပြုစေရန်**

ယနေ့ပြပွဲ၊ ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ MSMEs များအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှ MSMEs များပါ လာရောက် ပြသသည်ကိုတွေ့ရှိရပါကြောင်း၊ ထိုသို့ လာရောက်ပြသခြင်းကြောင့် အကျိုးကျေးဇူးများစွာ ရရှိလာသည်ကို MSMEs လုပ်ငန်းရှင်များ ပိုမိုနားလည်လာကြသည်မှာ အထင်အရှားဖြစ်ပါကြောင်း၊ ယခုလို ကျင်းပသည့်နေရာတွင် လူမျိုးပေါင်းစုံ အလွှာအသီးသီး လာရောက်ကြည့်ရှု အားပေးမှုရရှိခြင်း၊ စားသုံးသူများ၏အသံနှင့် အကြံပြုချက်များကို နားထောင်နိုင်ပြီး အချိန်မီပြုပြင်နိုင်ခြင်း၊ ကြော်ငြာနိုင်ခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်ကို MSMEs လုပ်ငန်းရှင်များ လက်တွေ့သိရှိနေကြပြီ ဖြစ်ပါကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ နောက်ထပ်အစီအစဉ်တစ်ခုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြပွဲ၊ ပြိုင်ပွဲများ၌ ဆုရရှိခဲ့သည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ အသိအမှတ်ပြု အမှတ်တံဆိပ် (MSME Logo) ကို အသုံးပြုခွင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါ MSME Logo ပြိုင်ပွဲကျင်းပပြီး အကောင်းဆုံး Logo ကို ရွေးချယ်အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ MSME Logo ကို အသုံးပြုခွင့်ပေးလိုက်ခြင်းဖြင့် ဆုရရှိသည့် MSMEs Products များအပေါ် စားသုံးသူများနှင့် သုံးစွဲသူများ၏ ယုံကြည်မှုပိုမိုရရှိပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေးကို အထောက်အကူပြုစေရန်ပင်ဖြစ်ပါကြောင်း။

**ခရီးသွားများကို ဆွဲဆောင်နိုင်**

ယခုလို ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲများကို မြန်မာပြည်အနှံ့ လှည့်လည်ကျင်းပသည့်အတွက် မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးမှာရှိသည့် MSMEs များ၏ ထုတ်ကုန်များ အရည်အသွေးမြင့်မားလာပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ယခင်ထက် ပိုမိုများပြားလာခြင်း၊ ဒေသအသီးသီးတွင်ရှိသည့် ထုတ်ကုန်ကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများ အချင်းချင်းချိတ်ဆက်မှုဖြစ်လာခြင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းမှ ဆန်းသစ်တီထွင် စွန့်စားဖန်တီးမှုများဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ကမ္ဘာ့အဆင့်မီ ထုတ်ကုန်များနှင့် လုပ်ငန်းဝန်ဆောင်မှုအသွင်သို့ ပြောင်းလဲလာခြင်း၊ စားသုံးသူ၏လိုအပ်ချက်နှင့် ကြိုက်နှစ်သက်မှုကို ပိုမိုနားလည်ပြီး ဈေးကွက်ချဲ့ထွင်ကာ ကမ္ဘာ့အဆင့် တန်ဖိုးမြှင့် ထုတ်လုပ်မှုကွင်းဆက် (Global Value Chain) အတွင်း ပူးပေါင်းဆောင်ရွက်လာနိုင်ခြင်းစသည့် အကျိုးဆက်များ ရရှိလာမည်ဖြစ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁ ဒသမ ၄ သန်းကျော် နေထိုင်ပြီး ဧရိယာအားဖြင့် ၄၃၃၂၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါကြောင်း၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံနှင့် အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့နှင့် နယ်နိမိတ်ထိစပ်နေပြီး စီးပွားရေးအရလည်း ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများစွာရှိသည့် ဒေသဖြစ်ပါကြောင်း၊ မြိတ်ကျွန်းစုများတွင် အဖြူရောင်နှင့် ရွှေအိုရောင်သဘာဝပုလဲနှင့် မွေးပုလဲလုပ်ငန်းများ၊ ဝဥ၊ ကမ်းဇော်ဆီ၊ ရော်ဘာပင်နှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ၊ ငှက်သိုက်မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် ငါးပိ၊ ငါးခြောက်လုပ်ငန်းများ ပေါများလှပါကြောင်း၊ ထို့ပြင် မောင်းမကန်ပင်လယ်ကမ်းခြေ၊ ထားဝယ်ရှင်ကိုးရှင်ဘုရားများ၊ တနင်္သာရီတောင်တန်း၊ ပင်လယ်နှင့် ကျွန်းစုများစသည့် သဘာဝအလှတရားများ ပေါင်းစည်းနေသည့်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ပြီး တွင်ကျယ်လာသည့် ခရီးသွားလုပ်ငန်းများသည် တိုင်းဒေသကြီး၏ စီးပွားရေးကို များစွာ တိုးတက်စေမည်ဖြစ်ပါကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်း ပေါများလာ**

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည့် စီမံကိန်းဖြစ်ပါကြောင်း၊ ကနဦးစီမံကိန်းကာလသည် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် နှစ်လမ်းသွားကားလမ်း၊ မြို့ပြအိမ်ရာနှင့် ဆိပ်ခံတံတားတည်ဆောက်ရေးစသည့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပါဝင်သောကြောင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာမည်ဖြစ်ပါကြောင်း၊ ပေါများလာမည့် လုပ်ငန်းခွင်အသစ်များတွင် စွမ်းရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ

စာမျက်နှာ ၅ သို့ »»

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကျေနဝီသတိမအစည်းအဝေးနှင့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကျေနဝီသတိမ အစည်းအဝေးကို ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း (၂၊ ၃၊ ၄၊ ၅) ရက် ၂၀၁၉ ခုနှစ် မတ်လ (၇၊ ၈၊ ၉၊ ၁၀)ရက်၊ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ နေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း (၆၊ ၇)ရက်၊ ၂၀၁၉ ခုနှစ် မတ်လ (၁၁၊ ၁၂)ရက်၊ တနင်္လာ၊ အင်္ဂါနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၉ ခုနှစ် မတ်လ ၆ ရက် ဗုဒ္ဓဟူးနေ့ အရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်သည်။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သတ္တမအစည်းအဝေးကို ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း (၉၊ ၁၀၊ ၁၁)ရက်၊ ၂၀၁၉ ခုနှစ် မတ်လ (၁၄၊ ၁၅၊ ၁၆)ရက်၊ ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၈ ရက်၊ ၂၀၁၉ ခုနှစ် မတ်လ ၁၃ ရက် ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။

»»» စာမျက်နှာ ၄ မှ

ဝင်ရောက်နိုင်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ကြရန်လိုပါကြောင်း။

### အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေး

ဒေသတွင်း အလားအလာကောင်းသည့် လုပ်ငန်းများ စနစ်တကျတိုးချဲ့တည်ဆောက်ရန် ကမ္ဘာ့အဆင့်အတန်းမီ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်လာရန်နှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန်တို့အတွက် လိုအပ်သည့် နည်းပညာများ ပံ့ပိုးရေး၊ ရင်းနှီးမြှုပ်နှံမှုများ ရရှိရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ဈေးကွက်အသစ် ဖော်ထုတ်ပေးရေးတို့ကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် MSMEs လုပ်ငန်းရှင်များ၏ အရင်းအနှီးများ တိုးမြင့်လာစေရန်အတွက် နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသည့် ချေးငွေ၊ ဂျပန်နိုင်ငံမှရရှိသည့် JICA Two Step Loan ချေးငွေ၊ ဂျာမနီနိုင်ငံမှရရှိသည့် KfW Loan ချေးငွေစသည့် ချေးငွေအမျိုးမျိုးကို အတိုးနှုန်းသက်သာစွာဖြင့် MSMEs လုပ်ငန်းရှင်များသို့ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အပေါင်ပစ္စည်းတင်ပြရန် အခက်အခဲရှိသည့် လုပ်ငန်းရှင်များအတွက် ချေးငွေအာမခံစနစ် (Credit Guarantee Insurance-CGI) ကိုလည်း ဖော်ဆောင်ပေးထားပါကြောင်း။

### ကြိုးပမ်းအားထုတ်ကြရမည်

လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာပံ့ပိုးမှုအပိုင်းတွင် စွန့်ဦးတီထွင်မှုဆိုင်ရာ သင်တန်း၊ စီးပွားရေးလုပ်ကိုင်မှု အရည်အသွေးမြှင့်တင်ရေးသင်တန်း၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုနှင့် စားသုံးသူကာကွယ်ရေး ဆိုင်ရာသင်တန်း၊ လုပ်ငန်းစီမံချက်ရေးဆွဲရေး၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှု သင်တန်း၊ ထုတ်လုပ်မှုနည်းပညာဆိုင်ရာ လက်တွေ့သင်တန်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်ခြင်း နည်းပညာများ၊ ငါး၊ ပုစွန်၊ ရေလုပ်ငန်း အဆင့်မြှင့်တင်မှုဆိုင်ရာ နည်းပညာလွှဲပြောင်းပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်း အစီအစဉ်များကို စက်မှုဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ ဒေသဆိုင်ရာ MSMEs များ အနေဖြင့်လည်းကောင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ကြောင့် ဒေသတွင်း MSMEs များ အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြောင်းလဲတိုးတက်နေသည့် လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အတူ စားသုံးသူလိုအပ်ချက်နှင့် ကိုက်ညီသောထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားဝန်းကျင်ကို တည်ဆောက်နိုင်ရေးတို့အတွက် တာဝန်ယူမှုတာဝန်ခံမှုရှိသည့် စီးပွားရေးလုပ်ငန်းများဖြစ်လာရန်၊ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းများနှင့် ပိုမိုကျယ်ပြန့်စွာ ချိတ်ဆက်ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းသည့်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ဖြစ်လာစေရန်တို့ကို ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

အဓိကပြောကြားလိုသည်မှာ မိမိတို့၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး မြန်မာနိုင်ငံ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွား ဘဝမြင့်တက်လာစေရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်က တိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs )၏ ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယသမ္မတသည် မြိတ် အများပိုင်ကော်ပိုရေးရှင်းလီမိတက် အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် စီမံကိန်းဒါရိုက်တာ ဦးသက်စိုးက အသေးစားချေးငွေလုပ်ငန်းနှင့် လူမှုစီးပွားဖွံ့ဖြိုးရေး ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ငွေချေးသူများကိုယ်စား ငွေချေးသူတစ်ဦးက ချေးငွေရယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပြည်သူများအနေဖြင့် ချေးငွေရယူဆောင်ရွက်ကြရာတွင် ရရှိသည့် အရင်းအနှီးကို တိုးပွားအောင် စနစ်တကျသုံးစွဲကြရန်နှင့် ချေးငွေများကို မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိအသုံးချသွားကြရန်၊ ထို့ပြင် ဒေသနှင့် ကိုက်ညီသည့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ချေးငွေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ရှိ Myeik Shopping Center ၌ ကျင်းပသည့် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ (တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် ထိုင်းနိုင်ငံ ပရာကျွပ်ခီရီခန်ခရိုင်မှ ဒုတိယခရိုင်ဝန် မစ္စတာ ဖိရုမ်နစ်ထရာတို့က ပြပွဲနှင့်ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)၏ ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပုလဲကျွန်း ပုလဲမွေးမြူရေးစခန်းသို့ရောက်ရှိပြီး စခန်းအတွင်းရှိ မုတ်ကောင်များ သားဖောက်နေမှုအခြေအနေ၊ ပုလဲဝတ်ဆံသွင်းနေမှုအခြေအနေနှင့် ထွက်ရှိသည့် ပုလဲများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက ပုလဲမွေးမြူရေးစခန်းမှ ထုတ်လုပ်သည့် ပုလဲများအား နိုင်ငံတကာ ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရှာဖွေနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ ပုလဲကျွန်း ပုလဲမွေးမြူရေးစခန်းတွင် ပုလဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြစဉ်။

**ဒေသတွင်း အလားအလာကောင်းသည့် လုပ်ငန်းများ စနစ်တကျ တိုးချဲ့တည်ဆောက်ရန်၊ ကမ္ဘာ့အဆင့်အတန်းမီ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်လာရန်နှင့် ဈေးကွက် ချဲ့ထွင်နိုင်ရန်တို့ အတွက် လိုအပ်သည့် နည်းပညာများ ပံ့ပိုးရေး၊ ရင်းနှီးမြှုပ်နှံမှုများ ရရှိရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ဈေးကွက် အသစ် ဖော်ထုတ်ပေးရေးတို့ကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသ ကြီးအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်နိမိတ်ကို နိုင်ငံတကာ နယ်နိမိတ်ဟူ၍ သုံးနှုန်းခဲ့ခြင်းသည် မှားယွင်းမှုမရှိဘဲ နိုင်ငံတကာကျင့်ထုံးအရ မှန်ကန်တိကျသည့် အသုံးအနှုန်းဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့က သင်္ဂဟပိုတယ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်တို့အကြား ဝန်ကြီးအဆင့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ အစည်းအဝေးတွင် သဘောတူညီချက် (၈)ချက်ချမှတ်ခဲ့ပြီး အချက်(၄)တွင် "မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နိုင်ငံတကာနယ်နိမိတ်နှင့် မြန်မာပိုင်နက်နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုးအကြားနေထိုင်သူများ"ဟု ဖော်ပြထားပါသဖြင့် နှစ်နိုင်ငံနယ်နိမိတ်ဟု သုံးနှုန်းသင့်ပါသော်လည်း "နိုင်ငံတကာနယ်နိမိတ်"ဟု မည်သည့်အတွက်ကြောင့် သုံးစွဲခဲ့ရသည်၊ အကယ်၍ မှားယွင်းသုံးနှုန်းခဲ့သည်ဆိုပါက ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နိုင်ငံတကာ နယ်နိမိတ်ဟူသော အသုံးအနှုန်းသည် မှားယွင်းသုံးစွဲခဲ့ခြင်းလုံးဝမဟုတ်ကြောင်းကို ဦးစွာတင်ပြလိုပါကြောင်း၊ နယ်နိမိတ်တွင် ပြည်တွင်း နယ်နိမိတ် (Internal Boundary) နှင့် နိုင်ငံတကာနယ်နိမိတ် (International Boundary)ဟူ၍ နှစ်မျိုးရှိပါကြောင်း။


ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်


မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်


ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး

ပြည်တွင်းနယ်နိမိတ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတွင်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၂ ခုကို ခွဲခြားသတ်မှတ်ခြင်းနှင့် နိုင်ငံတကာနယ်နိမိတ်ဆိုသည်မှာ တစ်နိုင်ငံထက်ပိုသည့် နိုင်ငံနှစ်နိုင်ငံကို ခွဲခြားပိုင်းခြားသတ်မှတ်ခြင်းတို့ ဖြစ်ပါကြောင်း၊ ၁၉၆၆ ခုနှစ်တွင် မြန်မာနှင့်ပါကစ္စတန် ချုပ်ဆိုခဲ့သည့် နတ်မြစ်ပုံသေ နယ်နိမိတ် သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အပိုင်း(၁)တွင် နတ်မြစ်အပိုင်း နိုင်ငံတကာနယ်နိမိတ်ကို သတ်မှတ်သည်ဟု ဖော်ပြရာတွင် နိုင်ငံတကာ နယ်နိမိတ် အသုံးအနှုန်းကို သုံးစွဲခဲ့ပါကြောင်း။

၁၉၉၈ ခုနှစ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်မြောက်ဘက်ကုန်းနယ်နိမိတ် အပိုဒ် (၅)အပိုဒ်ခွဲ(၁)တွင် နိုင်ငံတကာနယ်နိမိတ်သည် ချန်ဂိုင်းချောင်း၏ ရေလယ်ကြောအတိုင်းသွားသည်ဟု ဖော်ပြထားရာတွင် နိုင်ငံတကာနယ်နိမိတ်ဟူ၍ အသုံးအနှုန်းကိုသာ တိကျစွာ ထည့်သွင်းသုံးနှုန်းထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့အတူ ၂၀၁၄ ခုနှစ် မေ ၈ ရက်တွင် ချုပ်ဆိုခဲ့သည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၏ အပိုဒ်(၆)တွင် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်း၏ တစ်ဖက်တစ်ချက် (၁၀) မီတာအတွင်း မည်သည့်အဆောက်အဦမျှ ဆောက်လုပ်ခြင်းမပြုရဟု ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ချုပ်ဆိုထားရှိသည့် နယ်နိမိတ်စာချုပ်များတွင် နှစ်နိုင်ငံအကြား နယ်နိမိတ်ကို နိုင်ငံတကာနယ်နိမိတ်ဟု သုံးနှုန်းထားသည်ကို တွေ့ရှိရသကဲ့သို့ အခြားသော နိုင်ငံများ၌လည်း သက်ဆိုင်ရာ နှစ်နိုင်ငံအကြား သတ်မှတ်ထားသည့် နယ်နိမိတ်ကို နိုင်ငံတကာနယ်နိမိတ် (International Boundary) အဖြစ် ရည်ညွှန်းသုံးနှုန်းလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်နိမိတ်ကို ရည်ညွှန်းပြောဆိုခဲ့ရာတွင် နိုင်ငံတကာ နယ်နိမိတ်ဟူ၍ သုံးနှုန်းခဲ့ခြင်းသည် မှားယွင်းမှုမရှိဘဲ နိုင်ငံတကာကျင့်ထုံးအရ မှန်ကန်တိကျသည့် အသုံးအနှုန်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပတ်သက်သည့် မေးခွန်းများ ဖြေကြား

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၏ **ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ်ဆေးရုံတို့၌ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခုတင် ၂၀၀ ရှိပြီး အထူးကုဘာသာရပ် ၁၇ မျိုးရှိပါကြောင်း၊ အထူးကု ၁၄ ဦးကို ခန့်ထားပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင်

**စာမျက်နှာ ၇ သို့**

# ရပ်ကွက်၊ ကျေးရွာ အခြေခံသမဝါယမအသင်းများ၏ စီးပွားရေးလုပ်ငန်းနှင့် အသင်းပိုင် ရင်းနှီးပစ္စည်းများကို သက်ဆိုင်ရာ သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် စီမံခန့်ခွဲနိုင်ခွင့်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၊ ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်၏ **ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံသမဝါယမအသင်းတို့၏ အသင်းပိုင်မြေများ၊ အဆောက်အဦများကို ရပ်ကွက်၊ ကျေးရွာများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၃ ခုနှစ် သမဝါယမအသင်း နည်းဥပဒေ အပိုဒ် ၇၀၊ အပိုဒ်ခွဲ(က)တွင် **အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသည် သမဝါယမအသင်း၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး သမဝါယမအသင်း၏ ကိစ္စအဝဝကို အပြီးသတ်ဆုံးဖြတ်နိုင်ခွင့်ရှိသည်** ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နည်းဥပဒေအရ ရပ်ကွက်၊ ကျေးရွာ အခြေခံသမဝါယမအသင်းများ၏ စီးပွားရေးလုပ်ငန်းနှင့် အသင်းပိုင် ရင်းနှီးပစ္စည်းများကို သက်ဆိုင်ရာ သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သာ စီမံခန့်ခွဲနိုင်ခွင့်ရှိသည့် အခြေအနေ ဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးလှကျော်


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ

၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေပုဒ်မ (၂၅)၊ (ဂ)၊ (စ) နှင့် (ဆ)တွင် **တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို မလုပ်ကိုင်သော သမဝါယမအသင်း၊ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် တောင်းဆိုသည့် သမဝါယမအသင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရန် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့် သမဝါယမအသင်း** များကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သည်ကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ သမဝါယမအသင်း ဥပဒေပုဒ်မ ၂၅ သည် အသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် ပြဋ္ဌာန်းချက်ပါအတိုင်း တည်ဆဲဥပဒေနှင့် မညီညွတ်သည့် လုပ်ငန်းလုပ်နေသော အသင်း၊ အသင်း၏အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်အရ အသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရန် တောင်းဆိုသည့်အသင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရန် အခြားလုံလောက်သည့် အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့် အခြေအနေများတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာ အခြေခံသမဝါယမအသင်းများ၏ အသင်းသားများအနေဖြင့် မိမိတို့အသင်းပိုင် စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးပစ္စည်းများ စီမံခန့်ခွဲခြင်းကို မိမိတို့အသင်း၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## သောင်ပြင်စားကျက်အင်း ပြန်လည်တူးဖော်ပေးရန် လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေ လျာထား ဆောင်ရွက်ပေးသွားမည်

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် သောင်ပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၈၂) တိုင်တမော့ကွင်းရှိ တိမ်ကောပျက်စီးနေသော စားကျက်အင်း (၆ ဒသမ ၅၁)ဧကကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးလှကျော်က သောင်ပြင်စားကျက်အင်း ပြန်လည်တူးဖော်ပေးပါက သောင်ပြင်ကျေးရွာအုပ်စုအတွက် လိုအပ်သော ရေပမာဏကို တစ်နှစ်ပတ်လုံးရရှိနိုင်မည် ဖြစ်ပါကြောင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက ရေအလွယ်တကူ ရရှိနိုင်ခြင်းနှင့် နွေရာသီတွင် ရွာအတွင်းရှိ ရေတွင်းများ ရေခန်းခြောက်ခြင်းကို ကာကွယ်နိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့သော် စားကျက်အင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် ရန်ပုံငွေ လျာထားပါဝင်ခြင်း မရှိသည့်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထား၍ ရန်ပုံငွေရရှိမှုနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

❍ စာမျက်နှာ ၆ မှ
ရောဂါဗေဒဆရာဝန်တစ်ဦးကို ခန့်ထားမည်ဖြစ်ပါကြောင်း၊ ဇန်နဝါရီ ၂၈ ရက်မတိုင်ခင် မေ့ဆေးဆရာဝန်တစ်ဦးကို ပေးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုက်နယ်ဆေးရုံပေါင်း ၇၄၅ ရုံရှိပါကြောင်း၊ ၂၅၀ နီးပါးတွင် ဆရာဝန်မရှိသေးပါကြောင်း၊ မကြာမီတွင် ဆရာဝန်ပေါင်း ၁၀၀၀ ကျော်ခန့် အလုပ်ဝင်ရန်ရှိပါကြောင်း၊ လုပ်ငန်းအတွေ့အကြုံရှိပြီးသော ဆရာဝန်များကို တိုက်နယ်ဆေးရုံသို့ ပို့မည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလအတွင်းတွင် မိမိအနေဖြင့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

## ညောင်တုန်းပြည်သူ့ဆေးရုံ (၃)ထပ် လူနာဆောင်အသစ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၏ **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုသရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သော ညောင်တုန်းပြည်သူ့ဆေးရုံ (၃) ထပ် လူနာဆောင်အသစ်အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မည်သည့်အချိန်ကာလတွင် ပြီးစီးအောင် တည်ဆောက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့(၃)ထပ်လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား အမြန်ဆုံးပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တော်ဝင်အောင်မြေကုမ္ပဏီမှ တင်ပြလာသည့် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ညှိနှိုင်းခဲ့ပါကြောင်း၊ ပြန်လည်ဆောက်လုပ်ရေးလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေနှင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးက **နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သောအာရုံများမှ ကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် အဆို၏ရည်ရွယ်ချက်မှာ အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်ပြီး တိုက်တွန်းအားပေးဖော်ဆောင်ပေးနိုင်ရန်၊ နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ကျန်းမာကြံ့ခိုင်လန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေး၊ သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးနှင့် မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သောအာရုံများမှ ကင်းလွတ်သက်သာစေရေးတို့ ဖြစ်ပါကြောင်း။

ကျင့်သုံးနေဆဲ ဥပဒေဘောင်အတွင်းမှ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လူထုအားကစား၊ ပြိုင်ပွဲဝင်ထူးချွန်အားကစားတို့ကို လုပ်ငန်းစဉ်တစ်ခုချင်းအတွက် အကောင်အထည်ဖော်ပေးနိုင်ပါရန်၊ သာမန်အသုံးစရိတ်၊ ဝန်ကြီးဌာနများမှ ထူးချွန်အားကစားသမားများကို ဝန်ထမ်းတစ်နေရာခန့်ထားရန် အသုံးစရိတ်၊ အားကစားကွင်းအတွက် အားကစားပစ္စည်း စသည့် Facility များအတွက် ငွေလုံးငွေရင်းအသုံးစရိတ် စသည်တို့ကို အမျိုးသားစီမံကိန်းဖြင့် အသေးစိတ်အစီအစဉ်များကို ရေတိုရေရှည် မျှော်မှန်းချက်များနှင့် ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းရှိနေမှသာ ဘတ်ဂျက်တောင်းခံလျာထားနိုင်သကဲ့သို့ ထိုက်တန်စွာအသုံးချမှုလည်း ဖြစ်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ရေရှည်ရင်းနှီးမြှုပ်နှံမှုထဲမှ သိသာပေါ်လွင်ပြီး အချိန်ကာလတစ်ခုအတွင်း အကျိုးအမြတ်ပြန်ရစေမည့် မိမိ၏ မျိုးဆက်သစ်များမှ မိဘ ဘိုးဘွားအထိ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး စိတ်ပိုင်းဆိုင်ရာ ယုံကြည်မှုများ ဖြစ်လာစေမည်ဖြစ်သောကြောင့် အဆိုအားတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်စိုးဝင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က ဖတ်ကြားတင်သွင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဌာနေအထူးကိုယ်စားလှယ်နှင့် အမေရိကန်သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Burgener အား ယနေ့နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr.Scot Marciel အား**(ယာပုံ)** မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ကုလသမဂ္ဂဌာနေအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပမှ မှန်ကန်စွာနားလည်သိမြင်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ စသည်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို လန်ချန်း- မဲခေါင် ဒေသတွင်းနိုင်ငံများရှိ အမွေအနှစ်နေရာဒေသများ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

လန်ချန်း-မဲခေါင် ဒေသတွင်းနိုင်ငံများရှိ အမွေအနှစ်နေရာဒေသများ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လန်ချန်း-မဲခေါင် ဒေသတွင်းနိုင်ငံများရှိ အမွေအနှစ်နေရာဒေသများ၏ စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာ ဗဟုသုတများ၊ အတွေ့အကြုံများ၊ ကောင်းမွန်သောအလေ့အကျင့်များကို မျှဝေရန်၊ ယဉ်ကျေးမှုအဖွဲ့အစည်းများ ကွန်ရက်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန်၊ မဲခေါင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသစီမံခန့်ခွဲရေးတွင် ပါဝင်ဆောင်ရွက်သူများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းအား အကောင်အထည်ဖော် ဆောင်ရွက်ရေးတွင် အထောက်အကူပြုရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ အမွေအနှစ်ဒေသများ စီမံခန့်ခွဲခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းနှင့် အဆင့်မြှင့်တင်ရာတွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံနှင့်လူမျိုးတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာ ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ အမွေအနှစ်ဒေသများ စီမံခန့်ခွဲနေသည့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားထားပါကြောင်း ပြောကြားသည်။

**အိမ်ရှင်အဖြစ် လက်ခံကျင်းပ**

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသူများက ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ အခမ်းအနား ပြင်ဆင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး၊ သတင်းများ အချိန်မီထုတ်ပြန်နိုင်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

လန်ချန်း-မဲခေါင်ဒေသတွင်းနိုင်ငံများရှိ အမွေအနှစ်နေရာဒေသများ၏ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ပုဂံမြို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**မနီလာ ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ Presidential Communications Operations Office (PCOO) တို့အကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ Presidential Communications Operations Office (PCOO) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး Jose Ruperto Martin M. Andanar တို့ လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာ (MoU) ကို အပြန်အလှန် လဲလှယ်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး Jose Ruperto Martin M. Andanar နှင့် ဖိလစ်ပိုင်နိုင်ငံ သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့်ပုဂ္ဂိုလ်များသည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် နှစ်နိုင်ငံ သတင်းပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲနှင့် ဆွေးနွေးပွဲအခမ်းအနားများသို့ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်၊ ဖိလစ်ပိုင်ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီးများဖြစ်ကြသော Atty. Marvin R. Gatpayat၊ George A. Apacible နှင့် Loraire T Badoy နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်စက်ရုံနှင့် သတင်းစာတိုက်များအား စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်ရှိ ဆေးခန်းနှင့် ဝန်ထမ်းများအတွက် အပန်းဖြေနားနေခန်း ဖွင့်လှစ်ထားမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ သင်တန်းခန်းမ၊ စာကြည့်တိုက်၊ ပုံနှိပ်စီစဉ်ရေးဌာန၊ ကွန်ပျူတာသင်တန်းခန်းမနှင့် ပုံနှိပ်စက်ဟောင်းများပြတိုက် ဖွင့်လှစ်ရန် ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မူကြိုကျောင်းသို့ ရောက်ရှိပြီး ကလေးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပြင်ပကလေးကစားကွင်း၊ ဖူဆယ်ဘောလုံးကွင်း၊ ဘော်လီဘောကွင်းနှင့် ပိုက်ကျော်ခြင်းကွင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းအိမ်ရာများနှင့် လူပျိုဆောင်၊ အပျိုဆောင်များ၊ ဝန်ထမ်းသက်သာဆိုင်နှင့် ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချပေးမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံတွင် ပညာရေးဝန်ကြီးဌာနအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်မှုနှင့် ထုပ်ပိုးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်တို့ရှိ သတင်းခန်းနှင့် ပုံနှိပ်စက်တို့အား ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်အတွင်းရှိ မူကြိုကျောင်းသို့ရောက်ရှိပြီး ကလေးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ဘိုးဝဇီရခန်းမ၌ တွေ့ဆုံပြီး အခြေအနေအရ ဝန်ထမ်းများနှင့် မကြာခဏတွေ့ဆုံခွင့် မရရှိသော်လည်း ယခုကဲ့သို့ တွေ့ဆုံခွင့်ရရန် အစဉ်သဖြင့် ဆန္ဒရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ပွင့်လင်းစွာတင်ပြကြမှသာ ဆောင်ရွက်နိုင်သည်များကို အမြန်ဆုံး၊ အဖြစ်နိုင်ဆုံး လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ကျန်းမာရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရေး၊ ဝန်ထမ်းအချင်းချင်း ရင်းနှီးချစ်ခင်စွာ၊ စည်းလုံးညီညွတ်စွာ၊ ပျော်ရွှင်စွာဖြင့် လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရေး၊ လိုအပ်ချက်နှင့် အခက်အခဲများရှိက ပွင့်လင်းစွာတင်ပြဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်တို့က ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ဘူးသီးတောင်မြို့သို့ သွားရောက်သတင်းရယူ



**မောင်တော ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် သတင်းရယူရန် ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပ သတင်းဌာနများဖြစ်သည့် Tokyo Shinbum, The Mainichi Newspaper, Sankei Shimbum, Nippon TV, TBS , AFP, Wall Street Journal, MI Radio, MITV, MRTV နှင့် MNA တို့မှ သတင်းမီဒီယာသမားများသည် ယနေ့တွင် ဘူးသီးတောင်မြို့နယ်ရှိ ဒုံးသိမ်တိုက်ပွဲရှောင် ယာယီခိုလှုံရေးစခန်းနှင့် ဒပြုချောင်းကျေးရွာတို့သို့ မြေပြင်ကွင်းဆင်း သတင်းရယူကြသည်။

ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် ဒုံးသိမ်တိုက်ပွဲရှောင် ယာယီခိုလှုံရေးစခန်းသို့ ရောက်ရှိပြီး တိုက်ပွဲရှောင် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

ဒုံးသိမ်တိုက်ပွဲရှောင် ယာယီခိုလှုံရေးစခန်းတွင် အလယ်ချောင်းကျေးရွာမှ ဒေသခံ တိုင်းရင်းသားမိသားစု ၄၃ စု၊ လူဦးရေ ၂၆၃ ဦးရှိပြီး ဇန်နဝါရီ ၁၃ ရက်တွင် ဘူးသီးတောင်မြို့နယ် အလယ်ချောင်းကျေးရွာအနီး၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် နေအိမ်များ စွန့်ခွာထွက်ပြေးလာသူများဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ သတင်းမီဒီယာသမားများသည် ဒပြုချောင်းကျေးရွာသို့ရောက်ရှိပြီး အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာသမားများသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ညနေပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူမှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ခြောက်ကြိမ်နှင့် ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် အကောင်အထည်ဖော်ရေးကော်မတီ၏ အစီအစဉ်ဖြင့် တစ်လလျှင် နှစ်ခေါက်နှုန်းဖြင့် ၁၅ ကြိမ် သတင်းရယူခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်းအကြိမ် ၃၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်း- မျိုးမြင့် (သတင်းစဉ်)**

**ဓာတ်ပုံ -သက်လွင်စိုး (ပြန်/ဆက်)**

# သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်း၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်စေသည့် ပွဲတော်ကြီးကို ပထမဆုံးအနေဖြင့် ကျင်းပနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကိုလည်း များစွာကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း။

၂၀၁၈ ခုနှစ် ဇန်နဝါရီလက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နေပြည်တော်တွင် ကျင်းပခဲ့သည့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်မှရရှိသည့် စီးပွားရေးဆိုင်ရာဆွေးနွေးချက်များအရ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းအသင်းအနေဖြင့် နိုင်ငံတော်ရှိ တိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများမှာ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်သည့် ခိုင်မာသောအသင်းအဖွဲ့ဖြစ်ရန်အတွက် ရည်မှန်းချက်ထားရှိပြီး ဖွဲ့စည်းခဲ့သည့် အသင်းဖြစ်သည်ဟုလည်း သိရှိထားပါကြောင်း။

**ဆွေးနွေးအဖြေရှာနိုင်မည်**

မြန်မာနိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အရေးကြီးသည့်အချက်လည်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိမှသာ နိုင်ငံ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်ငြိမ်းချမ်းသာယာမှသာ ပြည်သူလူထု၏ စီးပွားရေးသည်လည်း ကြီးပွားတိုးတက်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားမျိုးနွယ်စုများစွာ ကွဲပြားနေကြသကဲ့သို့ နောက်ခံသမိုင်းကြောင်းများအရ အတွေးအမြင်များလည်း မတူညီမှုများစွာ ရှိနိုင်ကြောင်း၊ အတွေးအမြင် မတူညီခြင်းကို ဘေးဖယ်ထားပြီး တူညီခြင်းကို စုစည်းကာ ရှေ့ဆက်ဆောင်ရွက်၍ ရသည်ရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစပ်ပြီး ဆောင်ရွက်နိုင်သည်များလည်းရှိပါကြောင်း၊ မိမိတို့နိုင်ငံကိုလည်း မတူကွဲပြားမှုများနေပါစေ စုစည်းတည်ဆောက်၍ ရနိုင်ကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများပါဝင်သည့် ပွဲတော်များ ကျင်းပခြင်းကြောင့် တိုင်းရင်းသားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုသိရှိနားလည်လာကြပြီး ရင်းနှီးချစ်ကြည်မှုများရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးချစ်ကြည်မှုမှသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ယုံကြည်မှုများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာတိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယကင်းစင်ပြီး ခိုင်မာသည့် ယုံကြည်ချက်များဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဆွေးနွေးအဖြေရှာနိုင်မည်ဖြစ်ပါကြောင်း။

**ဖက်ဒရယ်အခြေခံမူများရရှိထား**

ယခုအချိန်အခါတွင် မိမိတို့မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဖြစ်ပေါ်လာစေရေးရည်မှန်းလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အချိန်အခါဖြစ်ပါကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံအစည်းအဝေးများ ကျင်းပလျက်ရှိကာ တတိယအကြိမ်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီကျင့်စဉ်များ၊ ဖက်ဒရယ်အခြေခံမူများရရှိထားပြီးဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် နိုင်သက်လွင်၊ ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနာယကများဖြစ်ကြသော ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများက "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် စည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုများကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး မလွဲမသွေ တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သူ့အလှနှင့်သူ ကိုယ်စီရှိကြကြောင်း၊ တိုင်းရင်းသားလူမျိုးများတွင်လည်း ၎င်းတို့မျိုးနွယ်အလိုက်၊ လူမျိုးစုအလိုက် အလှကိုယ်စီရှိကြကြောင်း၊ ၎င်းတို့တွင် ရှိကြသည့် အလှတရားများနှင့် ပြည်ထောင်စုကြီးကိုတန်ဆာဆင်ကြရန် လိုအပ်ကြောင်း။

တိုင်းရင်းသားလူမျိုးအလိုက် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အစဉ်ထာဝရ ဖွံ့ဖြိုးတိုးတက်တည်တံ့ခိုင်မြဲလာစေရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးကလည်း ၎င်းတို့၏ ဘာသာစကားယဉ်ကျေးမှုဓလေ့ထုံးစံများကို တန်ဖိုးထားရန်နှင့် အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားမှုရှိပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း။

တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲနေပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကို ခွဲခြား၍မရနိုင်ကြောင်း၊ ငြိမ်းချမ်းရေးရရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိမှလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်ရေးနှင့် စွမ်းအင်လုံလောက်စွာ ရရှိရေးပင်ဖြစ်ကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသကဲ့သို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကလည်း ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ပေးမှသာ အမြန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသင်းခွဲများဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည့်အတွက် ယင်းအချက်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

ယခုပွဲတော်ကြီးတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းဖျော်ဖြေမှုများ၊ တိုင်းရင်းသားများ၏ နေထိုင်မှုများနှင့် အသုံးအဆောင်များကိုပြသမည့် ယဉ်ကျေးမှုပြခန်းများ၊ ဒေသအသီးသီးက တိုင်းရင်းသားရိုးရာ အစားအစာများ၊ ရိုးရာဝတ်စုံများနှင့် ထွက်ကုန်ပစ္စည်းများ ရောင်းချမည့် ဈေးဆိုင်တန်းများ၊ အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်မည့်နေရာများ၊ အထူးသဖြင့် တိုင်းရင်းသူအလှမယ် Miss Ethnic Myanmar 2019 ရွေးချယ်ပွဲကို ကျင်းပသွားမည်ဟုသိရှိရ၍ တစ်နေရာတည်းတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများကို ရောက်ရှိသွားနိုင်မည်ဟု ပြောရမည်ဖြစ်ကြောင်း။

**များစွာအထောက်အကူပြုနိုင်**

မြန်မာနိုင်ငံ၏ သာယာလှပသည့် နယ်မြေအသီးသီးတွင်ရှိကြသည့် တိုင်းရင်းသားများ၏ ချစ်စရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာအစားအစာများသည် နိုင်ငံ့ဂုဏ်ကျက်သရေကို များစွာတိုးတက်စေသကဲ့သို့ နိုင်ငံတကာက ခရီးသွားများကိုလည်း ဆွဲဆောင်နိုင်သည့်အချက်တစ်ချက်လည်း ဖြစ်လာမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၁၀ သို့**




"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်တွင် ခင်းကျင်းပြသထားသော ကယားရိုးရာယဉ်ကျေးမှုပြခန်းကို တွေ့ရစဉ်။




"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်တွင် ခင်းကျင်းပြသထားသော ပြခန်းများတွင် ပွဲတော်လာပြည်သူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

### သွေးချင်းတို့မှ



ပြည်ထောင်စုဝန်ကြီး
နိုင်သက်လွင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ
ဒေါက်တာတင်မျိုးဝင်း

အခမ်းအနားတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက သွေးချင်းတို့ရဲ့ပွဲတော်ဆီသီချင်းဖြင့် တင်ဆက်ဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ယနေ့အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများ စုံစုံညီညီတွေ့ရပါကြောင်း၊ ပွဲတော်ကျင်းပနိုင်အောင် စီစဉ်ပေးသည့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ကော်မတီဝင်များ၊ ကူညီပံ့ပိုးပေးသည့် အလှူရှင်များအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တစ်ကမ္ဘာလုံးက ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးကို လိုလားကြပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီးတွင် မိမိတို့ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရန်လိုပါကြောင်း၊ ပြည်ထောင်စုတွင် ရှိနေသည့် တိုင်းရင်းသားအားလုံး လိုချင်နေသော တည်ငြိမ်အေးချမ်းသည့် ပြည်ထောင်စုနိုင်ငံဖြစ်ရန် မိမိတို့ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယနေ့ပွဲတော်သည် တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် ပွဲတော်ကြီးတစ်ခုဖြစ်သလို တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့် ပွဲတော်ကြီးလည်း ဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စစ်မှန်ပြီး ထူးခြားသည့် ၎င်းတို့၏ ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုများကို ဖော်ထုတ်ခြင်း၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနှင့် ကမ္ဘာလှည့်ခရီးသည်များကို အသိပေးမြှင့်တင်ပြသလျက်ရှိရာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိသည့် မတူကွဲပြားထူးခြားသည့် ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုများသည် ဒြပ်ရှိ၊ ဒြပ်မဲ့ ခရီးသွား ဆွဲဆောင်မှုများ ခရီးသွားအရင်းအမြစ်များဖြစ်၍ ယခုကဲ့သို့ ဖော်ထုတ်ပြသခြင်းသည် မြန်မာကို ကမ္ဘာကသိအောင် မြှင့်တင်သည့် အနှစ်သာရရှိသည့် ပွဲတော်ကြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း နာယကများဖြစ်ကြသည့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဒေါက်တာအောင်ထွန်းသက်တို့က အမှာစကား ပြောကြားပြီး ဥက္ကဋ္ဌ ဦးယောဆက်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တိုင်းရင်းသားရိုးရာအကများ၊ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲတော်ကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံတို့သည် ချစ်ကြည်ရင်းနှီးစွာဖြင့် တွေ့ဆုံပြီး စည်းလုံးညီညွတ်မှုကို ပြသနိုင်ရန်၊ တိုင်းရင်းသားလုပ်သားပြည်သူများ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် တိုင်းရင်းသားဒေသအသီးသီးရှိ အမိမြန်မာနိုင်ငံ၏ လှပသော၊ စိတ်ဝင်စားဖွယ်ကောင်းသော တောၤ တောင်၊ ရေ၊ မြေ အလှအပ သဘာဝများကို နိုင်ငံသူ၊ နိုင်ငံသားများသာမက နိုင်ငံခြားသားများပါ သိရှိလေ့လာနိုင်ကြရန်၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များနှင့် ရိုးရာအဝတ်အထည်များ စသည်တို့ကို နိုင်ငံတွင်းသာမက နိုင်ငံတကာသို့ပါ ဈေးကွက် တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားလူငယ်များအတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေရန်စသည့် ရည်ရွယ်ချက်ဖြင့် ခြောက်ရက်တိုင် ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၉ မှ

ထို့ကြောင့် ယခုကဲ့သို့ ပွဲတော်ကြီးမျိုးကို နောင်နှစ်နောင်နှစ်များတွင် ရန်ကုန်မြို့တွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း။

တိုင်းရင်းသားများကို အခြေခံပြီးဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းအနေဖြင့်လည်း မည်သို့အခက်အခဲများပင်ရှိရှိ စည်းလုံးညီညာစွာလက်တွဲ၍ တိုင်းပြည်၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးကြပါဟု အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

စီးပွားရေးဈေးကွက်အနေဖြင့် ခရီးသွားလုပ်ငန်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းတွင်သာမက ပြည်ပ၌ပါ ထိုးဖောက်၍ အောင်မြင်စွာဆောင်ရွက်သွားနိုင်ရန် အတွက်လည်း အကြံပြုလိုကြောင်း၊ သို့မှသာ ယင်းအသင်းသည် တိုင်းပြည်၏ အကျိုးစီးပွားကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းတစ်သင်းဖြစ်ခြင်းကြောင့် တိုင်းပြည်၏ အကျိုးစီးပွားကိုလည်း များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကလည်း တိုင်းရင်းသားများ၏ စီးပွားရေးကိုသာမက နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အေးချမ်းသာယာမှုကိုပါ ပိုမိုတိုးတက်အောင် အကောင်အထည်ဖော်ဆောင်၍ ကမ္ဘာတွင် အောင်မြင်သည့်အသင်းတစ်သင်းအဖြစ် ရပ်တည်သွားနိုင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်က ပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

#### ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်မုခ်ဦးကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနာယကများဖြစ်ကြသော ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဒေါက်တာအောင်ထွန်းသက်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုး၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်၊ ဒုတိယဥက္ကဋ္ဌ လဖိုင်ခွန်ဆာ၊ အထွေထွေအတွင်းရေးမှူး ဦးမင်းဗညားစန်း၊ Inner Mongolia Kincaid Industrial Group မှ Mr. Ai Min နှင့် Mr. Zhang Rui တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ကျိုက္ကဆံကွင်းအတွင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ စီးပွားရေးဆိုင်ရာ ပြခန်းများ၊ ကချင်ရိုးရာမနောအကတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကို ယနေ့မှ ဇန်နဝါရီ ၃၀ ရက်အထိ ခြောက်ရက်တိုင်တိုင် နံနက် ၁၁ နာရီမှ ည ၁၀ နာရီအထိကျင်းပမည်ဖြစ်ပြီး နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားလူမျိုးစုတစ်စုချင်းစီ၏ အကအလှများ၊ တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲ(Miss Ethnic Myanmar 2019)၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့နေထိုင်မှုပုံစံများနှင့် အသုံးအဆောင်ပစ္စည်းများကို တစုတစည်းတည်းဖော်ပြထားသည့် ပြခန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့ကုန်ပစ္စည်းများကို တစုတဝေးတည်း တစ်နေရာတည်းတွင် လူအများကို ပြသရောင်းချနိုင်သည့် Exhibition Booth များ၊ လူမျိုးဘာသာမရွေး စားသောက်နိုင်သည့် Ethnics Night Market ဈေးတန်းများ၊ ဖျော်ဖြေတင်ဆက်မှုများ၊စိတ်လှုပ်ရှားဖွယ် ပျော်ရွှင်စရာအစီအစဉ်များ၊ဈေးဆိုင်များ၊ အမှတ်တရဓာတ်ပုံရိုက်ကူးရန်နှင့် မီးအလှများ စသည့်အစီအစဉ်များပါဝင်ပြီး ဆိုင်ခန်း ပေါင်း ၈၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး**



# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ပြဋ္ဌာန်း

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)**

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းရင်းဆေးပညာ** ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ တွင်းထွက်ပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ၊ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာရေနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များကို အသုံးပြု၍လူသားတို့၏ သက်ရှည်ကျန်းမာရောဂါဘယကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်း စသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားလုံးတွင်ပါဝင်ဆောင်ရွက်နိုင်သည့် ပညာရပ်ကိုဆိုသည်။

(ခ) **နိုင်ငံတကာတိုင်းရင်းဆေးပညာ** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏တိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက အသိအမှတ်ပြုထားသည့် တိုင်းရင်းဆေးပညာရပ်ကို ဆိုသည်။

(ဂ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကိုဆိုသည်။

(ဃ) **နာယကအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(င) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏အလုပ်အမှုဆောင် အဖွဲ့ကို ဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ ကောင်စီတွင် ပါဝင်သူတစ်ဦးဦးကို ဆိုသည်။

(ဆ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဇ) **မှတ်ပုံတင်တိုင်းရင်းဆေးဆရာ** ဆိုသည်မှာ တိုင်းရင်းဆေးဆရာမှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဈ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်ဆေးကုသခွင့်လိုင်စင် သို့မဟုတ် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(ည) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာကောင်စီက အသိအမှတ်ပြုထားသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား သတ်မှတ်ချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပေးသည့် ဆေးကုသခွင့် လိုင်စင်ကိုဆိုသည်။

(ဋ) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ပြည်တွင်းတိုင်းရင်းဆေးတက္ကသိုလ်က အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ သက်ဆိုင်ရာတိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီနှင့်ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသည်ဟု ကောင်စီကသတ်မှတ်ခြင်းခံရသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား ဤဥပဒေအရထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ကုသသည့်စနစ်များကို ကောင်စီကစာတွေ့ လက်တွေ့စိစစ်၍ ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသတို့အား ကန့်သတ်၍ဤဥပဒေအရ ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကိုဆိုသည်။

(ဍ) **ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏ သက်ဆိုင်ရာတိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များဆောင်ရွက်ရန် ဖွဲ့စည်းထားသောအဖွဲ့အစည်းက ထုတ်ပေးထားသော တိုင်းရင်းဆေးပညာဘွဲ့ရရှိသည့် နိုင်ငံတကာတိုင်းရင်းဆေးဆရာအား ဤဥပဒေအရ သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးထားသော ဆေးကုသခွင့် လိုင်စင်ကိုဆိုသည်။

(ဎ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန** ဆိုသည်မှာကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့်လုံခြုံမှုရှိသောတိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊

(ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) တိုင်းရင်းဆေးဆရာများ၏ ဆေးပညာအရည်အသွေးနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(င) ပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်၍ ဘေးဥပဒ်ကင်းသော တိုင်းရင်းဆေးဝါးများ ထွက်ပေါ်လာရေးအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် အရည်အသွေးထိန်းသိမ်းရေးကိစ္စရပ်များကို တိုင်းရင်းဆေးဝါးဥပဒေနှင့် အညီ အကြံပြုပူးပေါင်းဆောင်ရက်ရန်၊

(စ) တိုင်းရင်းဆေးပညာနှင့်သက်ဆိုင်သော အယူအဆသဘောတရားများ၊ ကုထုံးနည်းစနစ်များ၊ ဆေးဝါးများနှင့်ဆိုင်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဆ) တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်တိုင်းရင်းဆေးဝါးများကို တိမ်မြုပ်ပျောက်ကွယ်မှု မရှိစေရန်၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်ထိန်းသိမ်းရန်၊

(ဇ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးပညာရှင်များ စည်းလုံးညီညွတ်ရေးတို့အတွက် ပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များဖွဲ့စည်းရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဖွဲ့စည်းခြင်း**

၄။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၅။ ကောင်စီသည်ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်နှင့် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်ရှိ၍ တရားစွဲဆိုနိုင်သော၊ တရားစွဲဆိုခြင်းကို ခံနိုင်သော အဖွဲ့အစည်းဖြစ်သည်။

၆။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ယင်းပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တစ်ဦး၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်အောက်မနိမ့်သော ရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အငြိမ်းစားပုဂ္ဂိုလ်တစ်ဦးနှင့် ဝါရင့်တိုင်းရင်းဆေးဆရာ လေးဦး စုစုပေါင်း ခုနစ်ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ (က) နာယကအဖွဲ့သည် ကောင်စီကို ၄၅ ဦးထက်မပိုသော အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန၊

(၂) ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ်၊

(၃) ဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ် နှစ်ဦး၊

(၄) တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခ သို့မဟုတ် ဌာနမှူးအဆင့် အောက်မနိမ့်သော ပုဂ္ဂိုလ် နှစ်ဦး၊

(၅) မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ အဖွဲ့ဝင် နှစ်ဦး၊

(၆) မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းမှကိုယ်စားလှယ် နှစ်ဦး၊

(၇) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်တိုင်းရင်းဆေးဆရာများက သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာ တစ်ဦးစီ၊

(၈) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိမှတ်ပုံတင် တိုင်းရင်းဆေးဆရာဦးရေကို အခြေခံ၍ မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာများက ရွေးချယ် တင်မြှောက်သော တိုင်းရင်းဆေးဆရာများ၊

(၉) မှတ်ပုံတင်တိုင်းရင်းဆေးဆရာ သက်တမ်းအနည်းဆုံး ခုနစ်နှစ်ရှိသူ၊ အသက် ၃၅ နှစ်အောက်ရှိသူ နှစ်ဦး။

(ခ) နာယကအဖွဲ့သည် ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**



# ဗင်နီဇွဲလား သမ္မတ မာဒူရိုအား တပ်မတော်က အပြည့်အဝထောက်ခံသည်ဟု ဆို

**ကာရာကက် ဇန်နဝါရီ ၂၅**

အမေရိကန်ထောက်ခံသော ဗင်နီဇွဲလား အတိုက်အခံ ခေါင်းဆောင် ဂျူအန် ဂွိုင်အား နိုင်ငံ၏ယာယီ သမ္မတအဖြစ် အမေရိကန်အစိုးရအဖွဲ့က အသိအမှတ်ပြုခဲ့ပြီးနောက် ဗင်နီဇွဲလားတပ်မတော်က ၎င်းတို့အနေဖြင့် သမ္မတနီကိုးလပ်စ် မာဒူရိုအား ထောက်ခံပါကြောင်း ယနေ့ ပြောကြားခဲ့သည်။

နိုင်ငံအတွင်း အစိုးရအဖွဲ့အားဆန့်ကျင်သော ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများအကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီး လူ ၂၆ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အမေရိကန်အစိုးရအဖွဲ့က ဗင်နီဇွဲလားအစိုးရ၏ အုပ်ချုပ်မှုသည် တရားဝင်မဟုတ်ကြောင်း ကြေညာခဲ့ပြီးနောက်တစ်ရက်တွင် သမ္မတ မာဒူရိုက အမေရိကန်နိုင်ငံရှိ ဗင်နီဇွဲလား သံရုံးကို ပိတ်သိမ်းကြောင်း ကြေညာခဲ့သည်။

အမေရိကန်က ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် တင်မြှောက်ထားသော အတိုက်အခံခေါင်းဆောင် ဂျူအန် ဂွိုင်သည် ဘရာဇီး၊ အာဂျင်တီးနားနှင့် ကိုလံဘီယာနိုင်ငံများ၏ ထောက်ခံမှုကို အပြည့်အဝရရှိထားသည်။

လွန်ခဲ့သောနှစ်က ရွေးကောက်ပွဲတွင် သမ္မတ မာဒူရို ပြန်လည်အနိုင်ရရှိခဲ့ခြင်းအပေါ် အတိုက်အခံ ခေါင်းဆောင်နှင့် နိုင်ငံတကာအသိုက်အဝန်းက ကန့်ကွက်ရှုတ်ချခဲ့သည်။ သို့သော် သမ္မတ မာဒူရိုအနေဖြင့် တပ်မတော်၏ ယုံကြည်မှုကို အခိုင်အမာရရှိထားကြောင်း သိရသည်။

ဗင်နီဇွဲလား ကာကွယ်ရေးဝန်ကြီး ဗလာဒီမာ ပတ်ဒရီနိုက သမ္မတ မာဒူရို၏ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုစနစ်တို့ကို ထောက်ခံပါကြောင်းနှင့် သမ္မတ၏ အခွင့်အာဏာကို မည်သည့်နည်းနှင့်မျှ အထိအခိုက်မခံပါကြောင်း ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီး၏ ထောက်ခံချက်ထွက်ပေါ်ခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီး ရှစ်ဦးတို့ကလည်း သမ္မတ မာဒူရိုအား သစ္စာခံပါကြောင်းနှင့် အမိန့်နာခံသမှုပြုမည်ဖြစ်ပါကြောင်း ရုပ်သံလိုင်းတစ်ခုတွင် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော် တရားရုံးချုပ်ကလည်း သမ္မတ မာဒူရို၏ အစိုးရအဖွဲ့အား သစ္စာခံပါကြောင်း အတည်ပြု ပြောကြားခဲ့သည်။

သမ္မတ မာဒူရိုလက်ထက်တွင် နိုင်ငံ၏ စီးပွားရေး ပျက်ကပ်ဆိုက်ခဲ့ရပြီး ပြည်သူများသည်လည်း အစားအစာ၊ ဆေးဝါးကဲ့သို့သော အခြေခံလိုအပ်ချက်များ ပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

ကုလသမဂ္ဂစစ်တမ်းများအရ နိုင်ငံမှ နေရပ်စွန့်ခွာသွားသော ပြည်သူအရေအတွက်သည် ၂၀၁၅ ခုနှစ်ကစပြီး ၂ ဒသမ ၃ သန်းခန့်ရှိကြောင်း သိရသည်။



၂၀၁၇ ခုနှစ် ဧပြီနှင့် ဇူလိုင်လအတွင်း အစိုးရဆန့်ကျင်အဖွဲ့များနှင့် ရဲတပ်ဖွဲ့များအကြား ပဋိပက္ခဖြစ်ပွားမှုများကြောင့် လူ ၁၂၅ ဦးသေဆုံးခဲ့ရသည်။

ဇန်နဝါရီ ၂၃ ရက်တွင် အစိုးရဆန့်ကျင်အဖွဲ့များ ဆန္ဒထုတ်ဖော်မှု အား ရဲအရာရှိများက မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များအသုံးပြုကာ အုပ်စုခွဲခဲ့ရပြီး ပဋိပက္ခဖြစ်ပွားမှုကြောင့် လူ ၂၆ ဦးထိ သေဆုံးမှုနှုန်း မြင့်တက်ခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံဝန်ကြီးချုပ် အိန်ဂျလာမာကယ် ဂျပန်သို့ လာရောက်မည်

**တိုကျို ဇန်နဝါရီ ၂၅**

ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးရန် ဖေဖော်ဝါရီလအစောပိုင်းတွင် ဂျပန်နိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဂျာမနီနိုင်ငံဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၄ ရက်တွင် ဂျပန်နိုင်ငံသို့ နှစ်ရက်တာခရီးလာရောက်မည်ဖြစ်ကြောင်းနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ညစာအတူစားသုံးမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် ယိုရှီဟီဒေးဆူဂါက ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုသည် နိုင်ငံတကာ အစီအစဉ်ကို ထိန်းသိမ်းမည်ဟု ကတိပြုနိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ ကြွယ်ဝချမ်းသာခြင်းကို အာမခံနိုင်သည့် လက္ခဏာဖြစ်သည်ဟု မိမိမျှော်လင့်ကြောင်း ဆူဂါက ပြောကြားသည်။

ဂျာမနီဝန်ကြီးချုပ်၏ ဂျပန်နိုင်ငံသို့လာရောက်မည့် ခရီးစဉ်သည် ၎င်းဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်သည့် ၂၀၀၅ ခုနှစ်မှစ၍ ငါးကြိမ်မြောက် ဂျပန်နိုင်ငံသို့ လာရောက်သည့် ခရီးစဉ်ဖြစ်သည်။

ယခုနှစ် ဇွန်လအတွင်းတွင် ဂျပန်နိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ဦးတည်၍ ဂျပန်နှင့် ဂျာမနီဝန်ကြီးချုပ်တို့သည် လွတ်လပ်သော ကုန်သွယ်ရေးနှင့် အခြားသော ကမ္ဘာလုံးဆိုင်ရာ အရေးများကို ဆွေးနွေးကြမည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် အထိမ်းအမှတ်နေ့ အခမ်းအနားအတွက် အဓိကမြို့ကြီးများ၌ လုံခြုံရေးတင်းကျပ်

**နယူးဒေလီ ဇန်နဝါရီ ၂၅**

ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည့် အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည် အထိမ်းအမှတ်နေ့ အခမ်းအနားကို ဦးတည်၍ မြို့တော် နယူးဒေလီ အပါအဝင် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးရှိ အဓိကကျသည့် မြို့ကြီးများ၌ လုံခြုံရေးတင်းကျပ်စွာ ချထားကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

## လုံခြုံရေးဆောင်ရွက်

အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် အထိမ်းအမှတ်နေ့ တရားဝင် လုပ်ဆောင်မှုများကို စစ်သွေးကြွများ သို့မဟုတ် အကြမ်းဖက်သမားများက ကဖျက်ယဖျက်လုပ်ဆောင်ရန် ကြိုးပမ်းမှုများပြုဖွယ်ရှိခြင်းကြောင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်နယူးဒေလီနှင့် အခြားသော မြို့ကြီးများ၌ ကျင်းပမည့် သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် အခမ်းအနားများ လုံခြုံမှုရှိရေးနှင့် မည်သည့်နှောင့်ယှက်ဖျက်ဆီးမှု မရှိစေရေးအတွက် ပြည့်စုံသော လုံခြုံရေးအစီအစဉ်များ လုပ်ဆောင်ထားကြောင်း မြို့တော် နယူးဒေလီမှ အထက်တန်းရဲအရာရှိတစ်ဦးက ပြောကြားသည်။

မြို့တော်နယူးဒေလီတွင် ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ရဲတပ်ဖွဲ့ဝင် ၂၅၀၀၀ ခန့်ကို လုံခြုံရေးတာဝန်ချထားကြောင်း သတင်းတွင်ဖော်ပြသည်။

## စစ်သွေးကြွနှစ်ဦးကို ဖမ်းဆီး

မြို့တော်နယူးဒေလီ၌ ကျင်းပမည့် သမ္မတနိုင်ငံတည်ထောင်သည့်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် တိုက်ခိုက်မှုများ လုပ်ဆောင်ရန် စီစဉ်နေသော သံသယမကင်းသည့် စစ်သွေးကြွနှစ်ဦးကို ဖမ်းဆီးရမိကြောင်း ဒေလီရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**



# တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၌ ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ပေကျင်း ဇန်နဝါရီ ၂၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇန်နဝါရီ ၂၅ ရက်က အထပ်မြင့် အဆောက်အအုံတစ်လုံး၌ ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူတစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ယင်းဖြစ်ရပ်မှာ ရာဇဝတ်မှုဖြစ်ဖွယ်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပထမအကြိမ်ပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၃ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး ချန်ချွန်းမြို့ ဝမ်ဒါပလာဇာ၏ မြေအောက်ကားဂိုဒေါင်တွင် ကားတစ်စီးပေါက်ကွဲခဲ့သည်ဟု သတင်းပေးပို့မှုတစ်ခုအား မီးသတ်အဖွဲ့က လက်ခံရရှိခဲ့ကြောင်း မြို့အုပ်ချုပ်ရေးအဖွဲ့က လူမှုကွန်ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ဖော်ပြသည်။

နောက်ထပ် သုံးမိနစ်အကြာတွင် အဆိုပါ အထပ်မြင့်အဆောက်အအုံ၏ အထပ် ၃၀ ၌ ဒုတိယပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အစောပိုင်းက ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် လူတစ်ဦးသေဆုံးသည်ဟု ဖော်ပြခဲ့ပြီး ဒုတိယလူတစ်ဦးဒဏ်ရာရရှိမှုမှာ မည်သည့်နေရာတွင်ဖြစ်ကြောင်း သေချာရှင်းလင်းစွာ မသိရှိရပေ။

ယင်းပေါက်ကွဲမှုများအား ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေကြောင်း ချန်ချွန်းမြို့အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုအကြိမ် ၂၀ ကျော် ကြားရကြောင်းနှင့် ယင်းအဆောက်အအုံမှ လူများကို ဝမ်ဒါပလာဇာအနီးဝန်းကျင်သို့ ရွှေ့ပြောင်းပေးထားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်ဟု အစိုးရပိုင် ပေကျင်းလူငယ်နေ့စဉ် သတင်းစာ၌ ဖော်ပြသည်။

**အေအက်ဖ်ပီ**

# Invest Myanmar Summit 2019 တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၂၀ ကျော်အား ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ MICC-2 တွင် ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ကျင်းပသွားမည့် "Invest Myanmar Summit 2019" ကို အမေရိကန် ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း စီမံကိန်း ၁၂၀ ကျော်အား ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

"Invest Myanmar Summit 2019" ကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ "Invest Myanmar Summit 2019" ၏ အခြားအရေးပါသောအချက်မှာ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် (National Project Bank)ဖြစ်ပြီး ၎င်းသည် အရေးပါသောစီမံကိန်းဆိုင်ရာ အချက်အလက်များအား တစ်နေရာတည်းတွင် စုဆောင်းထားရှိမည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)အား ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း Invest Myanmar ၏ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများထဲမှ မန္တလေးတိုင်းဒေသကြီးရှိ မြို့သာစက်မှုစီမံကိန်းသည် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ်၏စီမံကိန်းများအနက် တန်ဖိုးအမြင့်ဆုံးဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံနှင့် လုပ်သားအင်အားများစွာ လိုအပ်သော အစားအသောက်ကုန်ထုတ်လုပ်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းကဏ္ဍများ၊ အရင်းအနှီးများစွာလိုအပ်သော ဆေးဝါးထုတ်လုပ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်ထုတ်လုပ်မှုကဏ္ဍများ၊ စားသုံးသူနှင့်ထုတ်လုပ်သူတို့အား ဝန်ဆောင်မှုပေးမည့် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍများ စသည့် ကဏ္ဍ ငါးခုတွင် အလုပ်အကိုင်အခွင့်အလမ်း ၃၃၇၀၀ ကျော်အထိ တိုးမြှင့် ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ဟန်လင်းနိုင်**

# ကွန်ပျူတာစနစ်ဖြင့် ရွှေအရောင်းအဝယ် တရားဝင်ဆောင်ရွက်နိုင်ရေး သတ္တုတွင်းဦးစီးဌာနသို့ ရွှေအရောင်းအဝယ်လိုင်စင် လျှောက်ထား

**ရန်ကုန် ဇန်နဝါရီ ၂၅**

ကွန်ပျူတာစနစ်ဖြင့် ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် တရားဝင်ဆောင်ရွက်နိုင်ရေး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနသို့ ရွှေအရောင်းအဝယ်လိုင်စင် လျှောက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

"ကျွန်တော်တို့က အဲဒါကို စပြီးတော့ အရောင်းအဝယ်လုပ်မယ်ဆိုရင် ဘဏ်ဘက်မှာ Deposit တင်ရမယ်။ ဘဏ်မှာ Deposit တင်ပြီးမှ အရောင်းအဝယ်လုပ်မှာဖြစ်တဲ့အတွက် ဘဏ်မှာ Deposit တင်တာလည်း ဥပဒေကြောင်းအရ သူက အရောင်းအဝယ်ကိစ္စတွေမှာ တရားဝင်ဖြစ်သွားချင်တာ၊ ဖြစ်သွားချင်တော့ အဲဒီလိုင်စင်တော့ ခဏစောင့်ရမယ်" ဟု ဦးမျိုးမြင့်က ပြောသည်။



အဆိုပါ ရွှေအရောင်းအဝယ်လိုင်စင်အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်း ဦးစီးဌာနသို့ ပြီးခဲ့သည့် ၂၀၁၈ နှစ်ကုန်ပိုင်းတွင် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရွှေအရောင်းအဝယ်လုပ်တဲ့ လိုင်စင်က လျှောက်ထားပြီးပြီ၊ အဲဒါက သတ္တုတွင်းကနေပြီးတော့ အတည်ပြုလိုက်ပြီ။ ရွှေနေချုပ်ရုံးကို တင်ထားတယ်၊ ရွှေနေချုပ်ရုံးကနေ ပြန်ကျမလာသေးဘူး" ဟု ဦးမျိုးမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် လွယ်ကူအဆင်ပြေစေရေး ကွန်ပျူတာစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရာ၌ အသုံးပြုမည့် ဆော့ဖ်ဝဲမှာလည်း ရေးဆွဲပြီး အသုံးပြုနေကာ လာမည့်ဇန်နဝါရီ ၂၆ ရက်တွင် ယင်းဆော့ဖ်ဝဲစနစ်ဖြင့် ရောင်းချမည့် YGEA Mobile Application ဖွင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကွန်ပျူတာစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရွှေအရောင်းအဝယ် ကွန်ပျူတာစနစ်သည် အမှန်တကယ်အသင်းဝင်များ လျင်မြန်လွယ်ကူချောမွေ့စွာ ရောင်းဝယ်နိုင်ရန်၊ အရောင်းအဝယ်စာရင်းများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်၊ ရောင်းမှား/ဝယ်မှား စာရင်းများကို အချိန်မီသိရှိစေရန်နှင့် နိုင်ငံတကာအဆင့်မီ တိကျသော အရောင်းအဝယ်စနစ်ဖြစ်စေရန်တို့ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ထိုသို့ ကွန်ပျူတာစနစ်ဖြင့် ရွှေအရောင်းအဝယ်ပြုလုပ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများမှာလည်း ရွှေအရောင်းအဝယ်ကွန်ပျူတာစနစ်သည် အသင်းဝင်များသာ အရောင်းအဝယ်ပြုလုပ်နိုင်ခြင်း၊ သတ်မှတ်အာမခံကြေး ပေးဆောင်ထားမှသာ အရောင်းအဝယ်ပြုလုပ်နိုင်ခြင်း၊ အာမခံကြေး ပေးဆောင်ထားရသဖြင့် အရောင်းအဝယ်တွင် စိတ်ချရနိုင်ခြင်း၊ မိမိ၏ဖုန်းမှ အလွယ်တကူ ရောင်းဝယ်နိုင်ခြင်း၊ မိမိအရောင်းအဝယ်အား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းနှင့် မိမိအရောင်းအဝယ် အရှုံးအမြတ်အား သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကွန်ပျူတာစနစ်ဖြင့် ရွှေအရောင်းအဝယ် ပြုလုပ်ခြင်းကြောင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံသားများကလည်း ဝယ်ယူမှုရှိလာမည်ဖြစ်ကာ ယင်းဝယ်ယူမှုမှရရှိမည့် နိုင်ငံခြားငွေကြေးများ တရားဝင်ဖြစ်ရေး ဗဟိုဘဏ်တွင် Money Changer လိုင်စင်ကိုလည်း လျှောက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါ ကွန်ပျူတာစနစ်အသုံးပြု၍ ရွှေအရောင်းအဝယ်ပြုလုပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အသုံးပြုသွားမည်ဖြစ်ပြီး လက်ရှိစာရင်းများအရ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၇၀၀ ကျော်နှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၃၀၀ ခန့် ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း(GNLM)**


"မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

▶▶ဂျပန်နိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါသင်တန်းကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပို့ချပါမည်။

▶▶သင်တန်းအမျိုးအစား - Automotive Engineering Diploma (3rd class)၊
သင်တန်းကာလ - One Year (တစ်နှစ်)၊
လက်ခံမည့်ဦးရေ - (၅၀)ဦး၊
သင်တန်းဖွင့်မည့်ရက် - 22 - 4 - 2019
သင်တန်းအပတ်စဉ် - (၃၃)၊ (၃၄)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ၊

သင်တန်းပြီးလျှင် ရနိုင်သောအခွင့်အရေးများ

- တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
- Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း ။ လက်ရှိ GLORY ကျောင်းသား (၅၀) ခန့် ဂျပန်တွင် ပညာသင်ယူနေပါသည်။
- မော်တော်ကားပညာရပ်ဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်ခြင်း။ လက်ရှိ GLORY ကျောင်းဆင်း (၂၀)ဦး ဂျပန် တွင် လုပ်ငန်းခွင် ဝင်ရောက်လျက်ရှိသည်။
- ပြည်တွင်းရှိ မော်တော်ကားနှင့်ဆက်စပ် ကုမ္ပဏီကြီးများ ၊ Service Centre များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း။
- ဂျပန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် နှင့် ကျောင်းဆက်တက်ရန်တို့အတွက် GLORY မှ ကူညီဆောင်ရွက်ပေးခြင်း။

▶▶ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။စာတွေ့ ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် မော်တော်ကားတစ်စီးလုံး ကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်။

"မော်ကြွပါ GLORY ၏ မော်တော်ကားနည်းပညာ ကျောင်းသားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . . ."

သင်တန်းဆင်း Mechanic များကို ခေါ်ယူလိုပါက GLORY ကိုဆက်သွယ်နိုင်ပါသည်။



Suzuki (Myanmar) Motor Co. Ltd , တွင်ခန့်ထားခံရသောGLORY ကျောင်းသားများ




Capital Motor Ltd , တွင်ခန့်ထားခံရသော GLORY ကျောင်းသားများ



HTS Car Service Centre တွင် ခန့်ထားခံရသော GLORY ကျောင်းသားများ



Hino Service Station တွင် ခန့်ထားခံရသော GLORY ကျောင်းသားများ

GLORY Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
09-73121717 , 09-5197817 Facebook - GLORY Career Training Centre

# မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် စုစည်းစောင့်ဆိုင်းနေသူများအား ဖမ်းဆီးရမိ


အဒူဟာလိစ်


လိုင်လာဘေဂေါင်


မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် စောင့်ဆိုင်းနေသူများ

**နေပြည်တော် ဇန်နဝါရီ ၂၅**

စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများ လေ့စီး၍ အခြားနိုင်ငံများသို့ တရားမဝင်ထွက်ခွာမှု မရှိစေရေးအတွက် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးအင်အားတိုးမြှင့်ချထားခြင်း၊ သတင်းအဆက်မပြတ် စုံစမ်းဖော်ထုတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ည ၈ နာရီခန့်က မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် စုစည်းစောင့်ဆိုင်းနေသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့နယ် ဘာဆာရာကျေးရွာရှိ နူရ်ဆလမ်၏နေအိမ်၌ မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် ရည်ရွယ်ချက်ဖြင့် စုစည်းရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်စိစစ်ရာ နူရ်ဆလမ်မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်း၏ဇနီး မလိုင်လာဘေဂေါင် (၂၉)နှစ်၊ (ဘ)အေဗရာဟင်အား မလေးရှားနိုင်ငံသို့ သွားရောက်ရန် စောင့်ဆိုင်းနေသူ အုန်းတောကြီးကျေးရွာမှ အစ္စလာမ်ဘာသာဝင် အမျိုးသမီး နှစ်ဦးဖြစ်သည့် လိုင်လာနှင့် ဂျုံမိုက်ဒါတို့နှင့်အတူ တွေ့ရှိခဲ့ရကြောင်း။

၎င်းတို့အား ကွင်းဆက်စစ်ဆေးမေးမြန်းချက်အရ ည ၁၀ နာရီကျော်ခန့်တွင် ဘာဆာရာကျေးရွာအပြင်ဘက် ပင်လယ်ကမ်းခြေသို့ သွားသည့်လမ်းရှိ ကြက်ခြံအတွင်း ခြံပိုင်ရှင် အဒူဟာလိစ် ဦးစီး၍ စက်လှေဖြင့်သွားရောက်ရန် စုစည်းစောင့်ဆိုင်းနေသည့် ဘာဆာရာကျေးရွာ၊ ဘုမေကျေးရွာ၊ အုန်းတောကြီးကျေးရွာ၊ မကျည်းမြိုင်ကျေးရွာ၊ ဆေးသမားကြီး IDP Camp နှင့် ဒါးပိုင် IDP Camp တို့မှ အစ္စလာမ်ဘာသာဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၁၆ ဦးတို့ကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် တိမ်းရှောင်နေသည့် လူစုဆောင်းသူ ပွဲစား နူရ်ဆလမ်၊ ဖမ်းဆီးရမိသည့် မလိုင်လာဘေဂေါင်နှင့် အဒူဟာလိစ်တို့ကို စစ်တွေမြို့မရဲစခန်း (ပ) ၂၇၁/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၆၇/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ ထို့ပြင် မလေးရှားနိုင်ငံသို့ သွားရောက်ရန် ဖမ်းဆီးရမိသည့် စုစည်းထားရှိသူ ၁၈ ဦးတို့ကိုလည်း ဥပဒေနှင့်အညီစိစစ်လျက်ရှိပြီး ကနဦးစိစစ်ချက်အရ မလေးရှားနိုင်ငံသို့ သွားရောက်မည့်သူများသည် ပွဲစား နူရ်ဆလမ်အား ငွေကျပ် ၁၅ သိန်းစီ ပေးချေရကာ သွားရောက်ရန်စောင့်ဆိုင်းနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၅၁၈၄ ဦးထိ ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၅**

၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူအရေအတွက် ၅၁၈၄ ဦးရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၂၆၇၄၁ ဦးရှိခဲ့ကြောင်း မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့က ဆိုသည်။

အဆိုပါနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်မတော်တဆမှု ၂၆၈၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၉၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၁၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှု ၂၂၄၃ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၄၄ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၄၀၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှု ၂၀၃၃ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၄၁၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၄၄၆ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှု ၁၆၁၀ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၆၇ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၇၉၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာဉ်မတော်တဆမှု ၁၅၃၉ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၄၈၁ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၆၀၆ ဦး၊ ရှမ်းပြည်နယ်အတွင်း ယာဉ်မတော်တဆမှု ၁၁၈၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၂၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၆၈၀၊ မွန်ပြည်နယ်တွင် ယာဉ်မတော်တဆမှု ၈၇၅ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၄၆ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၄၆၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ယာဉ်မတော်တဆမှု ၅၈၅ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၀၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၉၅၇ ဦး၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၄၂၉ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၇၀ နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၆၂၉ ဦး၊ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၄၂၇ မှုနှင့် သေဆုံးသူ ၁၉၆ ဦးနှင့် ဒဏ်ရာရရှိသူ ၅၆၁ ဦး၊ ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၃၇၄ မှုနှင့် သေဆုံးသူ ၁၅၃ ဦးနှင့် ဒဏ်ရာရရှိသူ ၆၀၅ ဦး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၃၄၂ မှုနှင့် သေဆုံးသူ ၂၂၇ ဦးနှင့် ဒဏ်ရာရရှိသူ ၃၈၅ ဦး၊ ချင်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၁၀၆ မှုနှင့် သေဆုံးသူ ၄၇ ဦးနှင့် ဒဏ်ရာရရှိသူ ၁၄၆ ဦး၊ ကယားပြည်နယ်တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၈၈ မှုနှင့် သေဆုံးသူ ၄၇ ဦးနှင့် ဒဏ်ရာရရှိသူ ၁၂၂ ဦးတို့ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမပေါ်၌ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၄၇၄ မှုရှိခဲ့ပြီး သေဆုံးသူ ၁၀၄ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၇၇ ဦးရှိခဲ့သည်။ ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းသည် မော်တော်ယာဉ်အား စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ယာဉ်ချို့ယွင်းမှုအပါအဝင် ရာသီဥတုဆိုးရွားမှုတို့ကြောင့် အဓိကဖြစ်ပွားရခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

မြန်မာနိုင်ငံတွင် ပျမ်းမျှအားဖြင့် နေ့စဉ် ယာဉ်မတော်တဆမှု ၄၈ မှုဖြစ်ပွားပြီး လူ ၁၄ ဦးသေဆုံးကာ ၇၃ ဦး ထိခိုက်ဒဏ်ရာရရှိလျက်ရှိကြောင်း စစ်တမ်းများအရ သိရသည်။ ၂၀၁၇ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ ယာဉ်မတော်တဆမှု ၁၈၀၇၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၂၅၀ ရှိကာ ထိခိုက်ဒဏ်ရာရသူ ၂၉၁၄၄ ဦးရှိခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်းများ လျော့ကျစေရန် ရည်ရွယ်ပြီး ယာဉ်ထိန်းရဲအရာရှိများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ ဟောပြောမှုများကိုလည်း ပုံမှန်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**





## မန္တလေးတွင် သတင်းအချက်အလက်စင်တာဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ ပြည်သူ့ဝန်ဆောင်မှုများပေးအပ်နိုင်မည့် မန္တလေးသတင်းအချက်အလက် စင်တာ (Mandalay Data Center) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် မန္တလေးသတင်းအချက်အလက်စင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး e-Government စနစ် အကောင်အထည်ဖော်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်စိုးက Data Center တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Data Center တည်ဆောက်ရေးအတွက်ပံ့ပိုးကူညီပေးခဲ့သည့် Lantro(Myanmar)Co., Ltd. အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး Data Center အားလှည့်လည်ကြည့်ရှုသည်။

Data Center အနေဖြင့် အထက်မြန်မာနိုင်ငံရှိ အစိုးရရုံးဌာနများ၏ သတင်းအချက်အလက်များ ဗဟိုဌာနအဖြစ် ရပ်တည်ရန် ရည်မှန်းထားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရ၏ e-Department အဖြစ် ဆောင်ရွက်ရန် e-Mandalay Web Portal လွှင့်တင်ထားသည်။

ပြည်သူများအနေဖြင့် www.emandalay.gov.mm တွင် ဝင်ရောက်ကြည့်ရှုကာ ဌာနဆိုင်ရာများမှ ခေါ်ယူသော တင်ဒါအချက်အလက်များ၊ စည်ပင်သာယာဆိုင်ရာ လျှောက်ထားမှုများ၊ အခွန်အခပေးဆောင်ခြင်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် ပုဂံဒေသသို့ လာရောက်သော ပြည်တွင်းပြည်ပ ဧည့်သည်များ သွားလာမှု အဆင်ပြေစေရန် e-Bagan Mobile Application ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မန္တလေးမြို့တွင်း မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းဖြစ်ပွားမှုများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး Safe City စီမံကိန်းကိုလည်း ဖော်ဆောင်မည်ဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**

## တောင်နဝင်း ပင်မရေလှောင်တမံ၏ ထိပ်မျက်နှာပြင်တွင် အက်ကြောင်းဖြစ်ပေါ်မှု ပညာရှင်များ ကွင်းဆင်းဆောင်ရွက်

**ပေါက်ခေါင်း ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်း ပင်မရေလှောင်တမံ၏ ပေတိုင် ၆၀၀၀ မှ ပေ ၆၁၀၀ အကြား တမံထိပ်ပြင် (Crest)တွင် ဇန်နဝါရီ ၈ ရက်က အလျား ပေ ၁၀၀ ခန့်၊ အနက် သုံးပေခန့်၊ အကျယ် သုံးလက်မခန့်ရှိ ကန့်လန့်ဖြတ်အက်ကြောင်းတစ်ခု ဖြစ်ပေါ်ခဲ့ရာ တမံကိုယ်ထည် မြေသားလှုပ်ရှားမှုကို ထိန်းချုပ်နိုင်ရန်အတွက် အက်ကြောင်းအတွင်းသို့ သဲကြမ်းများဖြည့်ထည့်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် အက်ကြောင်းအတိုင်းအတာ ပမာဏ ပြောင်းလဲလာမှု ရှိ၊ မရှိ၊ တမံထိပ်မျက်နှာပြင် နိမ့်ကျပြောင်းလဲလာမှု ရှိ၊ မရှိ၊ တမံကိုယ်ထည်(Dam Body) မှာ နောက်ဘက်သို့ ရွေ့လျားမှု ရှိ၊ မရှိ စောင့်ကြည့်တိုင်းတာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ပြောင်းလဲမှု၊ ရွေ့လျားမှု တစ်စုံတစ်ရာမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒီဇိုင်းပညာရှင်နှင့် ဘူမိဗေဒပညာရှင်များ ပါဝင်သောအဖွဲ့နှင့် ဂျပန်(ODA) ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်း၊ စီမံကိန်းမှ ဂျပန်အတိုင်ပင်ခံပညာရှင် Mr. Mori တို့သည် တောင်နဝင်း ပင်မရေလှောင်တမံသို့ သွားရောက်စစ်ဆေးသုံးသပ်ချက်အရ ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့ အနီးဝန်းကျင်တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း အင်အားအသင့်အတင့်ရှိ ငလျင် လေးကြိမ်လှုပ်ခတ်ခဲ့မှုကြောင့် တမံအောက်ခြေအုတ်မြစ်ကျောက်သားတွင် လှုပ်ရှားမှုဖြစ်ပေါ်ပြီး တမံထိပ်မျက်နှာပြင်(Crest)၌ အက်ကြောင်းဖြစ်ပေါ်ရခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

လက်ရှိတွင် ဘူမိဗေဒဆိုင်ရာ စူးစမ်းတိုင်းတာမှုများအရ တွေ့ရှိမှုများကိုအခြေခံ၍ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ တမံကြံ့ခိုင်မှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်ချက်အရ ရေလှောင်တမံ၏ ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေ မရှိသော်လည်း ပိုမိုလုံခြုံစိတ်ချစွာ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး အရေးပေါ်အခြေအနေစီမံချက်ကို ရေးဆွဲထားရှိပြီးဖြစ်ကြောင်း သိရသည်။ **အောင်မိုး(စိုက်ပျိုးရေး)**




ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့် ကော်ဖီ မှတရားဝင် အသိအမှတ်ပြု ကိုယ်စားလှယ်များ

၂၀၁၈ ခုနှစ် အာဆီယံ အဆင့်
အောင်နေလင်းထွန်း ကုမ္ပဏီလီမိတက်
ASEAN BUSINESS AWARDS 2018
Like Love Trust Genius
ကြိုက် ၊ ချစ် ၊ ယုံကြည် ၊ ဉာဏ်ကြီးရှင် ကော်ဖီ
ထုတ်ကုန်အမှတ်တံဆိပ်များ
Genius
ဉာဏ်ကြီးရှင်

| | | |
|---|---|---|
| မန္တလေးမြို့ | ကိုမြသိန်းထွန်း | 09 43101408 |
| ကျောက်ဆည်မြို့ | မင်းသုခ | 09 970873100 |
| မိတ္ထီလာမြို့ | စိန်ခြယ်ဖြန့်ချိရေး | 09 43141596 |
| မကွေးမြို့ | မိသားစုမုန့်တိုက် | 09 5340889 |
| တောင်တွင်းကြီးမြို့ | Vitamin | 09 5333651 |
| ကလော၊အောင်ပန်း၊ညောင်ရွှေ | မတာ | 09 428318636 |
| လားရှိုးမြို့ | Unity Mart | 09 780070053<br>09 795037503 |
| လှိုင်ကော်မြို့ | Pearl Mart | 09 5600717 |
| ပေလီ၊ သံတွဲ၊ တောင်ကုတ် | မင်းသီဟ | 09 429641058 |
| ပြည်မြို့၊ပဲခူးမြို့၊မော်လမြိုင်မြို့<br>ဘားအံမြို့၊ပုသိမ်မြို့၊မြစ်ကြီးနားမြို့ | K.T.Z Company Limited | 09 73049702<br>09 73049703<br>09 73049704 |
| ထားဝယ်မြို့ | SKY LIGHT Travel & Tour | 09 760133056<br>09 455822048 |
| မြိတ်မြို့ | ကိုဇော်ဝိုင် | 09 422194765<br>09 422207497 |

အောင်နေလင်းထွန်းကုမ္ပဏီလီမိတက်
အမှတ် ၄၅၅၊ ရတနာလမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၉၇၀၂၀၀၇၀၂၊ ၀၉ ၄၂၁၀၆၈၉၃၅
info@geniuscoffee.info | www.geniuscoffee.info | GeniusSpecialityCoffee

ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့်ကော်ဖီလုပ်ငန်းမှ ထုတ်လုပ်သော ထုတ်ကုန်များ ဝယ်ယူရောင်းချလိုပါက တရားဝင်ကိုယ်စားလှယ်များနှင့် ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံပါသည်။ အတုအပသတိပြု ဝယ်ယူအားပေးကြပါ။

# ရတနာပုံနှင့် ရန်ကုန်တို့ ထိပ်တိုက်တွေ့ဆုံနေသည့် MNL ပွဲစဉ် (၃) ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် MNL ပြိုင်ပွဲစတင်ကတည်းက အစဉ်အလာကြီးမားခဲ့သော ပြိုင်ဘက်များဖြစ်သည့် ရတနာပုံနှင့် ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၃) အဖြစ် ဇန်နဝါရီ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် Southern အသင်း၊ ဝေဘာဂီကွင်း၌ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် မကွေးအသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပွဲစဉ် (၂) အပြီးတွင် ရန်ကုန်အသင်းက ခြောက်မှတ်၊ ရခိုင်နှင့် ဧရာဝတီအသင်းက လေးမှတ်စီ၊ Southern၊ ဇွဲကပင်၊ ဟံသာဝတီနှင့် ဒဂုံအသင်းတို့က သုံးမှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းက နှစ်မှတ်စီ၊ စစ်ကိုင်းနှင့် မကွေးအသင်းက တစ်မှတ်စီရထားပြီး Chinland အသင်းမှာမူ နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။

ရတနာပုံနှင့် ရန်ကုန်ပွဲမှာ အနိုင်သုံးမှတ်အပြင် ဂုဏ်သိက္ခာအတွက်ပါ ယှဉ်ပြိုင်မည့်ပွဲလည်းဖြစ်သည်။ ရတနာပုံအသင်းသည် ရာသီအစပွဲများကို အိမ်ကွင်း၌ ဆက်တိုက်ကစားနေရပြီး ရန်ကုန်အသင်းမှာမူ နှစ်ပွဲကစားအနိုင်ရထားသော်လည်း အိမ်ကွင်း၌ ကစားထားရခြင်းဖြစ်ပြီး ရတနာပုံနှင့်ပွဲမှာ ယခုရာသီ၏ ပထမဆုံးအဝေးကွင်းပွဲလည်းဖြစ်သည်။ ရတနာပုံအသင်းသည် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသောကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိသော်လည်း အသင်းကြီးများနှင့် တွေ့ဆုံသည့်ပွဲများတွင်မူ အားကုန်ထုတ်ကစားလျက်ရှိသည်။

ထို့ပြင် နှစ်ပွဲဆက်သရေကျထားသည့် ရှမ်းယူနိုက်တက်အသင်းသည် တန်းတက်ဒဂုံအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# ရွှေဘိုခရိုင်တွင် မိုးစပါးများရိတ်သိမ်းနေစဉ် စပါးဈေးနှုန်းများ မြင့်တက်လာ

**ရွှေဘို ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် သဖန်းဆိပ်ဆည်ရေဖြင့် လယ်မြေဧကငါးသိန်းခန့် စိုက်ပျိုးထားသော မိုးစပါးများ ရိတ်သိမ်းနေစဉ် စပါးဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာနေကြောင်း ဒေသခံများထံမှ သိရသည်။

ဝယ်ယူစားသုံးနေမှု မြင့်မားလာသောကြောင့်လည်းကောင်း၊ ရောင်းလိုအားထက် ဝယ်ယူအားကောင်းနေမှုကြောင့်လည်းကောင်း မိုးစပါးများ လှိုင်လှိုင်ရိတ်သိမ်းနေစဉ်တွင် စပါးဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာနေကြောင်း၊ သဖန်းဆိပ်ဆည်ရေသောက်ရှိ လယ်မြေများတွင် ရွှေဘိုဘေးကျားခေါ် ပေါ်ဆန်းစပါး အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

လွန်ခဲ့သောတစ်လခန့်က စပါးများစတင်ရိတ်သိမ်းနေချိန်တွင် စပါးတင်းတစ်ရာ ကျပ် ၁၂၅၀၀၀ ရှိခဲ့ရာမှ ယခု ရိတ်သိမ်းနေဆဲကာလတွင် ကျပ် ၁၄ သိန်းဝန်းကျင်ထိ မြင့်တက်လာကာ ရောင်းဝယ်နေကြကြောင်း သိရသည်။

**ရောင်နီတင်ဝင်း**

## လူမှုကူညီရေးအသင်း ငါးနှစ်ပြည့်အခမ်းအနားကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၂၅**

နေပြည်တော် ပျဉ်းမနားမြို့ရှိ "မွန်မြတ်သူ" လူမှုကူညီရေးအသင်း၏ ငါးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက အသင်းရုံးခန်းမတွင် ကျင်းပသည်။

"မွန်မြတ်သူ" လူမှုကူညီရေးအသင်းကြီးအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်တိုက်မှုဖြစ်ပွားသည့် နေရာများသို့ သတင်းရလျှင်ရချင်း အချိန်နှင့်တစ်ပြေးညီ သွားရောက်၍ လူနာများကို အသင်းပိုင်မော်တော်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးလျက်ရှိပြီး အဆိုပါ လူမှုကူညီရေးအသင်းသို့ ဆက်သွယ်အကူအညီတောင်းခံလိုပါက အသင်းဥက္ကဋ္ဌ ဦးသန်းဇော်ဦး ဖုန်း ၀၉-၄၂၀၇၀၉၃၇၃ နှင့် အသင်းအတွင်းရေးမှူး ဦးသန့်ဇော်လင်း(ခ)ကိုဟိန်း ဖုန်း ၀၉-၄၂၀၇၄၄၆၈၉ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**



သထုံမြို့ အထက(၂)ရှေ့၌ ဇန်နဝါရီ ၂၄ ရက်တွင် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် သထုံမြို့နယ်မှူး ရဲမှူးစိုးအောင်နှင့်တပ်ဖွဲ့ဝင်များ၊ သထုံ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်မင်းသူနှင့်အဖွဲ့တို့က ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မူခင်းပညာပေးဟောပြောစဉ်။ **ကြေးမုံ**

Times City

Times City ၏

Jewellery & Luxury Mall တွင် မြန်မာနိုင်ငံ၏ကြီးကျယ်ခမ်းနားဆုံးသော ကျောက်မျက်ရတနာနှင့် ရွှေဆိုင်များ၊ Gold Stock Exchange၊ ကျောက်မျက်ရတနာနှင့် ရွှေစမ်းသပ်ခန်းများကို တစ်စုတစ်ဝေးတည်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီ Branded ဆိုင်များကိုလည်း ပါဝင်ရောင်းချ သွားမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသော မိတ်ဆွေများအတွက် နေ့စဉ်နံနက် ၉း၀၀ နာရီမှညနေ ၅း၀၀ နာရီအထိ Information Centre အားဖွင့်လှစ်ပေးထားပါသဖြင့် မိတ်ဆွေများသိရှိလိုသည့် အချက်အလက်များ၊ငှါးရမ်းဝယ်ယူလိုသည့် ဆိုင်ခန်းများအား လာရောက်ကြည့်ရှုစုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် Times City မိသားစုမှ အကောင်းဆုံးဝန်ဆောင်မှုများ၊ အထူးဈေးနှုန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Soft opening on 01 May 2019

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။

ဖုန်းနံပါတ်များ - 09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm

Facebook - Times City Yangon - Myanmar

Email - timescityproject@gmail.com

# ငလျင်အန္တရာယ်နှင့် ထိခိုက်ဆုံးရှုံးမှုခံရနိုင်ခြေ လျှော့နည်းကျဆင်းရေး

■ တင့်လွင်ဆွေ

ငလျင်သည် ကမ္ဘာ့မြေထုအတွင်း တစ်နေရာ၌ မြေထုချပ်အလွှာများ အချင်းချင်းပွတ်တိုက်ခြင်း၊ ကျိုးပဲ့ခြင်း၊ မြေထုချပ်များ ရွေ့မျောလှုပ်ရှားခြင်း စသောအကြောင်းများကြောင့် ပေါ်ပေါက်သော ဖြစ်ရပ်တစ်ခုသာဖြစ်သည်။ ထိုဖြစ်ရပ်သည် မြေပြင်ကွဲအက်ခြင်းနှင့် တုန်ခါယိမ်းထိုးခြင်းများနှင့် ယှဉ်၍ဖြစ်၏။ တုန်ခါမှုကို မြေပြင်တစ်လျှောက် တက်ကြွလှုပ်ရှားသည့်လှိုင်းအသွင်ဖြင့် ခံစားသိရှိကြသည်။ ထိုခံစားသိရမှုကိုပင် ငလျင်လှုပ်သည်ဟု ဆိုကြသည်။ ထိုငလျင်ဖြစ်ရာအရပ်သည် လူတို့နေထိုင်ရာ မြို့ပြများနှင့်ဝေးသောအရပ်၌ ကျရောက်ပါက ငလျင်ဖြစ်ကြောင်းကို သိရရုံမျှသာဖြစ်သော်လည်း လူတို့နေထိုင်ရာ မြို့ပြ၊ အဆောက်အအုံများအနီးအပါး၌ ကျရောက်ပါက မကောင်းသော အကျိုးဆက်များ ကြုံရတတ်သောကြောင့် ငလျင်အန္တရာယ်ကို သိရှိနားလည်ထားပြီး အထိအခိုက်နည်းပါးစေရန် လိုအပ်သောပြင်ဆင်မှုများကြိုတင်စီမံဆောင်ရွက်ထားကြရန် ဖြစ်သည်။ ဤဆောင်းပါးတွင် မြန်မာပြည်တွင်းနှင့် အနီးဝန်းကျင်၌ဖြစ်သော ငလျင်များအကြောင်း၊ ငလျင်ဖြစ်စေသောအကြောင်းနှင့် အကျိုးဆက်များအပြင် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုခံရနိုင်ခြေ လျှော့နည်းစေရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်အချို့ကို ဆွေးနွေးတင်ပြထားသည်။

## ၂၀၁၀-၂၀၁၉ ငလျင်ဆယ်စုနှစ် မှတ်တမ်း

၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုနီးပါးကာလအတွင်း မြန်မာနိုင်ငံအတွင်း၌ ပြင်းအား ၆ ဒသမ သုညနှင့်အထက် အရွယ်အစားရှိသော ငလျင်ခြောက်ခုလှုပ်ခဲ့ပြီး ထိုအထဲမှ သုံးခုမှာ ဟုမ္မလင်း၊ မင်းကင်းနှင့် ချောက်ဒေသများ၌ ကျရောက်ကာ နှစ်ခုမှာ မြန်မာနိုင်ငံအလယ်ပိုင်း သပိတ်ကျင်းမြို့အနီးနှင့် ဖြူးမြို့အနောက်ဘက် ပဲခူးရိုးမအတွင်း၌ ကျရောက်ခဲ့သည်။ အခြားတစ်ခုမှာ ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့အနီး၌ ဖြစ်သည်။ မြန်မာနိုင်ငံနယ်နိမိတ်နှင့်ကပ်လျက် ထိုင်းနိုင်ငံအတွင်း၌ တစ်ခု၊ ကပ္ပလီပင်လယ်အပါအဝင် အိန္ဒိယနယ်မြေအတွင်း၌ လေးခုဖြစ်ပေါ်ခဲ့သည်။ တာလေငလျင် (၂၀၁၁)၊ သပိတ်ကျင်းငလျင် (၂၀၁၂)နှင့် ချောက်ငလျင် (၂၀၁၆)တို့မှာ မြို့ပြများအနီးအနား၌ ကျရောက်ခဲ့သောကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် လှုပ်ခဲ့သော ပြင်းအား ၆ ဒသမ ၈ ငလျင်ကြောင့် တာလေမြို့နယ်ရှိ အိမ်ခြေ ၇၅၀ (မြို့ ၃၆၆၊ ယိုင် ၁၈၂ နှင့် ကွဲပျက် ၂၀၂) ခန့် ထိခိုက်ပျက်စီးကာ လူပေါင်း ၇၆ ဦး သေဆုံးခဲ့ရသည်။ (https://www.tachileik.net/ 2013/ 03/ earthquake-tarlay-2011.html)။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က လှုပ်ခဲ့သော ပြင်းအား ၆ ဒသမ ၈ ငလျင်ကြောင့် သပိတ်ကျင်း၊ စဉ့်ကူး စသော မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်ခုအတွင်းမှ အဆောက်အအုံများ ထိခိုက်ပျက်စီးသဖြင့် ပြန်လည်ပြင်ဆင် တည်ဆောက်ရသည်မှာ အိမ်ပေါင်း ၁၀၇၉ အိမ်၊ ရုံးအဆောက်အအုံ ၄၈ ရုံး၊ စာသင်ကျောင်း ၉၆ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း ၁၇ ခု၊ သာသနိကအဆောက်အအုံ ၉၆ ခုနှင့် စေတီတော် ၁၂၁ ဆူတို့ဖြစ်သည်။ (မြန်မာ့အလင်း၊ ဇန်နဝါရီ ၂၇၊ ၂၀၁၃)။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ ဧရာဝတီမြစ် အနောက်ဘက် ချောက်မြို့ တစ်ဖက်ကမ်းနေရာ တစ်ဝိုက်ကိုဗဟိုပြု၍ လှုပ်သော ပြင်းအား ၆ ဒသမ ၈ ငလျင်ကြောင့် ပုဂံနယ်တစ်ဝိုက်ရှိ ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရား၊ အုတ်ကျောင်းပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးမှုကြုံခဲ့ရသည်။ (သိန်းလွင်၊ ၂၀၁၆)။ လူအသေအပျောက် မရှိခဲ့သော်လည်း သမိုင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုတန်ဖိုးရှိသော အရာဝတ္ထုများစွာ ထိခိုက်ခဲ့ရသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ငလျင်လှုပ်ရှားမှုများသည် ငလျင်ကြီးများသာလှုပ်လေ့ရှိသော ရန်ကုန်နှင့် ဖြူးနယ်တစ်ဝိုက်သို့ ရောက်လာသည်။ ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်နေ့၌ တိုက်ကြီးမြို့နယ် ချိုးဖြူရေလှောင်ကန်အနီး ဗဟိုချက်ကျသော ပြင်းအား ၅ ဒသမ ၁ တိုက်ကြီးငလျင်နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့၌ ဖြူးမြို့အနောက်တောင်ဘက် ပဲခူးရိုးမအတွင်း လှုပ်ခဲ့သော ပြင်းအား ၆ ဒသမ သုည ပဲခူးရိုးမ ငလျင်တို့သည် မှတ်သားဖွယ် အရွယ်အစားနှင့် ထိခိုက်မှုအနည်းငယ်ရှိခဲ့သော ငလျင်များဖြစ်သည်။ တိုက်ကြီးငလျင်သည် အရွယ်အစားအားဖြင့် အလတ်တန်းစား ဖြစ်သော်လည်း လူနေအဆောက်အအုံများ အနီးအပါး၌ ကျရောက်ခဲ့သောကြောင့် ချိုးဖြူ ရေယူအဆောက်အအုံနှင့် အခြားသက်တမ်းရင့် အဆောက်အအုံများ ထိခိုက်မှုရှိခဲ့ရသည်။ ပဲခူးရိုးမငလျင်သည် အင်အားအသင့်အတင့်ရှိသော်လည်း အနီးအပါးက မြို့ပြများအား ထိခိုက်မှုမရှိခဲ့ပေ။

## ငလျင်ဖြစ်သော အကြောင်းများ

မြန်မာနိုင်ငံအတွင်း ငလျင်ဖြစ်စေသော ဘူမိအနေအထားများရှိသည်။ တက်တိုးနစ်ရပ်ဝန်းများဟုခေါ်သည်။ ဖြစ်ရာနယ်ပယ်အလိုက် အနောက်မှအရှေ့သို့ အစဉ်အတိုင်းပြရလျှင် (၁) အနောက်ဘက်တောင်တန်းများရပ်ဝန်း၊ (၂)အလယ်ပိုင်းမြေနိမ့်လွင်ပြင်၊ (၃)အရှေ့ဘက်ကုန်းမြင့်ရပ်ဝန်းနှင့်(၄) တောင်ဘက်ရှိ ကပ္ပလီပင်လယ် အောက်ခင်းပြင်တို့ဖြစ်သည်။ ထိုရပ်ဝန်းများ၏ လှုပ်ရှားမှုများကြောင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၊ အပ၌ ငလျင်များလှုပ်သည်။ ပုံတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၊ အပ၌လှုပ်သော ပြင်းအား ၅ ဒသမ သုညနှင့်အထက်ရှိသော ငလျင်များနှင့် တက်တိုးနစ်ရပ်ဝန်းများ၏ အရေးပါသော ပြတ်ရွေ့ကြီးများကို စုပေါင်းပြထားသည်။

ဘူမိဗေဒစာပေ၌ တက်တိုးနစ်ဟုခေါ်သော မြေထုချပ်များ ရွေ့မျောခြင်း၊ ထိတွေ့တွန်းတိုက်ခြင်း စသည့် ယန္တရားသည် ရှိ၏။ ထိုသဘောအရ မြန်မာပြည်အနောက်ဘက်ရှိ အိန္ဒိယမြေထုချပ်သည် မြောက်ဘက်ရှိ ဟိမဝန္တာတောင်တန်းများနှင့် အရှေ့ဘက်ရှိ မြန်မာမြေထုချပ်အောက်သို့ ငုပ်လျှိုးလျက်ရှိသည့်အပြင် မြေထုချပ်အချင်းချင်းလည်း ရင်ဆိုင်တွန်းတိုက်လျက်ရှိသည်။ ထိုဖြစ်စဉ်ကြောင့်ပင် မြန်မာမြေထုချပ်၏ အနောက်ဘက်အစွန်းသည် ကြွတက်ကာ နာဂတောင်တန်း၊ ချင်းတောင်တန်း၊ ရခိုင်ရိုးမ စသည့် တွန့်ခေါက်တောင်တန်းများ ပေါ်ပေါက်လာသကဲ့သို့ ဖောက်တိမ်(မြေပြင်မှ မြေအောက်အနက် ကီလိုမီတာ ၇၀ အထိ)နှင့် ဖောက်လတ် (မြေအောက်အနက် ကီလိုမီတာ ၇၀ မှ ကီလိုမီတာ ၃၀၀ အထိ) ငလျင်များလည်း ဖြစ်ကြသည်။ မှတ်တမ်းများအရ ဤရပ်ဝန်း၌ အနက်ဆုံးငလျင်မှာ မြေပြင်အောက် ကီလိုမီတာ ၂၀၀ ဝန်းကျင် ဖြစ်သည်။ ရှေး၌ပြခဲ့သော ပြင်းအား ၇ ဒသမ သုည ဝန်းကျင်ရှိသော ဟုမ္မလင်း (၂၀၁၁)၊ မင်းကင်း (၂၀၁၆)၊ ချောက်(၂၀၁၆) စသော ငလျင်ကြီးများသည် ဤအနောက်ဘက်တောင်တန်းများ ရပ်ဝန်းလှုပ်ရှားမှုနှင့် ဆက်စပ်၍ဖြစ်သော ငလျင်များဖြစ်ကြသည်။

အနောက်ဘက်တောင်တန်းများ အရပ်၌ အိန္ဒိယမြေထုချပ်နှင့် အရှေ့ဘက်ရှိ မြန်မာမြေထုချပ်တို့ ရင်ဆိုင်တွန်းတိုက်နေကြသကဲ့သို့ မြန်မာမြေထုချပ်သည် အရှေ့ဘက်ရှိ ရှမ်းကုန်းမြင့်ပါဝင်သော ဆွန်ဒါမြေထုချပ်နှင့် ထိစပ်ပွတ်တိုက်လျက်ရှိသည်။ ထိုမြေထုချပ်ကြီး နှစ်ခု ထိစပ်ပွတ်တိုက်ရာသည် ကြီးမားသော အခြေပြောင်းပြတ်ရွေ့တစ်ခုဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့ဟု အမည်ရသည်။ တောင်ဘက် မုတ္တမပင်လယ်အတွင်းမှ မြန်မာပြည်မြောက်ဘက် တနိုင်း၊ ပူတာအိုကချင်တောင်တန်းများအထိ ကီလိုမီတာ ၁၀၀၀ ခန့် အလျားရှိကာ တအိအိနှင့်ရွှေ့နေ




**မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း၊ အပ၌လှုပ်သော ပြင်းအား ၅ ဒသမ သုညနှင့် အထက်ရှိသော ငလျင်များ။**

သော ပြတ်ရွေ့ကြီး ဖြစ်သည်။ ကာမိုင်း (၁၉၄၁)၊ ဝန်းသို (၁၉၄၆)၊ တကောင်း (၁၉၉၁)၊ သပိတ်ကျင်း (၂၀၁၂)၊ စစ်ကိုင်း (၁၉၅၆)၊ တောင်တွင်းကြီး (၂၀၀၃)၊ ဖြူး (၁၉၃၀)၊ ပဲခူး (၁၉၃၀) စသည့် အလယ်ပိုင်းမြေနိမ့်လွင်ပြင်၌ ကျရောက်ခဲ့သော ငလျင်ကြီးများသည် စစ်ကိုင်းပြတ်ရွေ့၏ အဆစ်အပိုင်းများ၊ စစ်ကိုင်းပြတ်ရွေ့နှင့် ဆက်နွယ်သော ပြတ်ရွေ့များ၏ လှုပ်ရှားမှုနှင့် ဆက်စပ်ကြသည်။ ဖောက်တိမ်ငလျင်များသာ လှုပ်လေ့ရှိသည်။

စစ်ကိုင်းပြတ်ရွေ့၏ အရှေ့ဘက်သည် ဆွန်ဒါမြေထုချပ်ဖြစ်သည်။ လာအို၊ ရှမ်းကုန်းမြင့်၊ တနင်္သာရီ၊ ထိုင်းမှသည် မလေးရှား၊ ဆူမတြားအထိ ပါဝင်သည်။ စစ်ကိုင်းပြတ်ရွေ့တစ်လျှောက် မြန်မာမြေထုချပ်က မြောက်ဘက်သို့ ရွေ့နေသလို ဆွန်ဒါမြေထုချပ်သည်လည်း တောင်ဘက်သို့ ဦးတည်ရွေ့လျားမှု ရှိနေသည်။ ကျောက်မဲ၊ နောင်ချိုနယ်မှ အင်းလေး-ညောင်ရွှေကိုဖြတ်ကာ တောင်ဘက် ဖားဆောင်းအထိရှည်လျားသော ကျောက်ကြမ်းပြတ်ရွေ့ကဲ့သို့ တောင်-မြောက်လားရာအတိုင်း တည်နေသော ပြတ်ရွေ့များရှိသကဲ့သို့ ရှမ်းကုန်းမြင့်အရှေ့ခြမ်း၌ ရွှေလီ၊ နမ့်တိန်၊ နမ်းမားတို့ကဲ့သို့ အရှေ့-အနောက် လားရာအတိုင်းရှိသော ပြတ်ရွေ့များလည်း ရှိသည်။ ၁၉၁၂ ခုနှစ်၌ ပြင်ဦးလွင်-နောင်ချိုတစ်ဝိုက်ကိုဗဟိုပြု၍ အရွယ်အစားကြီးမားသော ငလျင်ကြီးတစ်ခုလှုပ်သည်။ (Brown, 1917)။ မေမြို့ငလျင်ဟု သိကြသည်။ မြန်မာပြည်တွင်း၌ဖြစ်သော ကုန်းတွင်းငလျင်များအနက် အကြီးဆုံးငလျင်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ကျောက်ကြမ်းပြတ်ရွေ့၏ မြောက်ဘက်အဆစ်အပိုင်းတစ်ခု၏ လှုပ်ရှားမှုကြောင့် ဖြစ်သည်။ ကျောက်ကြမ်းပြတ်ရွေ့သည် စစ်ကိုင်းပြတ်ရွေ့ကဲ့သို့ပင် လက်ယာရွေ့ပြတ်ရွေ့တစ်ခုဖြစ်သည်။ တာလေငလျင် (၂၀၁၁)သည် ရှမ်းပြည်အရှေ့ပိုင်းမှသည် လာအိုနိုင်ငံအတွင်းအထိ သွယ်တန်းလျက်ရှိသော နမ်းမားပြတ်ရွေ့တစ်လျှောက် လှုပ်ရှားမှုကြောင့် ဖြစ်သည်။ ငလျင်ကြီးအများစုသည် ဖောက်တိမ်ငလျင်များသာ ဖြစ်သည်။

တောင်ဘက်ရှိ ကပ္ပလီပင်လယ် အောက်ခင်းပြင် ငလျင်ရပ်ဝန်းသည် မြန်မာမြေထုချပ်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ မြန်မာမြေထုချပ်သည် မြောက်ဘက် ကချင်တောင်တန်းများမှ တောင်ဘက် အင်ဒိုနီးရှားနိုင်ငံ မြောက်ဘက်အစွန်းရှိ ဆူမတြားအထိ အကျုံးဝင်သည်။ ၂၀၀၄ ခုနှစ်က ဖြစ်သော ဆူမတြားငလျင်ကြီးနှင့် အိန္ဒိယသမုဒ္ဒရာ၌ဖြစ်သော ဆူနာမီသည် အိန္ဒိယမြေထုချပ်က မြန်မာမြေထုချပ်အောက်သို့ တိုးဝင်တွန်းတိုက်ရာမှပေါ်ပေါက်သော ငလျင်ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

> **စစ်ကိုင်းပြတ်ရွေ့၏ အရှေ့ဘက်သည် ဆွန်ဒါမြေထုချပ် ဖြစ်သည်။ လာအို၊ ရှမ်းကုန်းမြင့်၊ တနင်္သာရီ၊ ထိုင်းမှသည် မလေးရှား၊ ဆူမတြားအထိ ပါဝင်သည်။ စစ်ကိုင်းပြတ်ရွေ့တစ်လျှောက် မြန်မာမြေထုချပ်က မြောက်ဘက်သို့ ရွေ့နေသလို ဆွန်ဒါမြေထုချပ်သည်လည်း တောင်ဘက်သို့ ဦးတည်ရွေ့လျားမှု ရှိနေသည်။**

## တိုတိုထွာထွာဖတ်စရာ

### နှစ်ပတ်လည်နေ့အား ဂုဏ်ပြုစုပေါင်းသွေးလှူ

**မြဝတီ**
မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေး၊ ဒုတိယဦးစီးမှူး ဒေါ်သိန်းသိန်းနှင့် ဝန်ထမ်း ရှစ်ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

### တောင်ငူ၌ စာပေဟောပြောပွဲကျင်းပရေး အစည်းအဝေးကျင်းပ

**တောင်ငူ**
တောင်ငူမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ ၂၀၁၉ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ ကန်တော်ကြီးခါတုကလျာလမ်းရှိ သမာဓိဂေဟာ၌ကျင်းပရာ တောင်ငူမြို့နယ်စာရေးဆရာအသင်းနာယကဦးကျော်လှ(သမာဓိ) နှင့် အသင်းဥက္ကဋ္ဌ ဦးစံလှ(စံ-ကေတု)တို့က အမှာစကားပြောကြားကြသည်။

တောင်ငူမြို့ ခပေါင်းခန်းမ၌ စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)နှင့် အကယ်ဒမီဆွေဇင်ထိုက်တို့က ဖေဖော်ဝါရီ ၂ ရက် ည ၇ နာရီတွင် စာပေရေးရာများကို ဟောပြောကြမည်ဖြစ်ကြောင်းသိရသည်။ **၁၂၉**



လသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ယဉ်ထွေးတို့ ဇန်နဝါရီ ၂၅ ရက်က အထက(၂)လသာ၏ ကျောင်းရှေ့တွင် ကျောင်းသူ ၅၀၀ ခန့်အား မှုခင်းအသိပညာပေး ဟောပြောစဉ်။ **မီးမီး(လှိုင်)**

## စည်ပင်သာယာဝန်ကြီးများ ရန်ကုန်စည်ပင်လုပ်ငန်းများလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၂၅**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် The Asia Foundation တို့ပူးပေါင်းစီစဉ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စည်ပင်သာယာဝန်ကြီးများသည် ဇန်နဝါရီ ၂၄ ရက်ညနေပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်နေသော စည်ပင်သာယာလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

စည်ပင်သာယာဝန်ကြီးများ အဖွဲ့သည် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လဂွန်းပြင် ရေပေးဝေရေးစခန်းသို့ သွားရောက်လေ့လာကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့ရေပေးဝေနေမှုများနှင့် လဂွန်းပြင် ရေပေးဝေရေးစခန်း အကောင်အထည်ဖော်တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးများအဖွဲ့သည် ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းရှိ ၁၈၈၈ ခုနှစ်က စတင်တည်ထောင်လည်ပတ်ခဲ့သည့် ရန်ကုန်မြို့၏ ပင်မလေမှုတ်စက်ရုံသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လေမှုတ်စက်ရုံ သမိုင်းကြောင်း၊ ရန်ကုန်မြို့ မိလ္လာစနစ်ကို လေဖိအားသုံး၍တွန်းပို့ပြီး အညစ်အကြေးများ ရန်ကုန်မြစ်အတွင်း စွန့်ပစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသခဲ့ပြီး စက်ရုံအတွင်း လည်ပတ်နေမှုများကို ကြည့်ရှုလေ့လာကြသည်။



ထိုမှတစ်ဆင့် ပြည်သူ့ဥယျာဉ်အတွင်း နက္ခတ်တာရာပြခန်းအနီး ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ (YRTA) က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Yangon Bus Operator သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရန်ကုန် မြို့ဘတ်စ်ကားများကိုကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်မောင်းနှင်စေပုံများ၊ မီးပွိုင့်များတွင် စောင့်ကြည့်ကင်မရာများတပ်ဆင်၍ ၂၄ နာရီ စောင့်ကြည့်နေမှုများ စသည်တို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

## လားရှိုးတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး ဇန်နဝါရီ ၂၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို လားရှိုးမြို့အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမတွင် ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲသို့(ရှမ်း/မြောက်)ပြည်နယ်ပညာရေးမှူး(ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူစုစုပေါင်း အင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၂ ကတ်အား ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ဇော်လွင်(လားရှိုး)**



မန္တလေးခရိုင်အတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာ၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီခန့်တွင် ချမ်းမြသာစည်မြို့နယ်လျှပ်စစ်မန်နေဂျာဦးစီး၍ ကန်သာယာရပ်ကွက် ၅၉ × ဘုရင့်နောင်လမ်းထောင့်တွင် (200) kVA ထရန်စဖော်မာမှာ ဝန်အားနိုင်နင်းမှုမရှိတော့သဖြင့် (315) kVA ထရန်စဖော်မာ အစားထိုးလဲလှယ်တပ်ဆင်ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။ **တင်မောင်**

## အနုပညာသတင်း

### ပရိသတ်တွေနဲ့ အမေး၊ အဖြေ ပြုလုပ်သွားမယ့် Westlife



တစ်ချိန်က အလွန်ကို ကျော်ကြားတဲ့ အိုင်ယာလန်အမျိုးသားတေးဂီတအဖွဲ့ "Westlife" ဟာ ပရိသတ်တွေနဲ့ တွေ့ဆုံကာ အမေး၊ အဖြေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။ ဒီတွေ့ဆုံပွဲကိုတော့ စင်ကာပူမှာ ပြုလုပ်သွားမှာဖြစ်ပြီး ဒီတွေ့ဆုံပွဲနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ဝင်လေးဦးပါဝင်တဲ့ အဆိုပါအမျိုးသားတေးဂီတအဖွဲ့ဟာ လာမယ့် ဇန်နဝါရီ ၃၁ ရက်မှာ ပရိသတ်တွေနဲ့ အမေး၊ အဖြေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ "Westlife" ဟာ လွန်ခဲ့တဲ့ ရှစ်နှစ်တာကာလအတွင်း တေးသီချင်းသစ် ထုတ်လွှင့်ခဲ့ခြင်းမရှိဘဲ ယခုလအစပိုင်းမှာမှ တေးသီချင်းတစ်ပုဒ်ကို စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ "Hello My Love" ထုတ်လွှင့်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပရိသတ်တွေနဲ့တွေ့ဆုံကာ အမေး၊ အဖြေ ပြုလုပ်သွားမှာလည်း ဖြစ်ပါတယ်။

အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဘရိုင်ယန်မက်ဖက်ဒန်ဟာ ၂၀၀၄ ခုနှစ်အတွင်း အဖွဲ့ကနေ နုတ်ထွက်သွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မကြာမီပြုလုပ်သွားမယ့် တွေ့ဆုံပွဲမှာလည်း ဘရိုင်ယန်မက်ဖက်ဒန်အနေနဲ့ ပါဝင်သွားမှာမဟုတ်ဘူးလို့ သိရပါတယ်။

မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ "Hello My Love" တေးသီချင်းဟာ အဖွဲ့ရဲ့ ၁၁ ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ်မှာပါဝင်မယ့် ခေါင်းစီးတေးလည်းဖြစ်ပါတယ်။ ဒီတေးသီချင်းကိုတော့ ဗြိတိန်ရဲ့ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အက်ဒ်ရှီရန်က ပါဝင်ကူညီရေးသားပေးထားတာ ဖြစ်ကြောင်းလည်းသိရပါတယ်။ အဖွဲ့ရဲ့ စတူဒီယိုတေးအယ်လ်ဘမ်သစ်ကိုတော့ ယခုနှစ်နှောင်းပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

စင်ကာပူမှာ ပရိသတ်တွေနဲ့ တွေ့ဆုံရင်း အဲဒီမှာ ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ရှိနေမှာ ဖြစ်တယ်လို့လည်း အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ ရေးသားဖော်ပြထားကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

### ကေပေါ့ပ်အဖွဲ့သစ် COCO တေးသီချင်း စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ တေးဂီတအဖွဲ့သစ်တစ်ဖွဲ့ဟာ လတ်တလောမှာတော့ ပရိသတ်တွေနဲ့ စတင်မိတ်ဆက်လိုက်ပြီဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာ ပေါ်ထွက်လာခဲ့တဲ့အဖွဲ့ကတော့ အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်တွေဟာ ကလေးအရွယ်သာ ရှိသေးတာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါတေးဂီတအဖွဲ့ရဲ့ တေးသီချင်းအမည်ကိုတော့ "Talk Talk" လို့ပေးထားကြောင်း သိရပါတယ်။ တေးသီချင်းရဲ့တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး တေးသီချင်းအပြည့်အစုံကိုတော့ လာမယ့် ဇန်နဝါရီ ၂၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အစမ်းတေးဗီဒီယိုမှာတော့ အဖွဲ့ဝင် ခုနစ်ဦး ပါဝင်တာတွေ့ရပါတယ်။ လတ်တလောအချိန်အထိတော့ အဖွဲ့ဝင်တွေရဲ့အကြောင်းနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။



# ရှေ့နေနှင့်ဒေါသ

ဦးဟန်ညွန့်(ဥပဒေ)




## နိဒါန်း

"ဆရာ"
"ဘာလဲကွ"
"ဟာ"
"ဘာဟာလဲ"
"ဆရာစိတ်ဆိုးနေတာလား"
"စိတ်ဆိုးနေတာမဟုတ်ဘူးကွ၊ ဒေါသဖြစ်နေတာ၊ ဒေါသဖြစ်နေတာ။"
"မင်းဒီလောက်မှ အကဲမခတ်တတ်ဘူးလား၊ ငါ ထလုပ်လိုက်ရ"
"အလို... အရင်က ဆရာဒီလိုမဟုတ်ပါဘူး။"
"အရင်ကမဟုတ်ပေမယ့် အခုဟုတ်တယ်ကွာ၊ မင်းကဘာလုပ်ချင်သေးလို့လဲ"
"ဖြစ်ရလေဆရာရယ်"

## အသံကဇာတ်ပြ

ဒေါသသံသည် မူလအသံမဟုတ်။ ဒေါသပါသည်။ လောဘပါသည်။ မောဟပါသည်။ အသံကိုနားထောင်ကြည့်ရုံဖြင့် သိသာသည်။ အသံကဇာတ်ပြနေသည်။

## စိတ်ကိုတည်ငြိမ်စွာထား

ဒေါသပေါက်ကွဲနေချိန်မို့ ကိုယ့်စကားတွေ ကိုယ်ဘယ်ရောက်သွားမှန်းမသိ။ သတိနှင့် ပြန်၍ဆင်ခြင်ရသည်။ စိတ်ကိုတည်ငြိမ်စွာပြန်ထားရသည်။ စိတ်ဆိုးဒေါသထွက်နေချိန်တွင် ဘယ်သူ့ကိုမှ မမြင်။ ဘယ်အရာကိုမှ မမြင်။ (ခဏတစ်ဖြုတ်၊ စိတ်နှင့်ကိုယ်ကင်းကွာသွားသလိုလို။ ကိုယ် အလိုမကျလို့ ဒီလိုဖြစ်နေတာ။) ဒေါသ၊ ဒေါသ။

## ဒေါသဆိုသည်မှာ

- ဒေါသ (Pali - a'go )
- ဒေါကန်၊ do:kan/v (colloq) be very angry; be furious with anger
- ဒေါကြီးမောကြီး၊ do: adv: angrily; furiously; wrathfully
- ဒေါထ/ do:hta/ same as ဒေါကန်။
- ဒေါပွ/do:pwa/ same as ဒေါကန်။
- ဒေါဖောင်း/ do: hpaun/ same as ဒေါကန်။
- ဒေါသ / do :dha ; anger ; flaw ; defeat (မြန်မာ-အင်္ဂလိပ်အဘိဓာန်၊ စာ-၂၁၁ တွင် ဖွင့်ဆိုချက်)

## မထိန်းသိမ်းနိုင်

ဒေါသပေါက်ကွဲ၍ မထိန်းသိမ်းနိုင်ဖြစ်သည်။
လူသတ်မိသည်။
ရာဇဝတ်မှုကျူးလွန်မိသည်။
ဒေါသဖြစ်သမျှဘာမှအကျိုးမရှိ။
နောင်တရချိန်၌ အပြစ်လုပ်ပြီးပြီ။
ဒုက္ခပင်လယ်ဝေပြီ။

## တစ်ယောက်စကား

တစ်ယောက်စကား တစ်ယောက်နားမှာ ခါးခါးသီးသီး၊ ရင့်ရင့်သီးသီး၊ သီးခြားကမ္ဘာ၊ ကြားရသည့်စနက် ဘယ်အချက်ပါလိမ့်။

တွေ့သည့်အခိုက်၊ ရန်စွယ်မိုက်နှင့်။ မျက်မာန်ဒေါသ၊ ပြင်းထန်လှသည်၊ မာန်မာနအစွယ် ရင့်သီးဖွယ်ပါတကား။

ကိုယ်ချင်းမစာ၊ အကြင်အနာမရှိ။ သူတစ်ပါးအပေါ် မုန်းတီး၏။

သူ၏စီးပွား၊ ငါ့စီးပွားကိုထောက်ထားမသိ၊ ကြီးဘိလောဘ၊ မမျှတ။

မဟုတ်သောအကြံ၊ မမှန်သောအကျင့်၊ မသင့်သောအယူ၊ မဖြူသောနှလုံး၊ မသူတော်ထုံးကိုစွဲသုံးကျင့်ပေ၊ လူမိုက်တွေပါတကား။ စဉ်းစားစရာ၊ သုံးသပ်စရာ၊ တွေးစရာတွေဖြစ်ပေသည်။

တစ်ယောက်နှင့်တစ်ယောက်စကားများကြသည်။ ဒေါသအမျက်ထွက်ကြကုန်သည်။ ဘယ်လိုဖြစ်ကြတာလဲ။

## ဖရုသဝါစာ

ဖရုသဝါစာဆိုတာဘာလဲ။

မကြားဝံ့၊ မနာသာ၊ အယုတ်တမာဆဲဆိုမှု၊ ကျွဲခတ်၍သေပါစေ၊ ကားတိုက်၍ သေပါစေ၊ လောင်မီးကျပါစေ၊ မိုးကြိုးခပါစေ၊ ယုတ်ညံ့သောအင်္ဂါနှင့် တိုင်း၍ ပြောခြင်း၊ ဆိုခြင်း၊ ကျိန်ဆဲခြင်းတို့သည် ဖရုသဝါစာမည်၏။ ဆဲဆိုလိုသောစေတနာသည် ဖရုသဝါစာမည်၏။

## ဖရုသဝါစာမြောက်ရန်အင်္ဂါ

(၁) အဆဲခံရသူရှိခြင်း
(၂) အမျက်ထွက်စိတ်ဆိုးခြင်း
(၃) ဆဲရေးခြင်း
(ဗုဒ္ဓဘာသာတရားတော်စာအုပ် ( အထက်တန်းအဆင့်) - ၁၉၉၆၊ စာ-၃၂၃)

## ဖရုသဝါစာအပြစ်များ

ကြမ်းကြုတ်သောစကားကို ဆိုသောသူသည် သေသူ၏အခြားမဲ့၌ (အပါယ်လေးပါး၌) ဆင်းရဲစွာခံစားရသည်။ အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူ့ဘဝရောက်သောအခါတွင်လည်း အောက်ပါ ဆိုးကျိုးများခံစားရသည်-
(၁) မနှစ်သက်သောအသံကိုကြားရခြင်း
(၂) အများအမုန်းခံရခြင်း
(၃) ကဲ့ရဲ့ပြစ်တင်ခံရခြင်း
(၄) ဆင်းဆင်းရဲရဲနေထိုင်ရခြင်း
(၅) သာယာနာပျော်ဖွယ်သောအသံမရှိခြင်း
(၆) အလုံးစုံသောအသံအင်္ဂါပျက်စီးခြင်း(ဆွံ့အခြင်း)

## မေတ္တာဘာဝနာ

သူတစ်ပါးကောင်းစားစေလိုသောစိတ်ကို အဖန်ဖန်အထပ်ထပ်ဖြစ်ပွားအောင် ပြုလုပ်ပေးခြင်း၊ အာရုံပြုခြင်း၊ ပို့လွှတ်ပေးခြင်းသည် မေတ္တာဘာဝနာပွားများသည်မည်၏။ မေတ္တာပို့သည်မည်၏။

သတ္တဝါတို့အပေါ်၌ မေတ္တာပွား၍ ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့တွင် တစ်ပါးပါးပွားများ၍ ဖြစ်စေနေခြင်းသည် မြင့်မြတ်သောနေခြင်းဖြစ်သည်။ ထိုကဲ့သို့ ပွားများခြင်းသည် မြင့်မြတ်သောအကျင့်ဖြစ်သောကြောင့် ဗြဟ္မစိုရ်ဟုခေါ်ကြောင်း ဗုဒ္ဓတရားတော်ကျမ်းတွင်ပြဆိုသည်။

## ဒေါသ၏ဆန့်ကျင့်ဘက်

မေတ္တာသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေစေသည်ဖြင့် သတ္တဝါတို့၏ ကြီးပွားချမ်းသာမှုကို လိုလားတောင့်တသော အဒေါသ စေတသိက်ကိုပင် မေတ္တာဟုခေါ်သည်။

မေတ္တာကို ချစ်ခြင်းဟု အဓိပ္ပာယ်ပြုကြသည်။ မေတ္တာသည် သူတစ်ပါး၏ ကြီးပွားမှုကို လိုလားသည်။ သူတစ်ပါး၏ ချမ်းသာမှုကို အလိုရှိသည်။ မေတ္တာဟူသည် စင်ကြယ်သည်။ သန့်စင်မွန်မြတ် သည်ဟု ဘာသာရေးစာပေကျမ်းဂန်များတွင် ဖော်ပြသည်။

## မေတ္တာပို့ခြင်း

မိမိမေတ္တာပို့မည့်သူအား ဓာတ်ပုံရိုက်ဘိသကဲ့သို့ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးမြင်ပြီးအာရုံပြုပါ။ အာရုံယူပါ။ စိတ်ညွှတ်ပါ။ ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေဟု သူ့ထံ အရောက်မေတ္တာပို့လွှတ်ပါ။ ဖြန့်ကြက်ပါ။ မေတ္တာအစွမ်းထက်မြက်လှပါသည်။

ပုဂ္ဂိုလ်တစ်ဦးသာမက လူအများစု၊ တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး (စသည်ဖြင့်) ခြုံငုံ၊ အာရုံဖြန့်၊ မေတ္တာဓာတ်လွှမ်းပတ်ပို့လွှတ်နိုင်ကြပါစေ။ မေတ္တာဖြင့်သာ ဒေါသကို ပြေပျောက်စေအံ့။

## ဒေါသကမ္ဘာ

ဒေါသကမ္ဘာတွင် အောက်ပါအချက်များ ကျယ်ဝန်းစွာ တည်နေပေသည်-
(၁) စိတ်ညစ်မှု
(၂) စိတ်မချမ်းသာမှု
(၃) ကြောက်ရွံ့မှု
(၄) စိတ်ပျက်မှု
(၅) စိတ်ကောက်မှု
(၆) စိတ်ဆိုးမှု
(၇) ရန်ငြိုးဖွဲ့မှု
(၈) ဆဲဆိုငေါက်ငမ်းခြောက်ချမ်းမှု
(၉) တိုက်ခိုက်မှု
(၁၀) သေကျေပျက်စီးအောင် ကြံဆောင်မှုတို့ပါဝင်သည်။

စိတ်၏ခက်ထန်ကြမ်းတမ်းခြင်းသဘောသည် ဒေါသမည်၏။ ထို့ကြောင့် ဒေါသထွက်ခြင်းကြောင့် စိတ်ဆတ်ခက်ထန်ဟုဆိုခဲ့သည်။ ခက်ထန်ဆိုသော်လည်း ရှူးရှူးရှဲရှဲခက်ထန်ခြင်းတစ်မျိုးသာမဟုတ်။ စိတ်ညစ်နွမ်းနေပြန်လျှင်လည်း မညစ်နွမ်းသော စိတ်ကဲ့သို့ ညက်ညက်ညောညောမရှိ။ စိတ်ပုံမှာဖွာတာတာ၊ ကြမ်းတမ်းတမ်းရှိရကား စိတ်ညစ်နွမ်းမှု၊ စိတ်အားငယ်မှု၊ ကြောက်လန့်မှုများသည်လည်း ဒေါသသဘောတွင်ပါဝင်သည်ဟု ကျေးဇူးတော်ရှင် (မဟာဂန္ဓာရုံဆရာတော် ပြုစုတော်မူသော ကိုယ်ကျင့်အဘိဓမ္မာ စာအုပ်၊ ၂၀၀၆ ဇူလိုင်၊ စာမျက်နှာ - ၄၆)တွင် ဖတ်ရှုရပါ၏။ ဆရာတော်ကြီးအား ရိုသေစွာရှိခိုးပါ၏။

## ဒေါသနှင့်ပတ်သက်သောအမှုစီရင်ထုံးများ

ဥပဒေလုပ်သက် အနှစ်လေးဆယ်ကျော်တွင် အောက်ပါအမှုများ စစ်ဆေးကြုံတွေ့ခဲ့သည်။ စီရင်ထုံးများဖတ်ခဲ့ရသည်-

(၁) **နောက်မီးလင်းနေသူအား ထောင်ဖမ်း၍ သတ်ခြင်း၊**
နောက်မီးလင်းသူကို ပက်ပင်းတွေ့၊ ဒေါသ ထွက်၊ တွေ့ရာလက်နက်နှင့် ရိုက်သတ်မှု။

(၂) **မောင်းချခါးဖြင့် လည်ပင်းကိုထိုးခြင်း**
အကြီးအကျယ်ဒေါသထွက်၊ မောင်းချခါးဖြင့် သူ့လည်ပင်းကို သုံးချက် ဆက်တိုက်ထိုးပွဲချင်းပြီးသေမှု။

(၃) **ခွေးနှင့်နှိုင်း၍ ဆဲရေးမှု**
လူအများရှေ့တွင် ခွေးနှင့်နှိုင်း၍ ရိုင်းစိုင်းစွာပြော၊ ဆဲဆို။ အကြီးအကျယ်ဒေါသထွက်၊ မချုပ်တီးနိုင်၊ လူသတ်မှုဖြစ်ပွား။

(၄) **ကိုယ်ဝန်ကို ခြေထောက်နှင့်ကန် ပါးနားဆွဲရိုက်၊ ခါးပတ်နှင့် ရိုက်မှု**
လင်သား ရဲသားက ဇနီးမယားအား အထက်ပါအတိုင်း နှိပ်စက်၊ ဒေါသထွက်၊ သည်းမခံနိုင်၊ လင်သားရဲသား၏ ရိုင်ဖယ်သေနတ်ကို မယားကဆွဲလု၊ ဒေါသထွက်၍ပစ်ခတ်၊ လင်သားသေဆုံးမှု။

(၅) **ဝမ်းဗိုက်၊ အူအစိတ်အပိုင်းများထုတ်ချင်းပေါက်ဓားနှင့်ထိုးမှု**
လူတစ်ယောက်၏ ဝမ်းဗိုက်၊ အူအစိတ်အပိုင်းများထုတ်ချင်းပေါက်ဓားနှင့် ၄၊၅ ချက်ထိုး၊ သေမှု။

(၆) **လူငယ်များ တစ်ဖက်နှင့်တစ်ဖက် ရန်ပွဲဖြစ်ခြင်း**
လူစုကွဲသွား၊ တစ်ဖွဲ့က နောက်ကလိုက်၊ တစ်ဦးကဓားနှင့်ထိုး၊ ကျန်လူများကဝိုင်းချုပ်ထား၊ သေသူအားခလုတ်ဓားဖြင့် မနုတ်ဘဲအဆုံးအထိဝင်အောင်ထိုး၊ ဒေါသဖြင့်မသေသေအောင်သတ်မှု။

ဒေါသကြောင့်ဖြစ်ခဲ့သော အမှုတွေထဲကနမူနာအမှုတချို့သာပါ။ သင်ခန်းစာယူစရာအဖြာဖြာ။

## တရားကပြန်လည်စောင့်ရှောက်သည်

- တရားကိုစောင့်ရှောက်သည့်ပုဂ္ဂိုလ်ကိုတရားက ပြန်လည်စောင့်ရှောက်သည်။
- တရားကို စောင့်ရှောက်သည့် ပုဂ္ဂိုလ်သည် ချမ်းသာခြင်းကိုဖြစ်စေသည်။
- တရားကိုစောင့်ရှောက်သည့် ပုဂ္ဂိုလ်သည် အပါယ်ငရဲသို့ မကျရောက်ဟု ( ဓမ္မိကထေရဂါထာ )တွင် ပြဆိုသည်။မှတ်သားဖွယ်ရာ။

(ဆောင်းပါးခေါင်းစဉ်က ဒေါသအကြောင်းဖြစ်ပါ၍ နိဒါန်းတွင် ရင့်သီးသောဒေါသသံများဖုံးလွှမ်းသွားပါသည်။ ထိုသို့ရေးရသည်ကို စာရှုသူများအနေဖြင့် နားလည်ခွင့်လွှတ်ပြီး ဒေါသပြေ၍ မေတ္တာဝေနိုင်စေကြောင်း တောင်းပန်အပ်ပါသည်။ )

## နိဂုံး

(၁) ဒေါသသည် ပူ၏။
(၂) မေတ္တာသည် အေး၏။
(၃) အပူနှင့် အအေး ဘာကိုရွေးမလဲခင်ဗျား။

## ရွှေမဟာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

SMH

**ဖွား-ပွင့်-ဟော-စံ သံဝေဇနီယလေးဌာနနှင့် နီပေါနိုင်ငံမြို့တော် ကတ္တမန္ဒူမြို့နှင့်ဟိမဝန္တာရေခဲတောင်သို့သွားရောက်မည့်ခရီးစဉ်ကို(25.3.2019)မှ(8.4.2019)ထိ(၁၄)ညအိပ်(၁၅)ရက်ခရီးဖြင့် ထွက်ခွါပါမည်။(Mar-11,22)(Apri-12)တွင်(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်များလည်းထွက်ခွါရန်ရှိပါသည်။ လိုက်ပါလိုသူများအမြန်စာရင်းပေးသွင်းနိုင်ပါပြီ။**

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၆၃)ဓမ္မဇေယျဝတီ(ဗဟို)လမ်းမကြီး၊သံတံတားရပ်ကွက်၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၀၉-၅၁၈၈၃၇၆၊၀၉-၄၃၀၇၀၂၉၄၊၀၉-၄၃၂၀၀၆၄၆။


# သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် ပဥ္စမအကြိမ်မြောက် အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါ၍ တဆရလက်မှတ်ရ သာမန်အသင်းဝင်များနှင့် ရာသက်ပန်အသင်းဝင်များ(မပျက်မကွက်) တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ကျင်းပမည့်ရက် ။ ။ ၂-၂-၂၀၁၉ရက်(စနေနေ့)

(၂) ကျင်းပမည့်အချိန်။ ။ နံနက် ၁၀ နာရီ

(၃) ကျင်းပမည့်နေရာ။ ။ ဆိပ်ကမ်းဓမ္မာရုံ၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ရှင်ဘုရား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဆန္ဒမဲပေးမည့်သူများ၊ အမျိုးသားမှတ်ပုံတင်ကတ်ယူဆောင်၍ နံနက် ၉း၀၀နာရီမှ စတင်၍ သတင်းပို့နိုင်ပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**
**ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ပုသိမ်မြေ(၂)လမ်း၊ အမှတ်(၆၄)၊ ၂ခန်းတွဲRC (၅)ထပ်တိုက်မှ ၃-လွှာ(ခြေရင်းခန်း)၊ ဧရိယာ(၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို New Land Myanmar Home Decoration and Construction Co,Ltd.(မန်နေဂျင်းဒါရိုက်တာ) ဦးသိန်းသန်းတိုး[၁၂/ဒဂတ(နိုင်)၀၀၄၀၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကိုကိုထက် [၁၂/ကတန(နိုင်)၁၁၆၆၃၅]၊ ဒေါ်စုမွန်ထွေး[၁၂/ကတန(နိုင်)၀၈၂၉၆၈]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးကိုကိုထက်နှင့် ဒေါ်စုမွန်ထွေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph-09-450023651**

**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)**
**Ph-09-254508917**

**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဦးဆန်းထင်ချို[၁၂/ဗဟန(နိုင်)၀၈၄၆၂၇]နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စိန်[၁၂/လမတ(နိုင်)၀၀၇၇၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်-၂၈၇၊ (၅)လွှာ(ဝဲဘက်ခန်း)၊ ပေ(၂၅×၅၀)အကျယ်အဝန်းရှိ တိုက်ခန်းကို ဒေါ်ကြည်ကြည်စိန်ထံမှ ဦးဆန်းထင်ချိုသည် ၁၀-၇-၂၀၁၇ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းခေတ္တငှားရမ်းနေထိုင်ခြင်း ကတိစာချုပ်"အရ နေထိုင်ခွင့်ရရှိခဲ့ပါသည်။

သို့သော် ဦးဆန်းထင်ချိုသည် ယနေ့ထိခေတ္တငှားရမ်းနေထိုင်သောတိုက်ခန်းကို ဒေါ်ကြည်ကြည်စိန်ထံ ပြန်လည်အပ်နှံခြင်းမရှိသည့်အပြင် မည်သည့်အဆက်အသွယ်မှုပြုလုပ်ခြင်းမရှိဘဲ တိုက်ခန်းအားလက်ဝယ်ရယူထားသဖြင့် ဤကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း ဒေါ်ကြည်ကြည်စိန်ထံဆက်သွယ်၍ တိုက်ခန်းကိစ္စဖြေရှင်းပါရန်နှင့် ယင်းတိုက်ခန်းအားရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အငှားချထားခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထင်ကျော် B.Sc.,H.G.P,R.L တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅/၉၀)**

**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁**

## ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၇၉/၈၁)ဟု လိပ်စာခေါ်တွင်သည့် အဆောက်အအုံ၏အလွှာအားဖြင့် (၅)လွှာ၊ အကျယ်အဝန်း (၁၈×၅၀)ပေရှိ တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းသည် ဦးမင်းသစ်[၁၂/မဂတ(နိုင်)၀၇၄၉၂၅]တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးနု[၁၃/လရန(နိုင်)၀၉၃၅၉၈]ထံသို့ အပြီးအပိုင်ရောင်းချရန် စကားလှမ်းလာပါသည်။

အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးနုမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ဦးမင်းသစ်သို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးထင်ကျော်**
**B.Sc,H.G.P,R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅/၉၀)**

**ဒေါ်သက်လေးချို**
**LL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၈/၁၄)**

**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၂၀၀၂၄၂၈၉**

## မြို့ရွာ တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်


**Piti Thaukha San**
*Travel & Tour* လက်မှတ်အိမ်အရောက်ပို့

၀၉ ၄၂၀၀၀၅၂၂၇၊ ၀၉ ၇၉၄၉၄၄၅၈၇၊ ၀၉ ၉၆၄၂၀၅၂၂၇၊ ၀၉ ၆၉၂၂၈၇၄၂၊ ၀၉ ၄၄၂၅၃၁၂၃၇၊ ၀၉ ၂၆၂၂၇၂၅၃၉
တိုက်(7B) အခန်း(၇၀၄) ဗိုလ်မင်းရောင်အိမ်ရာ၊ မြောက်ဒဂုံ

- တောင်ကြီး-အင်းလေး-ကျိုင်းတုံ-တာချီလိတ်-ရွှေတြိဂံ-ချင်းမိုင်-ဟိုက်ပါရေတံခွန် ၄.၅ သိန်း
- ဇလုံတောင်-အင်းတော်ကြီး-မြစ်ကြီးနား-မြစ်ဆုံ-ဆဒ္ဒံရေတံခွန်-နှင်းမြို့တော်ပန်ဝါ ၃ သိန်း
- မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို-မချမ်းဘော-ကောင်းမှုလုံစေတီ-နတ်ကျွန်း-ကျောက်နဂါး ၃ သိန်း
- မန္တလေး-ကလေး-တမူး-မိုးရေး-ချင်းပြည်နယ်ရိဒ်ရေကန်-နတ်မတောင် ၂.၅ သိန်း
- ထားဝယ်-မောင်းမကန်-မြိတ်(ကျွန်းဟော်)-မော့တောင်-ပရာကျွတ်-ဟွာဟင်ကမ်းခြေ ၃.၅ သိန်း
- တောင်ကြီး-အင်းလေး-ပင်လုံ-ဟိုက်ပါရေတံခွန် ၁.၃ သိန်း } သောကြာနေ့တိုင်းထွက်သည်
- မြဝတီ-မဲဆောက်-မူလအိမ်ဆံတော်ရှင် ၁.၅ သိန်း }
- နေပြည်တော်-ပွဲဂါယာ-ဆာဟာရီပန်းခြံ-ရွှေဘဝ်-နန့်မွန်ရေတံခွန် ၆ သောင်း

1, 8, Feb
1, 26, March
12 April ထွက်မည်


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မုံရွာမြို့ အလယ်ရပ်၊ ဓမ္မာရုံလမ်း၊ ဈေးသစ်ကြီး အရှေ့မြောက်ဘက်ကပ်လျက် RC (၅)ထပ်တိုက်၊ ပေ(၂၀×၆၀)ခန့်၊ ၀.၀၁၅ဧက၊ ဦးပိုင်အမှတ် (၁၀၄-ဇ)၊ ကွင်းအမှတ်-၁၈၊ မုံရွာအလယ်၊ ဂရန်အမည်ပေါက်၊ အရှုပ်အရှင်းကင်း၊ ပတ်ဝန်းကျင်ကောင်းအရှေ့ဘက်နှင့် တောင်ဘက်မျက်နှာ နှစ်ဖက်ဖွင့်။

**ဖုန်း-၀၉-၂၁၃၀၈၁၆၊ ၀၉-၂၁၃၁၅၉၃**

## အဆင့်မြင့်ပြင်ဆင်ပြီး တိုက်ခန်းသစ်ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ သီတာလမ်း၊ (၃)လွှာ၊ ပေအကျယ် (၁၅ပေ×၆၀ပေ)၊ ပြည့်စုံစွာ ပြင်ဆင်ထားပြီး၊ အသင့်နေရန် တိုက်ခန်းသစ်ရောင်းမည်။ BCCနှင့် စာရွက်စာတမ်းစုံသည်။ **Ph:09-421108984, 09-954227887**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)၊မြောက်ဥက္ကလာပ၊ အလယ်တန်းပြ အဖ ဦးရွှေဘော်၏သမီးဖြစ်သူ မခင်ပြုံးရီ(ခ) မပြုံးပြုံးရီ [၁၃/ကခန(နိုင်)၀၆၂၀၂၁]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)၊ မြောက်ဥက္ကလာပမှ တာဝန်ထမ်းဆောင်နေသော အထက်တန်းပြ ဒေါ်စမ်းစမ်းဝင်း [၁၂/ကမရ(နိုင်)၀၀၀၂၀၅]၏ ဖခင်ဖြစ်သူ ဦးတန်ဘိုးချို (ခ) ဦးတန်ဖိုးချို (ခ) ဦးတန်ဘူချုပ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး
## ရန်ကုန်မြို့
## စေတီတော်မြတ်ကြီး လျှပ်စစ်မီးအသစ်ထွန်းညှိပူဇော်ရန် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် စေတီတော်မြတ်ကြီးအား ခေတ်မီသာ LED လျှပ်စစ်မီးများဖြင့် ထွန်းညှိ ပူဇော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသူလုပ်ငန်းရှင်/ကုမ္ပဏီများသည် ထွန်းညှိရန်လိုအပ်သော ဒီဇိုင်းပုံစံ၊ ခန့်မှန်းခြေစာရင်းအား ၁၉-၂-၂၀၁၉ရက် နောက်ဆုံးထား၍ လာရောက်တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉)

**ဂေါပကအဖွဲ့**

## စစ်ကိုင်းတိုင်းဒေသကြီး
## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
## လဟယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦး စီးဌာန (ပြည်ထောင်စု/တိုင်းဒေသကြီး) ခွင့်ပြုရန် ပုံငွေဖြင့် မြေလမ်း(၆)ခု၊ ကျောက်ခင်းလမ်း(၁)ခု (မြေလမ်း+ဂျင်း) ခင်းလမ်း(၁)ခုတို့အား ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို အောက်ပါအတိုင်း ရယူတင်သွင်းနိုင်ပါသည်။
(က) တင်ဒါလျှောက်လွှာရယူမည့်ရက် - ၂၅-၁-၂၀၁၉ရက်မှ ၂၅-၂-၂၀၁၉ ရက်ထိ
(ခ) တင်ဒါတင်သွင်းရမည့်ရက်/အချိန်- ၂၆-၂-၂၀၁၉ရက်၊ ညနေ ၁၆း၀၀ နာရီ

၃။ သတ်မှတ်ရက်/အချိန်ထက် ကျော်လွန်၍ တင်သွင်းလာသည့် တင်ဒါလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၊ ဖုန်းနံပါတ်-၀၉-၄၇၀၈၈၀၀၄ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားပြန်လည်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့**
**လဟယ်မြို့**

**AIR KBZ**
WINGS FOR EVERY ONE

## Vacancy Announcement

AIR KBZ LTD is looking for the position of Senior Graphic Designer for the Marketing Department.

### About Your Job:

In this role, the job holder is accountable for deliver creative and innovative ideas for Advertisements, Annual report, Art work, handbooks, Social Media artworks, brochures, logos, Magazine, sticker, webpage design and print, animated presentations. Designing and laying out materials in InDesign, Photoshop, Illustrator, MS Word and PowerPoint. Implement the graphic and brand guidelines in all communication products. Work with printing agencies to ensure high quality products. Any other duties assigned by the supervisor.

### About You:

The candidate should be a graduate and 2 years working experience in related field. Certification or diploma in graphic design, fine arts, marketing and advertising, media would be an advantage. Proficiency in (English and Myanmar) would be an added advantage. Excellent command of Adobe CC suite DTP software i.e. Photoshop, Illustrator, InDesign is required. Strong Microsoft Office Suite skill, i.e. MS PowerPoint, MS Publisher, MS Word and Excel is required. Good knowledge of video editing software (premiere pro or final cut) and experience in video editing projects is required. Basic photography skill is required. Basic understanding of Front-end user interface and human-computer interaction from a design perspective would be an asset. Experience of working in a creative marketing or advertising company would be an added advantage. Must be flexible and ready to work for overtime/ location.

Interested candidates should send in full resume with a recent photo to hr@airkbz.com.mm or following address clearly indicating "HR Department" on the envelope, , the application should not later than 4:00PM, 1st February 2019.

Address – No.88, 2nd Floor IBC Building, Pyay Road, (11) Quarter, Hlaing Township, Yangon, Myanmar.
For enquiries, please contact at: +95 (01) 9670014 ~ 20.

facebook.com/AIRKBZ
www.airkbz.com

OM

# အထူးကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးနှင့် ပူပေါင်း၍ ဟိန္ဒူ မျိုးနွယ်စုများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့သော *Pongal, Makar Sankranti, Lohiri, Khichdi @* ကောက်သစ်စားပွဲတော်ကို (၂၀-၁-၂၀၁၉)ရက်နေ့ ညနေတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်ဆန်းအားကစားပြိုင်ကွင်းအတွင်း အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရုရှားနိုင်ငံသံအမတ်ကြီး၊ နီပေါနိုင်ငံ သံအမတ်ကြီး၊ အိန္ဒိယသံရုံး ဒုတိယအကြီးအကဲတို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေအား လည်းကောင်း၊ ပွဲတော်ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးပါသော ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့အားလည်းကောင်း၊ ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများ စီစဉ်ပေးပါသော အိန္ဒိယသံရုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား ဟိန္ဒူမျိုးနွယ်စုများအားလုံးကိုယ်စား ကျွန်တော်များ *Myanmar India International Business Association* (မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်း)နှင့် *Myanmar Indians Association* (မြန်မာ-အိန္ဒိယ မနသဟာရအသင်း) တို့မှ လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

၂၀၁၉-ခုနှစ် ကောက်သစ်စားပွဲတော်ကျင်းပရေးကော်မတီ

**ဦးဇော်ဇော်နိုင် @ M.G. Thangaraja (ဥက္ကဋ္ဌ)**

*Myanmar India International Business Association & Myanmar Indians Association.*




## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်တွင် ခွင့်ပြုပါရှိသည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား တရားဝင်အသိအမှတ်ပြု လိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တပ်ကုန်းမြို့နယ်တွင်(၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၄၀×၃၄)ပေ RC(၁)ထပ် (၁)လုံး တည်ဆောက်ခြင်း၊ | နေပြည်တော်၊ ပျဉ်းမနား |
| (ခ) | ဝန်ထမ်းအပျို/လူပျိုများအတွက်(၆)ခန်းတွဲအဆောင် RC(၁)ထပ် (၂)လုံး ဆောက်လုပ်ခြင်း (၉၀×၃၆)ပေ | အား/ကာသိပ္ပံ (တောင်ကြီး) |
| (ဂ) | လူပျိုဆောင် RC(၁)ထပ်(၁)လုံး ဆောက်လုပ်ခြင်း ပေ (၁၂၀×၄၄) | အား/ကာသိပ္ပံ (မုံရွာ) |
| (ဃ) | (၂)ထပ်စာသင်ဆောင်(၁)လုံး RCဆောက်လုပ်ခြင်း (၁၂၀×၄၀)ပေ | အား/ကာသိပ္ပံ (လှိုင်ကော်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁-၂၀၁၉ရက်မှ ၂၇-၂-၂၀၁၉ရက်အထိ နေ့စဉ်ရုံးချိန် အတွင်း အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ၊ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ် (E) D(23)ရုံးခန်းတွင် တင်ဒါပုံစံများကို လာရောက်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၂-၂၀၁၉ရက် ရုံးချိန်အတွင်း တင်ဒါလာရောက်ဝယ်ယူသည့်နေရာသို့ နောက်ဆုံးလာရောက်တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလ ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အားကစားကွင်း/အားကစားရုံဌာနခွဲ ရုံးဖုန်း-၀၆၇-၃၄၁၃၈၄၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**

## ‘ကန့်ကွက်နိုင်ပါသည်’

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း (တောင်)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်-၃၂၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇ ငˀ ၊ မြေကွက်အမှတ်-၂၅၄၊ အကျယ်အဝန်း အလျား ၂၇' × အနံ ၅၅' ဧရိယာ-၀.၀၃၄ ဧက ရှိ ဦးမောင်မောင်လတ်၊ မဒေးဒေးလွင် တို့၏ အမည်ပေါက် နှစ်(၆၀)ဂရန် မြေတစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးရန်နိုင် (၁၃/တကန(နိုင်)၀၈၀၃၁၅) မှ တရားဝင် ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ချိုချိုနိုင် (ခ) ဒေါ်မြတ်မြတ်နိုင် (၁၂/ကမရ(နိုင်)၀၀၆၀၈၅) မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းချသည့် တန်ဖိုးငွေများအနက်မှ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်း**(မူရင်း)**များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများ သိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| **ဦးကျော်သက် (LL,B)** | **ဒေါ်ဆွေဇင်မိုး (LL,B)** |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၇၈) | တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၀၀) |

အမှတ် (၉/၁၁)၊ (၁၀၃/H)၊ (ပ-ထပ်)၊ (၃၆) လမ်းတို့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀၀၅၁၀၄၃၊ ၀၉ ၇၃၁၁၂၉၁၄၊ ၀၉ ၃၂၆၀၈၅၅၅

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခွင့်ရရှိခဲ့သော အရပ်ရပ်သုံးပစ္စည်း၊ လျှပ်စစ်သုံးပစ္စည်း၊ ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂနှင့် Medical Journal ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင် အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ၂၅-၁-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၅-၂-၂၀၁၉ ရက် ၁၆:၃၀နာရီဖြစ်၍ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၁-၃၉၅၃၆၇၊ ၀၁-၃၉၅၂၀၉၊ ၀၁-၃၉၅၂၁၁ တို့ကိုဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်ရမည့်လုပ်ငန်းများ

(က) စတိုအဟောင်းမွမ်းမံခြင်း (ခေါင်မိုးသွပ်၊ မျက်နှာကြက်ပြင်၊ အောက်ခြေမြှင့်၊ အုတ်နံရံပြင်) (၂၂'×၃၄'×၁၆')

(ခ) လေးထပ်ဆောင်မှန်ပြတင်းများနှင့် ပြတင်းပေါက်မှန်များမွမ်းမံပြုပြင်ရန် (၄၆၂၀ စတုရန်းပေ)

(ဂ) ခြံစည်းရိုးတစ်ဖက်ကာရံခြင်း၊ (၂၂၅'×၁၀'×၉"ထု) အုတ်တံတိုင်းအပေါ်တွင် သံတိုင်များ တပ်ဆင်ရန်နှင့် ဂိတ်တဲမွမ်းမံပြင်ဆင်ခြင်း (၁၀'×၈'×၁၀')

(ဃ) ကျောင်းဆောင်ဟောင်း (၂၁၄၀၀ စတုရန်းပေ)နှင့် (၄)ထပ်စာသင်ဆောင် (၈၁၆၀ စတုရန်းပေ) အပြင်ဆေးသုတ်ရန်။

၃။ တင်ဒါလျှောက်လွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ၂၅-၁-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၅-၂-၂၀၁၉ ရက် ၁၆:၃၀ နာရီဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၁-၃၉၅၂၀၉၊ ၀၁-၃၉၅၂၁၁သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

ရဟန်း အမကြီး

## ဒေါ်သန်းသန်းခင် (မော်ဘီ)

### အသက်(၈၀)

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၁၀/ တောင်၊ (၁၄)ရပ်ကွက်၊ သာလာဝတီ(၁) လမ်း၊ အမှတ်(၁၅၁၆)နေ ဦးလှမြိုင် (ဆိပ်ကမ်းမြို့နယ်တရားသူကြီး-ငြိမ်း) ၏ ချစ်လှစွာသောဇနီး၊ ဦးစံကျော်(ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဆိပ်ကမ်း-၁)-ဒေါ်စန်းစန်းမြင့် (အထက-၁၊ ဒဂုံ)၊ ဦးကိုကိုလတ်-မသိန်းသိန်းအေး၊ ဦးဇော်မင်းအောင် - မချယ်ရီကျော်ဒွန်းတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်သန်းသန်းခင်သည် ၂၅-၁-၂၀၁၉ ရက် နံနက် ၆း၀၆ နာရီတွင် ရန်ကုန်ဆေးရုံ သစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

စိန်ဂွန်း ကျောင်းနေဖက် ချစ်သူငယ်ချင်းကြီး အောင်ဝင်း (ဗိုလ်မှူးချုပ်-ငြိမ်း) သည် ၂၄-၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စိုးမြင့်**
**စိန်ဂွန်းကျောင်းသားဟောင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းစိုးအေး

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**

### အသက်(၆၇)နှစ်

ကြားနာရသော တရားတစ်ပုဒ်ကို Facebook တွင် မပြတ်တင်၍ တရားဓမ္မဖြန့်ဝေခဲ့သော သူငယ်ချင်း---

သူငယ်ချင်းများကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ Breakfast ကျွေးမွေးခြင်း၊ ဝါဆို/ကထိန်နေ့ရက်များတွင် ရက်ရောစွာ လှူဒါန်းမှု ဒါနအစုစုတို့ကြောင့် သူငယ်ချင်း ကောင်းမွန်ရာ ဘုံဘဝသို့ ရောက်ရှိပါစေ---။

**ကြေး/မြေ(၁၅၀)သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်နိုင်စိုး

**လက်ထောက်ညွှန်ကြားရေးမှူး**
**(မြို့နယ်ပညာရေးမှူး၊ ဒလမြို့နယ်)**

### အသက်(၅၉)နှစ်

ဒလမြို့နယ် မြို့နယ်ပညာရေးမှူး ဦးအောင်နိုင်စိုးသည် ၂၅-၁-၂၀၁၉ (သောကြာနေ့) နံနက် (၀၀း၃၅)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုမြတ်စိုး

### အသက်(၄၉)နှစ်

သူငယ်ချင်း မြတ်စိုး မမျှော်လင့်ဘဲ ရုတ်တရက် ခွဲခွာသွားတဲ့အတွက် မနီလာ၊ သားကြီး၊ သမီးငယ် မိသားစု တို့နဲ့ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါတယ်။

**အ-ထ-က(၁)ဒဂုံ (၁၉၈၆)မှ**
**ချစ်ငယ်သူငယ်ချင်းများ**

## (၄) နှစ်ပြည့် အမျှပေးဝေခြင်း

## ဦးစိန်လွင်(တိ/ကုဆရာဝန်)

### မော်လမြိုင်၊ စည်ပင်(ငြိမ်း)

မော်လမြိုင်မြို့ မြိုင်သာယာရပ်၊ အမှတ်(၃၅၆)၊ (၂၂) လမ်းနေ ဒေါ်လင်းကြည်၏ခင်ပွန်း၊ မွေးသဖခင်ကျေးဇူးရှင် ဖြစ်သော ဦးစိန်လွင်အားရည်စူး၍ ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) တွင် သံဃာတော်မြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည် ဖြစ်ပါ၍ အဖေသာဓုခေါ်ပါနော်။

**ဇနီး၊ သားသမီးများ**

## (၁၁) နှစ်ပြည့်အလွမ်း

**SWEET @ နှင်းနွယ်သိန်း @ROOKSANAR**

(၂၆. ၁. ၂၀၀၈)မှ (၂၆. ၁. ၂၀၁၉)

အသက် (၂၄)နှစ်

ပါပါဟာဂျီ မိုက်ကယ်(လ)သိန်းဖေနှင့် မာမီ

မော်လီခင်မာနွယ်တို့ရဲ့တစ်ဦးတည်းသော ချစ်သမီးလေး

ခွဲခွာသွားတာ ဆယ့်တစ်နှစ်ပြည့်ခဲ့သော်လည်း တစ်နေ့မှ

မေ့မရပါ၊ လွမ်းဆွတ်၊ သတိရ၊ တမ်းတလျှက်ပါ။

ချစ်သမီးလေး ဂျန္နတ်သုခဘုံမှာ စံမြန်းရပါစေလို့

နေ့စဉ်ဆုတောင်းဒိုအာပြုလျှက်ပါ။

**ချစ်မာမီနှင့် ကျန်ရစ်သူမိသားစု**
**အမှတ် (၃၇)၊ ၁၃၀--လမ်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ကျင်မြင့် (မြောင်းမြ)

### အသက် (၈၆) နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သစ်တောလမ်း၊ အမှတ်(၆)၊ ငါးလွှာနေ (ဦးစွပ်လပ်-ဒေါ်ကျင်ရှိန်)တို့၏တတိယသမီး၊ (ဦးအကုတ်)၏ ဇနီး၊ ဒေါ်ချိုချိုမွှေး၊ ဦးကိုဦး-ဒေါ်စံပယ်၊ ဦးလုံခြောက်ဆိုဒ်-ဒေါ်သိန်းသန်းငွေ၊ ဒေါ်ထက်ထက်၊ (ဦးကျော်မိုး)၊ ဒေါ်အန်းကူတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွား ဒေါ်ကျင်မြင့်သည် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးအေးလွင်

### အသက် (၇၁) နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ တိုက်(၈၁)၊ အခန်း(၂)နေ (ဦးလေးမောင်)-ဒေါ်ခင်စိန်တို့၏သားကြီး၊ ဦးကျော်လွင်-ဒေါ်မြမြဝင်း၊ ဦးသီရိ-ဒေါ်ထွေးထွေးအေး၊ ရဲမှူးကြီးသန်းငွေးလွင်-ဒေါ်နန်းလှလှမြင့်၊ ဦးမန်းဘငွေး-ဒေါ်ဝင်းသီတာမိုးတို့၏အစ်ကိုကြီး၊ ဒေါ်စုစုမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုနေလင်း-မအေးမမ(ဩစတြေးလျ)၊ ကိုတင်အောင်ဝင်း-မချောမမ၊ ကိုအောင်ညွှန့်နီ-မအေးမမလွင်၊ မောင်အောင်ဇော်ဟိန်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး သုံးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၂၅-၁-၂၀၁၉ (သောကြာနေ့) နံနက် ၃း၅၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၊ နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်အောင်

**စာရင်းကိုင်(၁)၊ ပတ်/သန့်ဌာန (မော်တော်ယာဉ်ဌာနခွဲ)**

### အသက် (၅၅) နှစ်

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေစံပြကျေးရွာ၊ ဗိုလ်တေဇလမ်း၊ အမှတ်(၂၅) နေ (ဦးချစ်လှိုင်)-ဒေါ်တင်လှတို့၏သား၊ (ဦးမောင်မောင်-ဒေါ်တင်မြ)တို့၏သားသမက်၊ ဦးထွန်းထွန်း၏အစ်ကို၊ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မဖြိုးရတနာမြင့်အောင် (ကမ္ဘောဇဘဏ်၊ ထောက်ကြန့်ဘဏ်ခွဲ)၊ မဖြိုးရူပါမြင့်အောင်၊ မောင်ဟိန်းဆက်မြင့်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးမြင့်အောင်သည် ၂၅-၁-၂၀၁၉ (သောကြာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီနှင့် မော်တော်ယာဉ်ဌာနခွဲ-အလုံမှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် သစ်တောလမ်းနှင့် ကမ်းနားလမ်းထောင့်၊ မော်တော် ယာဉ်ဌာနခွဲ-အလုံ၊ ပတ်/သန့်ဌာနသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇ၊ မြေကွက်အမှတ်-၁၂/ခ၊ မြေကွက်တည်နေရာအမှတ်-၁၂/ခ၊ ခေမာသီလမ်း၊ ဇ-ရပ်ကွက်၊ ဦးသိန်းရွှေ[၁၂/ဥကမ(နိုင်)၁၀၈၂၀၀] (စီအီး-၀၅၆၅၃၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဖခင်)ဦးသိန်းရွှေသည် (၂၈-၄-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ (မိခင်) ဒေါ်အေးနုသည် (၂၉-၆-၂၀၀၁)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သဖြင့် ဒေါ်ခင်ငွေးအောင်[၁၂/ဥကမ(နိုင်) ၁၀၉၃၁၅]၊ ဒေါ်ခင်အုန်းမြင့်[၁၂/ဥကမ(နိုင်)၁၀၇၁၈၅]၊ ဒေါ်ခင်သန်းငွေး[၁၂/ဥကမ(နိုင်)၁၂၃၃၅]တို့မှ သားသမီးများတော်စပ်ကြောင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်(၁၁/၁၆၉၇) သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ၎င်းတို့ထံမှ G.P No.၁၁၃၄၃/၁၈(၂၆-၁၀-၁၈)ဖြင့် ရရှိသူ ဦးမောင်မောင်လွင်[၁၁/ရဗန(နိုင်)၀၄၅၉၀၀]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်မေးရာ မြေပြင်တွင် ၂-ထပ်တိုက်အဆောက်အဦရှိပြီး လျှောက်ထားသူနေထိုင်၍ မြေညီထပ်တွင် ရွှေဆိုင်ဖွင့်လှစ်ထားခြင်းအတွက် ပြဿနာတစ်စုံတစ်ရာမရှိ တာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြလာပါသဖြင့် အဆိုပါပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၇၁၀)၊ မြေကွက်တည်နေရာအမှတ်(၇၁၀)၊ ဗိုလ်တေဇလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒုတိယဗိုလ်မှူးကြီးလွင်စိုး)[၁၂/မဘတ(နိုင်)၀၀၉၈၄၀]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးလွင်စိုးနှင့် ဇနီးဖြစ်သူ ဒေါ်ယဉ်နှင်းမိုးတို့ ကွယ်လွန်သဖြင့် သားဖြစ်သူ (အရွယ်မရောက်သေးသူ) ကိုယ်စား အဖွားဖြစ်သူ ဒေါ်တင်ထွေးမှ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမအထွေထွေမှု အမှတ်-(၂၄၈/၂၀၁၇)၊ ပိုင်ဆိုင်စာချုပ်အမှတ်(၂၇၄၁/၁၀-၉-၂၀၁၈)၊ ကျန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်တရားရုံး ကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၂၈-၉-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၉/၂၂၄၂)၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ကတ်၊ အရွယ်မရောက်သေးသူ မောင်လင်းစက်ရောင်စိုး[၁၂/လမန(နိုင်)၁၆၃၄၄၆]၏ လူနှင့်ပစ္စည်း အုပ်ထိန်းခွင့် လျှောက်ထားခြင်းအပေါ် ချမှတ်သည့် ၂၅-၇-၁၈ ရက်စွဲပါ အမိန့်တို့တင်ပြ၍ အမည်ပြောင်းနှင့် ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ-(၁)ထပ် RCရှိပြီး၊ လူမနေ၊ ပစ္စည်းများထားရှိပြီး၊ ပြဿနာတစ်စုံတစ်ရာ မရှိပါ၊ အစစအရာရာ တာဝန်ယူကြောင်းနှင့် ကွင်းဆင်းသိရှိကြောင်း ဒေါ်တင်ထွေး[၁၂/မရက(နိုင်) ၁၀၀၈၇၃]မှ လက်မှတ်ရေးထိုးထားပါသဖြင့် (အရွယ်မရောက်သေးသူ) မောင်လင်းစက်ရောင်စိုး(ကိုယ်စား) ဒေါ်တင်ထွေး၏ အမည်ပြောင်းနှင့် ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးနီ (ဆကာကြီး)

### အသက်(၉၅)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်၊ အရှေ့ရပ်ကွက်၊ အမှတ်(၈၇)၊ ဥယျာဉ်လမ်းနေ(ဦးဘိုးမြစ်-ဒေါ်စိန်မြ)တို့၏ သား၊ (ဒေါ်ရီ)၏ ခင်ပွန်း၊ ဒေါ်အေးမိ(ခ)ဒေါ်မြင့်မြင့်၊ ဦးမောင်မောင်(ခ)ဦးစန်းရွှေ-ဒေါ်ညွှန့်ညွှန့်၊ ဦးမောင်မောင်-ဒေါ်ချိုချိုခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မြေပုံမြို့နယ်အသင်း (ရန်ကုန်)

## ဦးကျော်လှအောင်(ခ) ဦးထွန်းအောင်ကျော်

### အသက်(၈၂)နှစ်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ရွှေညောင်လမ်း၊ အမှတ် (၁၅၄၇/က)နေ ဒေါ်ခင်မေအုန်း၊ ဦးလှရွှေ၊ ဒေါ်စုစုငွေး၊ ဒေါ်အေးအေးငွေး၊ မောင်လှငွေး၊ မောင်အောင်စိုးတို့၏ ဖခင်၊ မြေးခြောက်ယောက် တို့၏အဘိုး၊ (ဒေါ်နုမဖြူ)၏ ခင်ပွန်းသည် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဦးသန်းထွန်း

**(အုပ်ချုပ်မှုဒါရိုက်တာ)**

### အသက် (၇၆) နှစ်

**White Rice Restaurant**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ရန်ကင်းဈေးကွန်ဒို၊ အခန်း(၇၀၁)နေ ဦးပြည့်ဖြိုးထွန်း၊ ဦးမြတ်ဖြိုးထွန်း-ဒေါ်စုမြမြစိုး၊ ဦးပိုင်ဖြိုးထွန်း-ဒေါ်အိခိုင်ဦးတို့၏ချစ်လှစွာသောဖခင် ဦးသန်းထွန်းသည် ၂၅-၁-၂၀၁၉ ရက် နံနက် ၈း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီး သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ White Rice Restaurant နတ်မောက်လမ်း (ကန်တော်ကြီးပတ်လမ်း) နေရာသို့ ရက်လည် တရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဆွေမြင့်(ဟိုပင်)

**ဆန်းယဉ်နာရီစတိုး**

### အသက် (၆၁) နှစ်

မန္တလေးမြို့နေ (ဦးတင်စိန်-ဒေါ်ခင်လှ) တို့၏သားထွေး၊ ကျောက်ဆည်မြို့နေ (ဦးစိန်-ဒေါ်ခင်သန်းအေး)တို့၏သားသမက်၊ ဩစတြေးလျနိုင်ငံနေ ဦးမောင်မောင်လွင်-ဒေါ်စန်းစန်းရီ၊ မန္တလေးမြို့နေ ဦးမောင်မောင်အေး-ဒေါ်ရီရီထွေး၊ ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်ယဉ်ယဉ်လွင်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အထက်လမ်း၊ (၂၄၃/၁)နေ မောင်ဝေမင်းဟန်၊ မောင်မင်းသူဟန်၊ မောင်ထက်အောင်ယံတို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်သန်းစန်း၏ ချစ်လှစွာ သောခင်ပွန်း၊ တူ/တူမ ငါးယောက်တို့၏ ဦးလေး ဦးဆွေမြင့်သည် ၂၅-၁-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဖူးကျန့်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း နယ်ဝေး/ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တရာဇိန္ဒ မဟာထေရ်မြတ်

### သိက္ခာတော်(၆၂) ဝါ၊ သက်တော် (၈၂) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရွှေဘိုကျောင်း ပဓာန နာယကဆရာတော်၊ ဖြူးမြို့နေ (ခမည်းတော် ဦးနီ-မယ်တော် ဒေါ်ငွေကိုင်) တို့၏သားတော် ဘဒ္ဒန္တရာဇိန္ဒ မဟာထေရ်မြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်) ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၇း၂၀ နာရီတွင် သရက်တောကျောင်းတိုက် ရွှေဘိုကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ရွှေဘိုကျောင်း၌ (၅) ရက် အပူဇော်ခံထားရှိပြီး (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလ်ပြည့်ကျော် ၇ ရက်) ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်မှ ရေဝေးသုသာန်သို့ (အန္တိမအဂ္ဂိစျာပန)ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ လိုက်ပါပို့ဆောင်ပူဇော်မည့်သူများ ဗိုလ်ချုပ်လမ်းကျောင်းဘေးသို့ မွန်းလွဲ ၁း၃၀ နာရီအရောက် လာရောက်ကြပါရန်။

**တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများ**
**ရွှေဘိုကျောင်း၊ သရက်တောကျောင်းတိုက်**

## ဒေါ်မြမြ (ငါးသိုင်းချောင်း)

**မြသွေးကားပိုင်ရှင်**

### အသက်(၁၀၀)

ငါးသိုင်းချောင်းမြို့ ဗိုလ်ချုပ်လမ်းနေ (ဦးမြင့်အောင်)၏ ဇနီး၊ (ဦးလှရီ)-ဒေါ်ခင်မျိုးညွန့်၊ (ဦးကြည်ဝင်း)-ဒေါ်ရီရီလွင်၊ (ဦးခင်မောင်လေး)-ဒေါ်သီတာလွင်၊ ဦးဝင်းမြင့်-ဒေါ်နီလာလွင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁)၊ ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်း (မအူပင်)

### အသက်(၇၀)

**အဏ္ဏဝါ(ရန်ကုန်) နာရေးကူညီမှုအသင်းဝင် (၁၄၄)**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၈၄)နေ (ဦးတိုးလှိုင်)၏ ချစ်လှစွာသောဇနီး သည် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းနှင့် အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အဏ္ဏဝါ(ရန်ကုန်)
နာရေးကူညီမှုအသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်း (မအူပင်)

### အသက်(၇၀)

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ် (၈၄)နေ (ဦးအောင်မြင့်-ဒေါ်လှအေး)တို့၏ သမီးကြီး၊ (ဦးဖေစိန်-ဒေါ်သိန်းအေး)တို့၏ သမီးချွေးမ၊ (ဦးတိုးလှိုင်)၏ ချစ်လှစွာသောဇနီး၊ ဦးပွေး-(ဒေါ်သန်းရင်)၊ (ဦးတင်အေး)-ဒေါ်တိုးရင် တို့၏ ညီမ၊ ဦးကျော်ခင်-ဒေါ်တင်ဝင်း၊ ဦးစန်းအောင်-ဒေါ်ခင်စန်း၊ (ဦးတင်ဆန်း)-ဒေါ်သန်းမြင့်တို့၏ အစ်မ၊ မဥမ္မာလှိုင်၊ မောင်အောင်မျိုးလှိုင်၊ မအိအိလှိုင် တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ သာကေတမြို့နယ်၊ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးရဲညိမ်းဆွေ (ညောင်ဦး)

### အသက်(၄၇)နှစ်

ညောင်ဦးမြို့ အမှတ်(၃)နယ်မြေ၊ အောင်သိဒ္ဓိရပ်၊ သီရိပစ္စယာ(၁)လမ်း၊ ပီတာဖြိုးခြံနေ ဦးမြင့်ဆွေ-ဒေါ်ညိမ်းဝါတို့၏သား၊ ဦးစိုးမြင့်-ဒေါ်စောမြ (မြရတနာစားသောက်ဆိုင်)တို့၏ သားသမက်၊ မယဉ်ယဉ်စိုး ၏ ခင်ပွန်း၊ မောင်ဇေယျာလင်းထက်၏ ဖခင် ဦးရဲညိမ်းဆွေသည် ၂၅-၁-၂၀၁၉ ရက် ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ ရက် ညနေ ၃း၃၀ နာရီတွင် ညောင်ဦးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်အောင် (ခ) ဦးမျိုးမြင့်အောင်

### အသက် (၄၆) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ် (၂၃၃/က)နေ (ဦးခင်မောင်ရီ)-ဒေါ်ချစ်စုတို့၏သားကြီး၊ (ဦးတင်အောင်)-ဒေါ်မွှေးတို့၏ သားသမက်၊ ဒေါ်သဲမြတ်မွန်၏အစ်ကို၊ ဒေါ်ဥမ္မာ၏ချစ်လှစွာသောခင်ပွန်း၊ မချောရူပါသော်(ရွှေဘုန်းပြည့်အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း)၊ မထက်ရတီ (Garde 9-C၊ အထက-၂၊ တောင်ဥက္ကလာ)၊ မောင်တေဇာမင်းခန့် (Garde 5-B၊ အထက-၂ တောင်ဥက္ကလာ)တို့၏ကျေးဇူးရှင်မွေးသဖခင် ဦးအောင်အောင် (ခ) ဦးမျိုးမြင့်အောင်သည် ၂၄-၁-၂၀၁၉ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ်(၂၃၃/က)နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြိတ်မြို့တွင်ကျင်းပသည့် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





ဒုတိယသမ္မတ ဦးမြင့်ဆွေ နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ (တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**မြိတ် ဇန်နဝါရီ ၂၅**

နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ (တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ Myeik Public Corporation Ltd; ခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

# သွေးချင်းတို့ရဲ့ပွဲတော်ဆီ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

**မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (Myanmar Ethnics Culture Fest) အမည်ဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ အထူးဧည့်သည်တော်အဆောင်၌ ကျင်းပသည်။** (အောက်ပုံ)

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪



## MNL-2 ပြိုင်ပွဲတွင် မောရဝတီအသင်း အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၂၅**

၂၀၁၉ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ယနေ့ညနေပိုင်းက စလင်းကွင်းတွင် ကျင်းပရာ မောရဝတီအသင်းက ရွှေ့ပြောင်းရယ်သန်လျင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

လက်ရှိချန်ပီယံ ရွှင်ရယ်သန်လျင်အသင်းသည် ပထမဆုံးပွဲမှာပင် နောက်ကျဂိုးဖြင့် အရေးနိမ့်ခဲ့ရပြီး မောရဝတီအသင်း အနိုင်ရလဒ်ဖြင့် စတင်နိုင်ခဲ့သည်။ ရွှင်ရယ်သန်လျင်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် ချန်ပီယံဖြစ်ပြီး MNL သို့ တန်းတက်ခွင့်ရသော်လည်း ဘတ်ဂျက်အနေအထားကြောင့် ပထမတန်းမှာပင် ဆက်လက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ နှစ်သင်းစလုံး ပထမပိုင်းတွင် ဂိုးသွင်းနိုင်ခြင်းမရှိသော်လည်း ၆၁ မိနစ်တွင် အိုရီတိုရိုက မောရဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရွှင်ရယ်သန်လျင်အသင်း ချေပဂိုးရရန် ကြိုးစားလာပြီး မိနစ် ၇၀ တွင် ကျော်စွာလင်းက ဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးစားခဲ့ပြီး မိနစ် ၉၀ တွင် စိုင်းလင်းဦးက မောရဝတီအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ **ရှိုင်းထက်ဇော်**





# နာဂလူမျိုးစု ရိုးရာတေးဖွဲ့သီပုံ

မောင်ကြော့ဦး

စာရေးသူသည် ဒီဇင်ဘာ ၁၉၇၀ ပြည့်နှစ်မှ မေ ၁၉၈၉ အထိ နှစ် ၂၀ နီးပါး စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂတောင်တန်းဒေသတွင် ပညာအုပ်(နောင်အခါ လက်ထောက်မြို့နယ်ပညာရေးမှူး)တာဝန်ထမ်းဆောင်ခဲ့စဉ် နာဂလူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ရိုးရာပွဲများနှင့် ရိုးရာတေးများကို ဆည်းပူးလေ့လာ မှတ်တမ်းတင်ခွင့်ရခဲ့သည်။ ဟံသာဝတီ (အချပ်ပို)၊ ရတနာပုံ နေ့စဉ်၊ ရှုမဝ၊ ငွေတာရီ၊ မြန်မာတိုင်းမ်နှင့် အတွေးအမြင်တို့တွင် နာဂရိုးရာ ယဉ်ကျေးမှုနှင့် ဘဝဓလေ့ဆောင်းပါးများ ရေးသားခဲ့သည်။ ယခုတစ်ဖန် စာရေးသူ၏ မူပိုင် မှတ်တမ်းများထဲမှ သင့်နိုးရာရွေးကောက်လျက် တောင်ပေါ်သားနာဂလူမျိုးစု (NagaHill-tribes)တို့၏ ရိုးရာတေးအမျိုးအစားများနှင့် ရိုးရာတေးဖွဲ့သီပုံ စနစ်ကို တင်ပြလိုက်ရပါသည်။

စာရေးသူ တာဝန်ထမ်းဆောင်ခဲ့သော ခန္တီးခရိုင် နာဂဒေသမြို့နယ်များမှာ လေရှီးမြို့နယ်၊ ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့ဖြစ်သည်။ လေရှီးမြို့နယ်တွင် စကားမတူသော နာဂလူမျိုးစု လေးမျိုး၊ ခန္တီးမြို့နယ်တွင်နာဂလူမျိုးစု ၁၁ မျိုး၊ လဟယ်မြို့နယ်တွင် နာဂလူမျိုးစု ၁၄ မျိုးနှင့် နန်းယွန်းမြို့နယ်တွင် နာဂလူမျိုးစု ၃၅ မျိုးရှိသည်ဟု မှတ်သားခဲ့ရသည်။ နန်းယွန်းမြို့နယ်မှ နာဂလူမျိုးစုများမှာ ဟေမြဲစကားကိုပြောကြားသဖြင့် ဟိုင်းမြေနာဂဟု ပေါင်းရုံး၍ ခေါ်ပြောရေးသားကြသည်။

နာဂရိုးရာတေးအမျိုးအမည်များကို ခန္တီး၊ လဟယ်မြို့နယ်နှစ်ခုတွင် နေထိုင်ကြသော လိုင်းနောင်နာဂစကားဖြင့် မှတ်သားခွင့်ရခဲ့သည်။ နဂရိုးရာတေးအမျိုးအမည်များမှာ -

၁။ ယွေညူ = သီချင်းကြီး၊ သီချင်းခန့်၊ ရှေးသီချင်း၊ သမိုင်းမော်ကွန်းသီချင်း (နှစ်သစ်ကူးပွဲတော်၌ သီဆိုကြသည်။)

၂။ ယွေနိုက် = အပျို၊ လူပျို အပြိုင်ဆိုတေးသီချင်းများ (မိဘမောင်ဖွားရှေ့တွင် သီဆိုလေ့မရှိပါ။)

၃။ ဘောင်ယွေ = စစ်အောင်ပွဲသီချင်း (စစ်အောင်ပွဲ၊ ကျားရပွဲ၊ ပန်းတုံးမောင်းဆွဲပွဲတို့၌ သံပြိုင်သီဆိုကြသည်။)

၄။ ဒမ်ယွေ = လက်တန်းအပျော်ဆိုတေး (ခေါင်ရည်ဝိုင်းသီချင်း၊ အကသီချင်းမျိုး)

အထူးကဏ္ဍ [ ခ ] သို့ »»

# သရေခေတ္တရာပျူတို့၏ ထင်ရှားသော ကျောက်ဆစ်အနုလက်ရာများ

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

မြန်မာတို့၏ ပန်းဆယ်မျိုးလုပ်ငန်း ပေါ်ပေါက်လာခဲ့သည့် အချိန်ကာလကို ပုဂံခေတ်တွင်မှ ပေါ်ပေါက်လာသည်ဟု ပညာရှင်အချို့က ခန့်မှန်းခဲ့ကြသော်လည်း မြန်မာလူမျိုးဟု ထင်ထင်ရှားရှားပေါ်ပေါက်၍ မလာမီတွင် ပျူခေတ်ကပင် ဗိသုကာအတတ်၊ ပန်းပု၊ ပန်းပဲ၊ ပန်းတော့၊ ပန်းတမော့ စသော အတတ်ပညာများ ထွန်းကားခဲ့ပေသည်။ ထိုသို့ထွန်းကားခဲ့ကြောင်းကိုလည်း သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိခဲ့သော ပျူအရိုးအိုးများ၊ ကျောက်ချပ်ကြီးများ၊ ကျောက်ရုပ်ကြွများ စသည့် အနုပညာရပ်များကို တွေ့ရှိရခြင်းဖြင့် ပျူခေတ်အချိန်ကာလကပင် ထိုအနုပညာရပ်များရှိပြီးဖြစ်ကြောင်း သိရှိရပေသည်။ သို့သော် ပုဂံခေတ်သို့ရောက်ချိန်တွင် ထိုအနုပညာများ ပိုမိုတိုးတက်ကြီးပွားလာသည်ဟု ယူဆသင့်ပေသည်။

ထို့ကြောင့် ပုဂံအနော်ရထာခေတ် နောက်ပိုင်းလောက်မှစ၍ ပန်းဆယ်မျိုးအပါအဝင် အနုပညာများသည် မြန်မာနိုင်ငံတွင် တိုးတက်ထွန်းကားလာသည်ဟု ယူဆရသည်။ အင်းဝခေတ်တွင် အထူးတိုးတက်ခဲ့ကြောင်း လက်ဝဲသုန္ဒရ ဦးမြတ်စံ၏ 'သာဓိနပျို့'တွင် 'ကြိုးပမ်းစုံစေ့၊ အမွှေ့အသိမ်၊ ပန်းထိမ်တလျည်း၊ ပန်းတည်းတညီ၊ ပန်းချီတကွဲ၊ ပန်းပဲတခု၊ ပန်းပုတတန်၊ ပန်းယန်မလွတ်၊ ပန်းပွတ်တလည်၊ လုပ်သည်လည်း၊ ဖြီးစည်များစွာ' ဟု တွေ့ရပေသည်။ 'ပန်း' ဟု ပညတ်ခေါ်ဆိုကြသည်မှာ မွမ်းမံခြယ်လှယ်စီမံရသော သုခုမအနုပညာပါသော လုပ်ငန်းဖြစ်ခြင်းကြောင့် သုခုမအနုပညာကို တင်စား၍ 'ပန်း'ဟု ပညတ်ခေါ်ဆိုကြသည်မှာ မွမ်းမံခြယ်လှယ်စီမံရသော သုခုမအနုပညာပါသော လုပ်ငန်းဖြစ်ခြင်းကြောင့် သုခုမအနုပညာကို တင်စား၍ 'ပန်း' ဟုခေါ်ကြောင်း အချို့ပညာရှိများက ယူဆကြပေသည်။ အချို့သုတေသီပုဂ္ဂိုလ်များကလည်း 'ပန်'ဟု ရှေးက ခေါ်ကြသော စကားမှာ 'ပညာလုပ်ငန်း' ဟူသော အဓိပ္ပာယ်ဖြစ်ကြောင်းကို တိဗက်ဘာသာ၊ တရုတ်ဘာသာ၊ ချင်းဘာသာ စသည်တို့ဖြင့် ကိုးကား၍ တင်ပြကြသည်။ ဤနေရာ၌ 'ပန်း'ဆယ်မျိုး ဖြစ်ပေါ်လာပုံကို သုတေသီကြီးများ၏ ယူဆချက်မှတ်စုများမှ ရမိသမျှသာ စုပေါင်းတင်ပြခြင်းဖြစ်သည်။

တကောင်းပျက်ပြီးနောက် တကောင်းမင်းဆက် နောက်ဆုံးသတိုးမဟာရာဇာ၏သားများဖြစ်သော မဟာသမ္ဘဝ၊ စူဠသမ္ဘဝတို့သည် ယခုပြည်မြို့၌ အုပ်စိုးနေလေသည်။ မဟာသမ္ဘဝနှင့် ဗေဒါရီ မိဖုရားတို့မှ ဖွားမြင်သောဘုန်းတန်ခိုးကြီးသော ဒွတ္တပေါင်မင်းက သရေခေတ္တရာမြို့ကိုတည်၍ ဆက်လက်အုပ်စိုးခဲ့သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»



»» နာဂလူမျိုးစုမှ

၅။ မိုက်ညျုယွေညျု = အမျိုးသမီးတို့လုပ်ငန်းခွင် သီချင်း (စပါးသိမ်း၊ ဗိုင်းငင်စသည်)
၆။ ကျောက်ကွေလိဟို = ကောက်စိုက်သီချင်း
၇။ ယမ်ငိုင်းယူကိုင် = မုန့်ထောင်းသီချင်း
၈။ ဆိုင်ဆိုင် = ဆင့်ပွားအနက် အဓိပ္ပာယ်ရှိသော လင်္ကာ(အချင်းချင်း သတိပေးစရာရှိလျှင် ဆိုင်ဆိုင်လင်္ကာ စကားဝှက်ကို သုံးလေ့ရှိသည်။)
၉။ အူငေါင်းယို = သေဆုံးသူအတွက် မှာတမ်းသီချင်း(မှာတမ်းသီချင်းကို လွမ်းလွမ်းဆွေးဆွေး ဆွဲဆွဲငင်ငင်သီဆိုလေ့ရှိသည်။)
၁၀။ နော်ချင်း = သားချော့တေး(နော်ချင်း ဆိုသော စကားမှာ ဟိုင်းမြေနာဂစကားဖြစ်သည်။ နော်=ကလေး၊ ချင်း=ချော့သည်။)

**နာဂရိုးရာ သားချော့တေးဖွဲ့သီပုံ**

**နမူနာ(၁) လကျိုးမီနာဂ သားချော့တေး**

အပီ-မောလယ်-အေ...၊
အပူ-မောလယ်-အေ...၊
ရှာယောလိ-လေဆာ...၊
အီဟီး အီဟီး အီ...။၏
(အပီ=အမေ၊ အပူ=အဖေ)

**မိဘမဲ့ ရင်သွေးရတနာ (ဘာသာပြန်)**

ကလေးမှာ အမေလည်းမရှိဘူး၊
အဖေလည်း မရှိဘူးကွယ်။
အမေ မရှိရှာတဲ့
ကြက်ပေါက်ကလေးပမာပါပဲ။
(လကျိုးမီနာဂသားချော့တေး)

ဖော်ပြပါ သားချော့တေးကဗျာတိုလေးနှင့် ပတ်သက်၍ သမိုင်းခြေရာကောက်ကြည့်လေသော် ခန္တီးခရိုင် လေရှီးမြို့နယ်တွင် (၁)ဝါဟီရား၊ (၂)အ,ခါရား၊ (၃) ပီရားနာဂ လူမျိုးစုတို့ ရှေးဦးစွာအခြေချနေထိုင်ခဲ့ပြီး ၎င်းရှေးခေတ် နာဂလူမျိုးစုများ လူမျိုးပျောက်သုဉ်းသွားပြီးနောက် (၁) လကျိုးမီနာဂ၊ (၂) ရှပ်ပူရာနာဂလူမျိုးစုတို့ ဒုတိယအသုတ် ဝင်ရောက်နေထိုင်ခဲ့သည်။ ၎င်းလူမျိုးစုနှစ်ခုသည် ဆောင်းရာသီနှင်းခဲသော နယ်စပ်ဒေသမှ ပူအိုက်စွတ်စိုသော ချင်းတွင်းမြစ်အနီး ထမံသီတိုက်နယ်ထိ တရွေ့ရွေ့ဆင်းကာ နောက်ကလပ်ရွာ၌ စုပေါင်းနေထိုင်ခဲ့ကြသည်။ ဖျားနာသေဆုံးမှုများခြင်း၊ အခြားလူမျိုးစုနှင့် သွေးနှောခြင်းကြောင့် ၎င်းနာဂလူမျိုးစုနှစ်ခု ပျောက်သုဉ်းခဲ့သည်မှာ နှစ် ၁၀၀ ကျော်ခဲ့ပေပြီ။ လကျိုးမီနာဂ၊ ရှပ်ပူရာနာဂတို့၏ ရိုးရာ ဝတ်ဆင်ပုံ၊ ပရဲထိုးပုံ၊ ကကြိုးကကွက်နှင့် ရိုးရာတေးသီချင်းများသည် တတိယအသုတ် ဝင်ရောက်ခဲ့ပြီး ယခုမှီတင်းနေထိုင်လျက်ရှိသော ကူကီးနာဂ၊ ပါရာနာဂနှင့် မကိုရီနာဂလူမျိုးစု ကျေးရွာအချို့



တွင် ယဉ်ကျေးမှုသက်ရောက် ကျန်ရှိနေခဲ့သည်။ စာရေးသူသည် လူမျိုးပျောက်သုဉ်းခဲ့ပြီဖြစ်သော လကျိုးမီနာဂ သားချော့တေးကို လေရှီးမြို့နယ် ကြဲကော့ရွာဇာတိ မကိုရီနာဂကျောင်းဆရာ ဦးလယ်ဟော်ထံမှ ရရှိခဲ့ပါသည်။

နမူနာ (၁) လကျိုးမီနာဂ သားချော့တေးမှ ရှေးခေတ်နာဂစကား၊ ဘဝသွင်ပြင်၊ တေးကဗျာဖွဲ့ဆိုမှုစွမ်းရည်နှင့် တေးချင်းအလှ ရသအဆင့်အတန်းတို့ကို သုတေသီတို့ လေ့လာအကဲဖြတ်ခွင့်ရနိုင်ပါသည်။

**နမူနာ (၂) မကိုရီနာဂ လုပ်ငန်းခွင်တေး**

(၁) ဟို × × × ဟိုး × × ×၊
(၂) ထညာ × × × နေငိုသယ် × × ×၊
(၃) စီခ × × × နေငိုသယ် × × ×၊
(၄) အဖွိုင်း × × × ကဲ့ မဖွိုင်း × × ×၊
(၅) ခဖွိုင်း × × × ဆို လက်ဆဲ × × ×၊
(၆) လေညာ × × × ပွက်လက်ဆဲ × × ×၊
(၇) ဖွိုင်းအာ × × × မ ဖွိုင်းခဲ × × ×။

**ကောက်သိမ်းတေး (မြန်မာပြန်)**

(၁) လုပ်ငန်းစကြပါစို့၊
(၂) စပါးတွေ တင်းငါးဆယ် မရမချင်း၊
(၃) စပါးတွေ တင်းတစ်ရာ မရမချင်း၊
(၄) ထမ်းလည်း မထမ်းတော့ဘူး၊
(၅) စပါးတွေ နှင်းခဲလို ကျပါစေ၊
(၆) စပါးတွေ သဲပုံလို ပုံပါစေ၊
(၇) စပါးတွေထမ်းလို့ မကုန်နိုင်အောင်ရပါစေ၊

ဖော်ပြပါ မကိုရီနာဂ ကောက်သိမ်းတေးမှ မကိုရီနာဂ စကားနှင့် သဒ္ဒါသဘော၊ တေးကဗျာဖွဲ့စည်းပုံ၊ ကဗျာ၏ အသက်(အနက်အဓိပ္ပာယ်) အပြင် တောင်ပေါ်သား နာဂလူမျိုးစုတို့အတွက် အသက်တမျှလိုအပ် အရေးကြီးလှသော စပါးအောင်ပွဲ၊ ဆန္ဒ၊ မျှော်လင့်ချက်တို့ကို လေ့လာခွင့် ရနိုင်ပါသည်။

လေရှီးမြို့နယ်တွင် ယခုမှီတင်းနေထိုင်လျက်ရှိသော တန်ကွန်နာဂ (တန်ခူးလ်နာဂ)၊ မကိုရီနာဂ၊ ကူကီးနာဂ လူမျိုးစုများသည် အိန္ဒိယဘက်၌လည်း လူမျိုးတူ၊ စကားတူ ရှိပါသည်။ သို့ရာတွင် တစ်ဖက်နိုင်ငံရှိ နာဂလူမျိုးစုများတွင် ပြင်ပကမ္ဘာမှ အခြားယဉ်ကျေးမှုသစ်များ ဩဇာသက်ရောက်မှုပိုများသဖြင့် နာဂလူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှုနှင့် တေးကဗျာများကို လေ့လာလိုပါက အမိမြန်မာပြည်ပိုင်နက်တွင် မှီတင်းနေထိုင်ကြသော နာဂကျေးရွာများတွင် မှတ်တမ်းတင်လေ့လာရန် အခွင့်အလမ်း ပိုမိုရရှိနိုင်သည်ဟု ထင်မြင်ယူဆရပါသည်။

**နမူနာ (၃) နောက်အော်နာဂ အပျို လူပျိုတေး**

(က) ပန်ဆဲအဆပ် (ပ) ဆို့ × × ဝိုင်ဇန် (က) ဆန်း (က) ဇီလို့၊
(ခ) ဆောင်း (မ)ညျုအဆပ် (ပ) ဆို့ထ × × ပြားရှင် (က) ရှင်း (က) ဇီလို့။

**(မြန်မာပြန်)**

အပျို - ရှင်တို့ယောကျ်ားပျိုများဟာ အိပ်ရာထ နောက်ကျလို့ နှီးဖျာရက်တာ မမြင်ရပါလား။

လူပျို - မင်းတို့မိန်းကလေးများဟာ အိပ်ရာကမနိုးတဲ့အတွက် ချည်ငင်သံမကြားရပါလား။

(က) ဝေပွန်ဆို့မီလိုင် × × × ဝေဆုတ် ဆို့သသိုင်၊
( ခ ) ဝေဆုတ် ဆို့မီလိုင် × × × ဝေပွန် ဆို့သသိုင်။

**(မြန်မာပြန်)**

(က)အပျို - ကြက်ဖလှလှက ကြက်မကို ခေါ်သလိုပါပဲ (ရှင်တို့ယောကျ်ားပျိုများဟာ ကျွန်မတို့နားမှာ လှည့်ပတ်နေတာပါပဲလား)

(ခ)လူပျို - ကြက်မလှလှနောက်ကို ကြက်ဖလိုက်သလိုပေါ့ (လူပျိုတွေဟာလည်း အပျိုနောက်ကို လိုက်ကြတာပဲပေါ့)။

(က)လန်ညျုငန်ပိုတန် × × ဖိုင်(န)တွီ ကော်ယာကမ်း(မ)၊
(ခ)လန်ညျု ငန်ဖီအိုး × × × ဖိုင် (န) တွီ ကော်ယာအိုး။

**(မြန်မာပြန်)**

(က) လူပျို- ငါးတွေဟာ ရေကြီးတဲ့အခါ မြစ်ညာဆီသို့ အသီးသီးဆန်တက်သွားကြပါတယ်။ ဒါပေမယ့် နွေပေါက်လို့ ရေခန်းရင်တော့ အိုင်ကြီးထဲမှာပဲ လာစုနေကြတယ် မဟုတ်လား(လူတွေအားလုံး ရွာသိမ်ရွာငယ်ကလေးတွေမှာ သွားလို့နေကြပေမယ့် အချိန်တန်ရင် မိမိဇာတိချက်မြှုပ်ဒေသမှာ ပြန်စုနေကြတာပဲမဟုတ်လား)။

(ခ) အပျို - သင်တို့ယောကျ်ားသားများဟာ ကျီးကန်းနှင့်စွန်ရဲကို ထိုးသုတ်မောင်းနှင်ကြတဲ့ ငှက်တော်နှင့်တူပါတယ် (လူသားတိုင်းဟာ မိမိချက်မြှုပ်ရွာမှာပဲ ပျော်ပိုက်လို့ မာန်ဝင်နေကြတယ်)။

ဖော်ပြပါ နောက်အော်နာဂ အပျို၊ လူပျို အချီအချတေးကို ၁၉၇၄ ခန့်က စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် လိုက်ခေါ်ရွာမှ ရရှိခဲ့ပါသည်။ နောက်အော်နာဂလူမျိုးစုသည် မြန်မာပြည်ဘက်၌ ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့၌ မှီတင်းနေထိုင်ကြသည်။ အိန္ဒိယဘက်၌ စကားတူလူမျိုးတူ ခင်(မ) ငန်နာဂ (Khemnagan Naga)ဟူ၍ ရှိပြီး နာဂစာပေတီထွင်ကာ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်အသုံးပြုကြသည်။ ယခုဖော်ပြသော နောက်အော်နာဂ အပျို၊ လူပျိုတေးမှာ စာပေမရှိမီ ရှေးကပင် ဖွဲ့စပ်သီဆိုခဲ့သော ရိုးရာတေးဖြစ်သည်။ ရှေးက နာဂစာပေမရှိခဲ့စေကာမူ စကားရှိလျှင် တေးကဗျာရှိမည်။ စကားလှလျှင် တေးကဗျာ လှမည်။ စကားကြွယ်မည်သာ။

နောက်အော်နာဂ အပျို၊ လူပျိုတေးတွင် စည်းစနစ်ကျနသေသပ်လှပသော တေးကဗျာဖွဲ့စည်းပုံ၊ စကားဥပမာ၊ အလင်္ကာစကားဝှက်များ သုံးပုံ၊ လက်တန်းတေးကဗျာစပ်ဆိုမှု စွမ်းရည်ထက်မြက်ပုံ၊ တေးကဗျာအလှရသဂုဏ်အဆင့်အတန်း မြင့်မားပုံ၊ အညာကျေးလက်ကောက်စိုက်တေးများဖွဲ့ဆိုပုံ နည်းစနစ်အောက် မနိမ့်ကျ၊ တေးကဗျာဂုဏ်ရည်ချင်း နှိုင်းယှဉ်နိုင်ပုံတို့ကို အံ့ချီးဖွယ် လေ့လာသိရှိရပါသည်။ ဤနာဂရိုးရာ အပျို၊ လူပျိုတေးကို နာဂအဘိုးအိုတစ်ဦးက နှီးဖျာရက်ရင်း စာရေးသူအား သီဆိုပြခဲ့သည်ကို နောက်အော်နာဂကျောင်းဆရာ ဦးကံထောင်(ယခုကွယ်လွန်ရှာပြီ)က မြန်မာပြန်ဆိုရှင်းပြပေးခဲ့သည်။

***ရည်ညွှန်း***

*၁။ ကြော့ဦး၊ မောင်။ "မကိုရီနာဂ တောင်ယာတေးများ"၊ ရှုမဝ(ဇွန် ၁၉၇၄)။*

*၂။ ကြော့ဦး၊ မောင်။ "နောက်အော်နာဂ အပျို၊ လူပျိုတေးများ"၊ ရှုမဝ (ဒီဇင်ဘာ ၁၉၇၄)။*

*၃။ ကြော့ဦး၊ မောင်။ "ခန္တီးခရိုင် ရှေ့ဆောင်နာဂလူမျိုးစုများနှင့် သမိုင်းခြေရာ"၊ အတွေးအမြင် (ဇန်နဝါရီ ၂၀၀၂)။*

*၄။ ကြော့ဦး၊ မောင်။ "နာဂတောင်ပေါ်မြေမှ လူပျိုလှည့်တေးများ"၊ မြန်မာတိုင်း(မ်)ဂျာနယ်၊ အချပ်ပို (၂၇-၉-၂၀၀၂)။*

## ကုန်းဘောင်ခေတ်လက်ရာဖြစ်သော ရွှေရေးပန်းချီကား ထိန်းသိမ်းလေ့လာစေချင်



**ရေဦး ဇန်နဝါရီ ၂၅**

ရေဦးမြို့နယ်မိုးဒေါင်ရွာ မိုးဒေါင်ကျောင်းတိုက်တွင် ရှိသော ကုန်းဘောင်ခေတ်လက်ရာ ရွှေရေးပန်းချီများ၊ ရွှေကျောင်းအတွင်းမှ ရွှေရေးပန်းချီကား၊ မြန်မာမှုလက်ရာမြောက် ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွ၊ ပန်းပု၊ ပန်းချီ စသည်တို့ကို နောင်လာနောက်သားများလေ့လာဆည်းပူးစေချင်သည်ဟု ရေဦးမြို့နယ် မိုးဒေါင်ကျောင်းဆရာတော်က မိန့်ကြားသည်။

ဘုရားဝင်းအတွင်း ဘုရားရုပ်ပွားတော် အမိုးမျက်နှာကြက်နှင့် ကျောင်းဆောင်နံရံမျက်နှာကြက်များတွင် တန်ဖိုးမဖြတ်နိုင်သော ရှားပါးရှေးဟောင်းရွှေဇဝါရေး ရုပ်လုံးကြွပန်းချီကားများကို မြင်ဖူးသူနည်းပါးလှသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုကောင်းလှသော ပန်းချီကားများဖြစ်သည့်အတွက် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းထားစေချင်ကြောင်း ရှေးဟောင်းသုတေသနဝါသနာရှင် ကိုရာဇာအောင်က ပြောသည်။ **ငွေအိုး (ကသာ)**

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



၁၉၂၆-၂၇ ခုနှစ် သရေခေတ္တရာမြို့ဟောင်း၊ ဘောဘောကြီးဘုရားတောင်ဘက် ဆင်မကိုးဝန်တင်ကုန်းမှ သဲကျောက်ဖြင့် ပြုလုပ်ထားသော ကျောက်ပလ္လင်ကိုတွေ့ရစဉ်။

## »»» သရေခေတ္တရာ ပျူတို့မှ

ပျူလူမျိုးများသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်လည်း အနှံ့အပြားရှိနေကြပြီး လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်က ယခုပြည်တစ်ဝိုက်၌ အများအပြား အားအကြီးဆုံးနေထိုင်ကြသည်။ သရေခေတ္တရာခေတ်မှာ ပျူခေတ်ဟုပင် ခေါ်လောက်ပေသည်။

### ထွန်းကားလျက်ရှိ

သို့သော်လည်း သရေခေတ္တရာပျူတို့၏ ကျောက်ဆစ်လက်ရာများသည် ပိုမိုထူးခြားမှု ရှိသည်ကို သီရိခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်ရှိ ခင်းကျင်းပြသထားမှုကို လေ့လာခြင်းဖြင့် သိရှိနိုင်ပေသည်။ တွေ့ရှိရသော အထောက်အထားများအရ သရေခေတ္တရာတွင် ရုပ်ပွားဆင်းတုများစသည်တို့ကို ပူဇော်သောအလေ့အထသည် ကောင်းမွန်စွာ ထွန်းကားလျက်ရှိနေပြီ ဖြစ်ပေသည်။ ရှေးဟောင်းသာသနိက ပစ္စည်းများကို ထောက်ထား၍ ဗုဒ္ဓဘာသာသည် သရေခေတ္တရာနယ်မြေ၌ အေဒီ ၄ ရာစုကတည်းကပင် စည်ပင်နေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။ ရှေးဟောင်းသုတေသနဌာနမှ တူးဖော်တွေ့ရှိချက်များကို အထောက်အထားပြု၍ သရေခေတ္တရာ၌ ရှေးဦးထွန်းကားသော ဗုဒ္ဓဘာသာမှာ ထေရဝါဒဗုဒ္ဓဘာသာဖြစ်သည်။ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာစသည်လည်း ထေရဝါဒဗုဒ္ဓဘာသာနှင့် စင်ပြိုင်ထွန်းကားခဲ့သည်။ ထို့အပြင် ဗိဿနိုး(နတ်)ကျောက်ရုပ်တုများစွာတွေ့ရခြင်းကြောင့် ဗိဿနိုးနတ်ကိုးကွယ်မှု ရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ယေဘုယျအားဖြင့် သရေခေတ္တရာခေတ်တွင် အိန္ဒိယပြည်ဘက်မှ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ (ဗိဿနိုးကိုးကွယ်မှု)တို့ ကောင်းစွာ ရောက်ရှိနေပြီဖြစ်ကြောင်း ခိုင်မာစွာ မှတ်ယူနိုင်ပေသည်။ ထိုအချက်ကို အထောက်အကူပြုနိုင်သည့်အချက်မှာ ပျူတို့၏ ဓလေ့ထုံးစံ၊ စရိုက်အပြုအမူများ ကောင်းစွာထွန်းကားဖြစ်တည်နေမှုကို ဖော်ပြထားသော ခေတ်ပြိုင် ၈ ရာစု၊ ၉ရာစု တရုတ်မှတ်တမ်းများပင်ဖြစ်ပေသည်။



သရေခေတ္တရာမြို့ဟောင်းရှိ သီရိခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်ရှိ ပြခန်းဆောင်(၁)နှင့် ပြခန်းဆောင်(၂)တွင် ခင်းကျင်းပြသထားသော ကျောက်ဆစ်လက်ရာများနှင့် သရေခေတ္တရာမြို့ဟောင်းအတွင်း၊ အပြင်ရှိ ကျောက်ချပ်ရုံများ၌ ကျောက်ဆစ်လက်ရာ ရုပ်ကြွများကို လေ့လာတွေ့ရှိနိုင်ပေသည်။ (၁၉၂၆-၂၇)ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း၊ ဘောဘောကြီးဘုရားတောင်ဘက် ဆင်မကိုးဝန်တင်ကုန်းမှ သဲကျောက်ဖြင့် ပြုလုပ်ထားသော ကျောက်ပလ္လင်ကို ရရှိခဲ့သည်။ ကြီးမားသော ကျောက်တုံးကြီးအား ခိုနန်းချိုးပလ္လင်ပုံစံ ထုဆစ်ထားပြီး ပန်းခက်၊ ပန်းပွင့်၊ ပန်းနွယ်၊ ပွတ်လုံးတိုင်၊ လေးထောင့်မှန်စီကွက်များကို လှပစွာ ထုဆစ်ပုံဖော်ထားသည်။ ကျောက်ပလ္လင်မှာ လေးစိတ်ကွဲနေပြီး ကျောက်ပလ္လင်အစိတ်အပိုင်းများကို လေ့လာရခြင်းဖြင့် မပျက်စီးမီက ပုံစံအတိုင်းရှိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် (၁၉၂၆-၂၇)ခုနှစ်တွင် ဦးခင်ဘကုန်းမှ တူးဖော်တွေ့ရှိရသော ဌာပနတိုက်ဖုံးကျောက်ပြားချပ် တူးဖော်ရရှိခဲ့သည်။ သဲကျောက်ဖြင့် ပြုလုပ်ထားသော ကျောက်ဆစ်လက်ရာဖြစ်ပြီး ကျောက်ပြားပေါ်တွင် စေတီပုံသဏ္ဌာန် အကြွဖော်ထားသည်။ မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရှိရသော စေတီဖြစ်သည်။ ထိုကျောက်ချပ်ရှိ စေတီတော်သည် အိန္ဒိယပြည်ရှိ အသောကမင်းတရားကြီး၏ ကုသိုလ်တော်ဖြစ်သော ဆန်ချီစေတီပုံသဏ္ဌာန်မှ ပြောင်းလဲရွေ့လျားလာသည်မှာ ယုံမှားဖွယ်မရှိပေ။ အလားတူပင် ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာတို့၏ပုံစံသည်လည်း အထက်ပါ ကျောက်ချပ်ရှိ စေတီပုံစံမှ ရွေ့လျားပြောင်းလဲကြောင်းကို သံသယကင်းရှင်းစွာ ယုံကြည်နိုင်ပါသည်။ (၁၉၁၁-၁၂)ခုနှစ်တွင် ဘုရားကြီးစေတီ၏ တောင်ဘက် ကိုက် ၂၀၀ ခန့်အကွာတွင် ပျူစာပါသော ကျောက်အရိုးအိုး လေးလုံးတူးဖော်ရရှိခဲ့သည်။ အရိုးအိုး တစ် လုံးရှိ စာကို ဒေါက်တာစီအိုဘလက်ဒင်က 'သူရိယဝိကြမမင်း၏ ဆွေတော်မျိုးတော်များ' ဟု ဖတ်ရှုခဲ့သော်လည်း 'မိဖုရား' ဟု အနက်ရသော ပျူဝေါဟာရ 'ဉဝေါ'ကို တွေ့မြင်နိုင်ပါသေးသည်။ ထိုအရိုးအိုး၏ ထူးခြားချက်တစ်ရပ်မှာ အောက်ခြေတွင် ပျူစာများရေးထိုးပါရှိခြင်းဖြစ်သည်။ ယင်းပျူစာများကို မူလက အလွန်ထုထည်ကြီးမားသော ကျောက်တုံးတွင် ရေးထိုးခဲ့လေသည်။ ထို့နောက် ယင်းကျောက်တုံးကြီးကို အရိုးအိုးထွင်းရာတွင် စာများကို အရိုးအိုး၏အောက်ပိုင်း၌ ထွင်းထားသည်။ ထို့ကြောင့် စာများသည် မပြည့်မစုံဖြစ်နေခြင်းဖြစ်သည်။ နှုတ်ခမ်းသားတစ်လျှောက်တွင်လည်း ကျောက်သားကို ဆစ်ရာတွင်ပါမသွားဘဲ ကြွင်းကျန်ရစ်သော စာလုံးအပိုင်းအပြတ်များကို တွေ့ရသည်။ ထိုစာကြောင်းများမှာ အရေအတွက်အားဖြင့် ခုနစ်ကြောင်းပါရှိသည်။ စာမပါသော ကျောက်အရိုးအိုးကို ဖောင်းရစ်များဖြင့် လှပစွာပြုလုပ်ထားသည်။ အထက်ပါ ကျောက်အရိုးအိုး ငါးလုံးသည် အဆက်အစပ်မပါစေဘဲ တစ်ခဲနက်ကြီးမားသော ကျောက်တုံးများမှ ထွင်းလုပ်ထားသည်။ သို့သော် ဗိဿနိုးမိဖုရားသင်္ချိုင်းရှိ ကျောက်အရိုးအိုးများမှာမူ ကျောက်ခွေများပြုလုပ်ပြီး ဆက်စပ်ထားကြောင်း တွေ့ရသည်။

(၁၉၆၈)ခုနှစ်တွင် သရေခေတ္တရာ နန်းမြို့ရိုး၏အရှေ့ဘက်အဝင်တံခါးအနီးမှ ဒွါရပါလကျောက်ရုပ်ကို တွေ့ရှိခဲ့ပါသည်။ သဲကျောက်ဖြင့်ပြုလုပ်ထားပြီး ပျူလူမျိုးတို့၏ စိတ်ကူးယဉ် ကျောက်ဆစ်လက်ရာတစ်ခု ဖြစ်ပါသည်။ ဒွါရပါလဆိုသည်မှာ မြို့ဝင်ပေါက်များကို စောင့်ရှောက်သည့် အစောင့်အရှောက် ဖြစ်ပါသည်။ ဒွါရဆိုသည်မှာ အပေါက်ဟု အဓိပ္ပာယ်ရပြီး ပါလဆိုသည်မှာ အစောင့်ဟု အဓိပ္ပာယ်ရပါသည်။

### ပုံဖော်ထုဆစ်

မဟာယာဉ်ဂိုဏ်းဆိုင်ရာ တာရာဒေဝီနတ်သမီးကျောက်ရုပ်ကြွကို ရွှေတံခါးမြို့ဝင်ပေါက်အနီးမှ တူးဖော်ရရှိခဲ့ပါသည်။ ထိုအကြွဖော်ထားသော ကျောက်ပြားသည် နှစ်ပိုင်းပြတ်နေသည်။ အဆိုပါ ကျောက်ပြားပေါ်တွင် ဒုရင်(ကမောင်း)၊ ဆပ်သွား၊ အဆော်၊ သရက်ကင်းတို့အောက်တွင် ကြေးကွေး (သံလျှင်းချိတ်)တို့ အတွင်းရှိ နတ်သမီးသည် ဘေးစောင်းဒူးတုပ်ထိုင်လျက် ရှေ့တည့်တည့်သို့ မျက်နှာမူနေသည်။ နတ်သမီးသည် ယာလက်ကိုထောက်လျက် ဝဲလက်ကိုအထက်သို့ မြှောက်ထားသည်။ ဝဲလက်အတွင်း၌ လုံတံနှင့်တူသော အရာဝတ္ထုကို ကိုင်ဆောင်ထားသည်။ နတ်သမီး၏ ဝဲဘက်တွင် တစ်ယောက်၊ ယာဘက်တွင်တစ်ယောက် ပေါင်းအခြွေအရံ နှစ်ယောက်သည် ကြေးကွေးတိုင်ပေါ်တွင် ပုံဖော်ထုဆစ်ထားသည်။ တာယာဒေဝီထိုင်နေသော အောက်ပလ္လင်ခုံတွင် ကမ္ဗလာခင်းထားပြီး ထိုပလ္လင်ခုံအောက်ခန်းတွင် ဒူးတုပ်လက်ယှက်လျက်၊ အရိုအသေပြုနေသော အခြွေအရံလေးဦးကိုလည်းကောင်း၊ ၎င်းတို့၏ အောက်တွင် သွားဖြဲလျက် ဒူးတုပ်ထိုင်နေသော ဘီလူးမအခြွေအရံ ခြောက်ဦးကို တွေ့နိုင်သည်။

ထို့ပြင် ဗုဒ္ဓရုပ်ကြွကျောက်ချပ်ကို ၁၉၂၆ ခုနှစ်တွင် ကျောက်ကာသိမ် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ စေတီရံလျက် ဗုဒ္ဓဆင်းတုတော်နှင့်စေတီပူးတွဲ၍ ပူဇော်ထားသောရုပ်ကြွင်းကို သရေခေတ္တရာတွင်သာ တွေ့မြင်နိုင်သည်။ လက်ဝဲဘက်တွင် စေတီတစ်ဆူပါရှိပါသည်။ ဆင်းတုတော်၏ ဦးခေါင်းပိုင်းမှာ အလွှာလိုက်ကွာကျနေပြီး ညာဘက်လက်တော်မှာ ကျိုးပဲ့ပျက်စီးနေပါသည်။ ရုပ်ကြွ၏ညာဘက်အပိုင်းမှာလည်း လုံးဝပျက်စီးနေပြီဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ထမ္မကောက်အုပ်စု၊ သောကြမ္ဗာ ဘုရားတောင်ဘက်၊ ပိတောက်ကန်ယာကွက်အတွင်းမှ ဗုဒ္ဓရုပ်ကြွသဲကျောက်တိုင် တူးဖော်ရရှိခဲ့သည့် သဲကျောက်ဖြင့် ပြုလုပ်ထားပြီး မျက်နှာ လေးဘက်ပါရှိသည်။ ထိုမျက်နှာလေးဘက်တွင် မုဒြာဟန်မတူသော ဗုဒ္ဓရုပ်ကြွများမှာ အဆင့် သုံးဆင့်ထုလုပ်ထားသည်။ အပေါ်ဆုံးအဆင့်တွင် ဗုဒ္ဓရုပ်ကြွနှစ်ဆူအလယ်၌ ဘောဘောကြီး စေတီပုံသဏ္ဌာန် စေတီတစ်ဆူ ထုလုပ်ပုံဖော်ထားသည်။ သဲကျောက်ဖြင့် ပြုလုပ်ထားပြီး ပျူကျောက်ဆစ်လက်ရာတစ်ခု ဖြစ်သည်။ မျက်နှာပြင် လေးဖက်ပါရှိပြီး တစ်ဖက်မှာ အားလုံးနီးပါး ပျက်စီးနေသည်။ တွေ့ရှိစဉ်အခါက ကျောက်တိုင်မှာ ဆက်စပ်၍ ထုလုပ်ထားပြီး မျက်နှာပြင်တိုင်တွင် မုဒြာဟန်မတူသော ဗုဒ္ဓရုပ်ကြွပုံများကို အဆင့်သုံးဆင့်ထုလုပ်ထားပါသည်။ ဗုဒ္ဓပုံတော်များ၏ ပလ္လင်အခြေတွင်လည်း ပူဇော်နေသော နတ်ဗြဟ္မာတို့သာမက မျောက်သတ္တဝါတစ်ကောင်၏ ပုံကိုပါ ထူးခြားစွာပုံ ဖော်ထားသည်။

၁၉၂၇-၁၉၂၈ခုနှစ်တွင် ဘောဘောကြီးဘုရားတောင်ဘက် ကန်ဝက်ခေါင်းကုန်းမှ ပလ္လင်ခုံအောက်ခြေ လေးမျက်နှာတွင် ပျူစာပါသော ဗုဒ္ဓဆင်းတုတော်တစ်ဆူ တူးဖော်ရရှိခဲ့သည်။ ဆင်းတုတော်၏ ပလ္လင်ခုံလေးမျက်နှာစလုံးတွင် ပျူစာနှင့်သက္ကတစာတို့ကို ရောစပ်၍ ရေးထိုးထားသည်။ ပလ္လင်တွင် ရေးထိုးထားသော သက္ကတစာပိုဒ်များသည် အများအားဖြင့် စာလုံးနှစ်လုံးသာပါသော စာပိုဒ်တိုများဖြစ်သည်။ ရေးထိုးထားသော အက္ခရာများသည် အိန္ဒိယတောင်ပိုင်းအက္ခရာဖြစ်သော်လည်း သက္ကတစာပိုဒ် အချို့စာလုံးများမှာ ဂုပ္တအက္ခရာများနှင့်ဆက်နွယ်နေသည်။ ဆင်းတုတော် ပတ်လည်တွင်ရေးထိုးထားသော ကမ္ပည်းစာများမှာ ဇယစန္ဒြဝါရမ်မန်မင်းနှင့် ဟိရိဝိကြမမင်းသား ညီနောင်တို့ တစ်နေ့တည်းမှာပင် မြို့တော်နှစ်မြို့ကို တည်ထောင်ကြောင်း၊ ဂုဟဒီပဆရာတော်၏ အဆုံးအမဩဝါဒကိုခံယူကာ ဤဗုဒ္ဓဆင်းတုတော်ကို ထုလုပ်လှူဒါန်းမှု ပြုလုပ်ခဲ့သောအကြောင်းပင် ဖြစ်သည်။

### ကောင်းစွာဖြစ်ထွန်း

ဤကဲ့သို့ သဲကျောက်လက်ရာများကို တွေ့မြင်ရခြင်းဖြင့် သရေခေတ္တရာပျူတို့၏ ကုန်ထုတ်လုပ်မှုတွင် ကျောက်ဆစ်လက်မှုလုပ်ငန်းသည် ကြီးမားသောကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ ဤမြို့ဟောင်းမှ တွေ့ရှိရသော ကျောက်ဆစ်လက်ရာဖြစ်သည့် ကျောက်ချပ်ပေါ်တွင်ထုလုပ်ထားသည့် ရုပ်ကြွကျောက်ချပ်များ၊ သဲကျောက်ဗုဒ္ဓ ရုပ်ကြွဆင်းတုများသည် သရေခေတ္တရာ၏ လက်မှုလုပ်ငန်းကြီးကျယ်မှုကို ခန့်မှန်းနိုင်ပေသည်။ ယင်းအထောက်အထားများကို သုံးသပ်လျှင် သရေခေတ္တရာခေတ်၌ ကျောက်ဆစ်လုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းလျက်ရှိသည်ဟု ယူဆနိုင်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်းမှ ကျောက်ဆစ်လက်ရာများသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာဖြင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ကို ရရှိခဲ့ရုံသာမက မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအမွေအနှစ်များဖြစ်သည့် သရေခေတ္တရာပျူတို့၏ ထင်ရှားသော ကျောက်ဆစ်အနုလက်ရာများကို ဘိုးစဉ်ဘောင်ဆက်မပျက်စီးစေရန် ထိန်းသိမ်းသွားရန် လိုအပ်နေပါတော့သည်။ ။

***ကိုးကား***

***ဒဂုန်နတ်ရှင် - မြန်မာ့ရိုးရာဆယ်ပွင့်ပန်း၊***
***မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ - အခြေပြမြန်မာနိုင်ငံရေးသမိုင်း(ပထမတွဲ)၊***
***မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)- သရေခေတ္တရာမြို့ဟောင်းရှိ လေ့လာစရာနေရာများသမိုင်းနှင့် ဧည့်လမ်းညွှန်၊***
***ဦးဖိုးကျား- ခေတ်မီ မြန်မာရာဇဝင်အကျဉ်း***

---

## »»» ချင်းတိုင်းရင်းသားမှ

ခိုင်ကမ်းမြို့တွင် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်အတွင်း ဆည်ကြီးချောင်းရေ မြစ်ရေတိုက်စားမှုကြောင့် နေအိမ်များပြောင်းရွှေ့ချထားရသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ရသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ခိုင်ကမ်းမြို့ ရေဘေးကာကွယ်ရေးအတွက် ရေကာမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ချင်းပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့ရာ ၂၅-၇-၂၀၁၈ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ခိုင်ကမ်းမြို့တွင် အထက်တန်းတစ်ကျောင်း၊ ကျောင်းသားဦးရေ ၇၄၀ ရှိပြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံးဖွင့်လှစ်ရန် မြေနေရာလျာထားရှိပြီးဖြစ်ပါသည်။ ရဲစခန်းဝန်ထမ်းအိမ်ရာ RC နှစ်ထပ် ဆောက်လုပ်လျက်ရှိကြောင်း သိရပါသည်။ ၂၄ ခန်းရှိသော ခိုင်ကမ်းစည်ပင်သာယာရေးဈေးအား ဖွင့်လှစ်ရန် ဆောက်လုပ်ပြီးဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ခိုင်ကမ်းမြို့နှင့် ပိန်းသီကျေးရွာအကြား ၁၀မိုင်အနက် ၂မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသတိုင်းရင်းသား ရန်ပုံငွေ သန်း ၅၇ ဖြင့် ၁၂ ပေ အကျယ်၊ ဒု နှစ်လက်မရှိသော ကွန်ကရစ်လမ်းအား ဖောက်လုပ်ပေးလျက်ရှိပါသည်။ ခိုင်ကမ်းမြို့ အမှတ်(၁)ရပ်ကွက်တွင်ရှိသော မြို့မဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား သန်း ၃၀ ဖြင့် ဆောက်လုပ်ပြီးဖြစ်ပါသည်။ ၎င်းအပြင် မီးသတ်စခန်းအား ၂၀၁၈ -၂၀၁၉ ခုနှစ်တွင် ခွင့်ပြုရန်ပုံငွေ ၇၁ ဒသမ ၇၈ သန်းဖြင့် စတင်ဆောက်လုပ်လျက်ရှိပါသည်။

ခိုင်ကမ်းမြို့တွင် ကျောက်တစ်လုံးအပန်းဖြေစခန်းရှိပြီး ရေဆော့ကစားသူများနှင့် လာရောက်အပန်းဖြေသူများပြားလာပါသည်။ ခိုင်ကမ်းမြို့နှင့် ၉ မိုင်ခန့်အကွာတွင် ပိန်းပိကြိုးတံတားအနီး၌ ကနေဒီဆင်စခန်းတစ်ခုတည်ရှိကာ ဆင်စခန်းတွင် ဆင်ခုနစ်ကောင်ရှိပြီး ဆင်စီးခ တစ်ဦးလျှင် ၅၀၀၀နှုန်းဖြင့် လာရောက်လေ့လာသူများ များပြားလှကြောင်း သိရပါသည်။

ခိုင်ကမ်းမြို့သည် နယ်ချဲ့ကို တော်လှန်ခဲ့သော ဗိုလ်ခိုင်ကမ်းအား ဂုဏ်ပြုတည်ဆောက်ထားသော မြို့ဖြစ်ခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့နှင့် လမ်းပန်းဆက်သွယ်ရေးနီးစပ်ခြင်း၊ ပြည်သူများ စည်းလုံးညီညွတ်ခြင်းတို့ကြောင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့် မြို့တစ်ခုဖြစ်မည်မှာ အမှန်ပင်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရမှ ခိုင်ကမ်းမြို့အား ဖွဲ့စည်းဆောင်ရွက်ပေးခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားများ၊ ကျောင်းသားလူငယ်များက ဝမ်းမြောက်ပီတိဖြစ်လျက်ရှိ နေကြပါကြောင်း ဂုဏ်ပြုရေးသား လိုက်ရပါသည်။ ။

# ချင်းတိုင်းရင်းသားတော်လှန်ရေးခေါင်းဆောင် ဗိုလ်ခိုင်ကမ်း ဖွံ့ဖြိုးတိုးတက်လာသော ခိုင်ကမ်းမြို့



မင်းလပြည့်(ဟားခါး)

မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့သော်လည်း တောင်တန်းဒေသတွင် နေထိုင်သော ချင်းတိုင်းရင်းသားများကား ခေါင်းငုံ့အညံ့ခံခဲ့သည်မဟုတ်ပေ။ ချင်းတိုင်းရင်းသားတစ်ဦးဖြစ်သော ဗိုလ်ခိုင်ကမ်းသည် ခေါဆကျေးရွာ တိုက်သူကြီး ပူခုပ်ပေါင်နှင့် ပီကျိန်ညောင်တို့က အေဒီ ၁၈၆၄ ခုနှစ်တွင် တီးတိန်မြို့နယ် ခေါဆကျေးရွာ၌ မွေးဖွားခဲ့ပါသည်။ မွေးချင်း ၁၁ဦးထဲမှ ဒုတိယမြောက်သားဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်ရာတွင် ထင်ရှားသော ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ အင်္ဂလိပ်တို့သည် ချင်းတောင်တန်းဒေသကို သိမ်းပိုက်ရန်အတွက် တီးတိန်မြို့နယ် ဖက်ယမ်းရွာတွင် အခြေပြုနေသည်။ ထိုစဉ် တီးတိန်နယ်မှ ဗိုလ်ခိုင်ကမ်း ဦးစီးသော ချင်းတိုင်းရင်းသား စိယင်လူမျိုးအင်အား ၁၂၀၀၊ ဦးခေါ်ကျင့်တီးတိန်အင်အား ၄၀၀၊ မွှာဘင်းရွာမှ အင်အား ၃၀၊ စုစုပေါင်း ၁၆၃၀ တို့သည် ခိုဆတ်ရွာ၌ စုစည်းခဲ့ကြသည်။ ထိုနေ့၌ နယ်ချဲ့ကို စုပေါင်းတွန်းလှန်တိုက်ခိုက်ကြရန် ကတိစာချုပ်ပွဲ ပြုလုပ်သည်။ ဖက်ယမ်းရွာသို့ ရောက်ရှိနေသည့် အင်္ဂလိပ်တပ် အမှတ်(၃) ခံတပ် စီးနင်းတိုက်ခိုက်ရေးအတွက် စစ်ကြောင်း(၁) တပ်မှူး တီးတိန်ဦးခေါ်ကျင့် (ကမ်းဟောက်)၊ အင်အား ၄၀၀၊ စစ်ကြောင်း(၂) စစ်သူကြီး စိယင်ဗိုလ်ခိုင်ကမ်းဦးစီး စိယင်အင်အား ၆၀၀၊ စစ်ကြောင်း (၃) စိယင်တပ်မှူး ဗိုလ်ထွန်းဇံဦးစီးအင်အား ၃၈၀ ဖြင့် ဖွဲ့စည်းခဲ့သည်။

စစ်ကြောင်း(၁)က ဖက်ယမ်းတောင်၏ ဘယ်ဘက်တောင်ကြော၌ လည်းကောင်း၊ စစ်ကြောင်း(၂)က အလယ်စစ်ကြောင်း၊ စစ်ကြောင်း(၃)က ယာဘက်တောင်ကြောမှ တက်ရောက်ရန်နှင့် ကျန်အင်အား ၆၃၀ ကို မျိုးနွယ်စုအလိုက် တပ်မှူးများကွပ်ကဲ၍ နောက်ခံတပ်အဖြစ် ခိုဆတ်ရွာ၌ တပ်စွဲစေခဲ့သည်။

၁၈၈၉ ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် အင်္ဂလိပ်ခံတပ်သို့ စစ်ကြောင်းသုံးကြောင်းသည် သတ်မှတ်လမ်းကြောင်းအတိုင်း တိတ်တဆိတ်ချီတက်လာသည်။ ချင်းမျိုးချစ်တပ်များသည် "လေဆင်း ခွါလ်ပီး"ခေါ် မြေနီတောင်အရောက် အင်္ဂလိပ်နှင့်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ ထိုနေ့၌ အင်္ဂလိပ်တပ်ကို ဗီးမာရှယ် ဂျော့ချ်ဝှိုက် လက်အောက်ခံတပ် ဂေါ်ရခါးတပ်ရင်း အမှတ်(၄၂)တပ်မှူး ဒုဗိုလ်မှူးကြီး စကင်း ဦးစီးသည်။ ချင်းမျိုးချစ်တို့၏ လက်နက်မှာ ဒူးလေး၊ လုံတိုလုံရှည်၊ ဓားတို၊ ဓားရှည်များသာဖြစ်သည်။ ရင်ဆိုင်တိုက်ပွဲစသည်နှင့် အင်္ဂလိပ်က အမြောက်နှင့်ပစ်ခွင်း၍ ရိုင်ဖယ်သေနတ်ဖြင့် တရစပ်ပစ်ခတ်သည်ကို မမှုဘဲ ဗိုလ်ခိုင်ကမ်းတို့က တိုက်ခိုက်ခဲ့သည်။

**ချင်းမျိုးချစ်တပ်များသည် "လေဆင်း ခွါလ်ပီး"ခေါ် မြေနီတောင်အရောက် အင်္ဂလိပ်နှင့် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားသည်။ ထိုနေ့၌ အင်္ဂလိပ်တပ်ကို ဗီးမာရှယ် ဂျော့ချ်ဝှိုက် လက်အောက်ခံတပ် ဂေါ်ရခါး တပ်ရင်း အမှတ်(၄၂)တပ်မှူး ဒုဗိုလ်မှူးကြီး စကင်းဦးစီးသည်။ ချင်းမျိုးချစ်တို့၏ လက်နက်မှာ ဒူးလေး၊ လုံတိုလုံရှည်၊ ဓားတို၊ ဓားရှည်များသာဖြစ်သည်။ ရင်ဆိုင်တိုက်ပွဲစသည်နှင့် အင်္ဂလိပ်က အမြောက်နှင့် ပစ်ခွင်း၍ ရိုင်ဖယ်သေနတ်ဖြင့် တရစပ် ပစ်ခတ်သည်ကို မမှုဘဲ ဗိုလ်ခိုင်ကမ်းတို့က တိုက်ခိုက်ခဲ့သည်။**

## တစ်ကျွန်းပေးခံရ

ဗိုလ်ခိုင်ကမ်းသည် အင်္ဂလိပ်တို့အား (၁၈၈၈ ခုနှစ်မှ ၁၈၉၄ ခုနှစ်အတွင်း) နယ်ချဲ့တော်လှန်ရေး တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်ခိုင်ကမ်းကို နယ်ချဲ့အင်္ဂလိပ်တို့က ၁၈၉၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဖမ်းဆီးကာ ကပ္ပလီကျွန်းသို့ တစ်သက်တစ်ကျွန်းပေးခံနေရသည်။ ကျွန်းပို့ခံရသည့် ၁၆ နှစ်ပြည့်သည့် ၁၉၁၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့တွင် ညီအစ်ကို ငါးဦး၏ ဝန်ခံချုပ်ဖြင့် ပြန်လွတ်လာကာဌာနေသို့ ပြန်ရောက်လာသည်။ ဗိုလ်ခိုင်ကမ်းသည် သူ့အသက် ၇၃ နှစ်ပြည့် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် ခေါဆကျေးရွာတွင် ကွယ်လွန်ခဲ့သည်။ ယခုအခါ ဗိုလ်ခိုင်ကမ်းအား ဂုဏ်ပြုသောအားဖြင့် ခိုင်ကမ်းကျေးရွာအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၁.၂.၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀၀/၂၀၁၆)ဖြင့် မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

ခိုင်ကမ်းမြို့သည် ချင်းပြည်နယ် တီးတိန်မြို့ ကလေးမြို့နှင့် (၉) မိုင်အကွာ၊ ကလေး-ဖလမ်း-ဟားခါး ပြည်ထောင်စုလမ်းမဘေးတွင် တည်ရှိပြီး ယခင်က ထေးဇန်ကျေးရွာအုပ်စု၌ ပါဝင်သည်။ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၉၅၀ ကျော်မြင့်မားပြီး အရှေ့မှ အနောက်သို့ ၁ ဒသမ ၄ မိုင်၊ တောင်မှ မြောက်သို့ ၁ ဒသမ ၇၀ မိုင်ရှည်လျားသည်။ ခိုင်ကမ်းမြို့တွင် အိမ်ခြေ ၆၄၇ အိမ်၊ အိမ်ထောင်စု ၅၂၄စု၊ ကျား/မ ဦးရေ ၃၃၃၄ ဦးရှိသည်။ ခိုင်ကမ်းမြို့တွင် မြို့အုပ်ချုပ်ရေးမှူး ဦးလှမျိုး ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးရုံး၊ နယ်မြေရဲစခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ စည်ပင်သာယာရေးရုံး၊ လူမှုဝန်ထမ်းဦးစီးဌာနရုံး၊ ကျန်းမာရေးဦးစီးဌာနရုံး၊ လမ်းဦးစီးဌာနရုံး၊ နေရပ်ဌာရာလူငယ်သင်တန်းကျောင်းအပါအဝင် ၁၂ ရုံးတည်ရှိသည်။

အထူးကဏ္ဍ [ဂ] သို့ »»

## ကင်းမွန်ရခိုင်သုပ်

ကင်းမွန်ဟာ ပင်လယ်စာတစ်မျိုးဖြစ်ပြီး ခရုအုပ်စုဝင်ဖြစ်ပါတယ်။ ကင်းမွန်မျိုးစိတ်ပေါင်း ၃၀၀ ကျော်ရှိပြီး ပြည်ကြီးငါးနှင့် ဆင်တူတယ်လို့ ဆိုနိုင်ပါတယ်။ ကွာခြားချက်က ပြည်ကြီးငါးက ခန္ဓာကိုယ်လုံးပြီး အတွင်းမှာ အရိုးပြားကြီးကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ကင်းမွန်ကတော့ ခန္ဓာကိုယ် လုံးလုံးရှည်ရှည်လေးဖြစ်လို့ တချို့ဒေသတွေမှာ ဖောင်တိန်ရယ်လို့ ခေါ်ကြပါတယ်။

ကင်းမွန်ကိုကြော်စား၊ ချက်စားနိုင်သော်လည်း သုပ်စားရတာကို အများစုကကြိုက်ကြပါတယ်။ ကင်းမွန်သုပ်တော့မယ်ဆိုရင် ပထမဆုံး သန့်စင်ရပါမယ်။ ခေါင်းပိုင်းနဲ့ ကိုယ်ပိုင်းကို အသာဆွဲလိုက်ရုံနှင့် နှစ်ပိုင်းကွဲသွားပါတယ်။ ခေါင်းပိုင်းမှာရှိတဲ့ မျက်လုံးနှစ်လုံးနဲ့ သွား၊ အစာအိမ်နဲ့အမည်းရောင်မှင်အိတ်တွေကို ဖယ်ပစ်ရပါမယ်။ မှင်အိတ်မှာက အမည်းရောင်အရည်တွေရှိပြီး ရန်သူကို ရှောင်တိမ်းရာမှာ အသုံးပြုတာပါ။ မှင်အိတ်ထဲကအရည်တွေကိုပန်းထုတ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်သွားတဲ့အခါ ရန်သူကို အလွယ်တကူရှောင်တိမ်းသွားနိုင်ပါတယ်။

ရှည်မျော့မျော့ကိုယ်အပိုင်းမှာတော့ ဖုံးထားတဲ့ ခရမ်းရောင်အမြှေးပါးရှိပြီး အလွယ်တကူ ဖယ်လို့ရပါတယ်။ သန့်စင်ပြီး ကင်းမွန်တွေကို ဆီပါလေကာနဲ့ ဆားအနည်းငယ်ထည့်ပြီး ဒယ်အိုးမှာလှော်ပါမယ်။ သတိပြုဖို့က ပင်လယ်စာဖြစ်လို့ ဆားနည်းနည်းများရင်တောင် အငန်စူးသွားတတ်လို့ အရေးကြီးပါတယ်။ လှော်ထားတဲ့ကင်းမွန်တွေကို အနေတော်လှီးပြီး အသင့်ပြင်ထားပါ။ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်းနဲ့ ကြက်သွန်နီ၊ ရှောက်ရွက်ပါးပါးလှီးထည့် သံပရာရည်ညှစ်ပြီး အားလုံးကိုရောသုပ်လိုက်ပါ။ ကင်းမွန်ရခိုင်သုပ်ရပါပြီ။





ကင်းမွန်သုပ်ဟာ ဗာဟီရမများလို့ အချိန်ကုန်သက်သာတဲ့အပြင် ဆီမလိုတဲ့ ကျန်းမာရေး ဟင်းတစ်ခွက်ဖြစ်ပါတယ်။ ကြိုက်ရင်တော့ မီးကင်ပြီးသား ပုစွန်ငါးပိလေး ထည့်သုပ်ပါ။ အရသာရှိပြီး ထမင်းမြိန်တဲ့ ဟင်းတစ်ခွက်မို့ စားဖြစ်အောင်သုပ်စားကြည့်ပါလို့ တိုက်တွန်းလိုက်ပါရစေ။

စံလွင် (ငါးဦးစီး)

## ချစ်သမီးကြီး ဒေါ်ဆွေလပြည့်စိုး (Su Su San Co.,Ltd နှင့် စုစုစံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) (စော်ဘွားကြီးကုန်းပွဲရုံဝင်း)အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားမှသာ လူသားများအားလုံး လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန စသည့် အကုသိုလ်တရားများကင်းစင်ပြီး ဒါန-သီလ-သမာဓိ-ပညာ-ဝိပဿနာ ကုသိုလ်တရားများ ပွားများလျက် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ကြပါစေရန် သံသရာအတွက် အရှည်ရည်ရွယ်၍ ဗုဒ္ဓသာသနာ မထွန်းကားသေးသောနယ်စပ်ဒေသများဖြစ်သည့် ကြူကုတ်၊ ပန်ဆိုင်း၊ မုံးကိုးဒေသတို့နှင့် တောင်တန်းဒေသများဖြစ်သည့် ကောလင်း၊ ကလေးမြို့တို့တွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရဟန်း-သံဃာ-ရှင်သာမဏေနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးတို့အား ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်အဖြစ်သာသနာ့ဘောင်သွတ်သွင်း၍ ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းခြင်း၊ ဘုရား၊ စေတီ၊ သိမ်ကျောင်း၊ ရေကန်၊ ဇရပ်တို့ကို သာသနာတော်အတွက် မေမေ့ဆုံးမစကားအား နားထောင်ပြီး **လူ့ဘဝကိုတန်ဖိုးရှိအောင် နေထိုင်ဆောင်ရွက်၍** လှူဒါန်းပူဇော်နိုင်ခဲ့သော **ချစ်သမီးကြီး ဒေါ်ဆွေလပြည့်စိုး**ကို နိုင်ငံတော်သမ္မတရုံးမှ **"သုဓမ္မသိင်္ဂီဘွဲ့"** ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်စွာ (သာဓု-သာဓု-သာဓု) ခေါ်ဆိုအပ်ပါသည်။

ချစ်သမီးကြီး စီးပွားတိုးတက်၍ ဗုဒ္ဓသာသနာတော်အတွက်၊ နိုင်ငံတော်အတွက်၊ လူသားများအားလုံးအတွက် တန်ဖိုးရှိအောင် နေထိုင်ဆောင်ရွက်နိုင်သော အမျိုးကောင်းသမီးရတနာဖြစ်ပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်မေမေ** - **သုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်ဆွေ**
**(ပြည့်စုံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)**
**အမှတ်(၅)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ချစ်ညီမလေး** - **မပွင့်ဖြူစိုး(ခ)မပွင့်ဖြူဟန်**
**အမှတ်(၁၁၈)၊ သံလွင်လမ်း(ဝင်ဒါမီယာ)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ဆွေလပြည့်စိုး (Su Su San Co.,Ltd နှင့် စုစုစံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) (စော်ဘွားကြီးကုန်း ပွဲရုံဝင်း)အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**သုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်ဆွေ** (ပြည့်စုံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ **သမီးကြီး ဒေါ်ဆွေလပြည့်စိုး** အား နိုင်ငံတော်သမ္မတရုံးမှ **သုဓမ္မသိင်္ဂီဘွဲ့** ချီးမြှင့်ခြင်းခံရသည့်အတွက် လူ့ဘဝမှာ မြင့်မြတ်သော ဗုဒ္ဓသာသနာဝင်တစ်ယောက်အဖြစ်၊ မြတ်သောနေခြင်းဖြင့် ဝိပဿနာတရားများကို ဆက်လက်အားထုတ်နိုင်ပါစေ။

**ညီမလေးကိုချစ်တဲ့ အစ်ကိုကြီး၊ မမကြီးများ**

(၁) ဒေါ်သန်းသန်းအေး-ဒေါ်မြင့်မြင့်သန်း (ရွှေအိမ်တော်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
(၂) ဦးခင်မောင်လွင်-ဒေါ်မြမြစိန် (ခေတ်သစ်စာပေ)
(၃) ဒေါ်မာလာရီ မိသားစု (ကင်းဘဲလမ်း၊ ဗဟန်း)
(၄) ဦးမျိုးငြိမ်း-ဒေါ်ခင်မာချို (အင်းယားမြိုင်၊ ဗဟန်း)
(၅) ဒေါ်စုစုလှိုင် (မစု) (သံလွင်လမ်း၊ ဗဟန်း)




### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)ရန်ပြေ၊ မြေကွက်အမှတ်-၄၂/က၊ မြေကွက်တည်နေရာအမှတ်- ၄၂/က၊ သုမနလမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဘရင်[၁၂/သကတ(နိုင်)၁၂၇၃၃၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ တရားလို ဒေါ်သန်းသန်းအေးမှ ၂၀၁၆ခုနှစ်၊ တရားမကြီးမှု အမှတ်-၂ ဖြင့် တရားပြိုင် ဦးဘရင်အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၄-၅-၂၀၁၆ ရက် စီရင်ချက်၊ အနိုင်ဒီကရီနှင့် ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၃၊ နေ့စဉ်မှတ်တမ်းတို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်သင်းသင်းလှိုင်[၁၂/ဒလန(နိုင်)၀၃၆၉၄၄]မှ တရားရုံးအမိန့်၊ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် (၂)ထပ်တိုက်တစ်လုံးရှိပြီး တရားနိုင် ဒေါ်သန်းသန်းအေး နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

